# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၆၄)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာ ၃ ရက်၊ ဗုဒ္ဓဟူးနေ့။


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် လာအိုနိုင်ငံနှစ်ပတ်လည်နေ့ သဝဏ်လွှာများပေးပို့

နေပြည်တော် ဒီဇင်ဘာ ၂

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်နေ့တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတည်ထောင်သည့် (၃၉)နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူမာလီ ဆိုင်ညဆွန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

# မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းသည် မရှိမဖြစ်လိုအပ်သည့်အပြင် ရေရှည်မျှော်တွေးပြီး ထူထောင်ရန်ဖြစ်




နေပြည်တော် ဒီဇင်ဘာ ၂

ကိုရီးယား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) မှ အကူအညီပေးမည့် ကျေးရွာသစ်စီမံကိန်းအကောင်အထည်ဖော်ရေးနှင့် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း (MDI) တည်ထောင်ရေးစီမံကိန်း နှစ်ခုအတွက် ပူးတွဲဖိုရမ်ကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သမ္မတနှင့်အတူ ဒုတိယသမ္မတ ဦးညွန့်မောင်း... 

ဦးဉာဏ်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) မှ တာဝန်ရှိသူများ၊ ကျေးရွာသစ်စီမံကိန်း အကောင်အထည်ဖော်ရေးနှင့် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်း (MDI) မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ကျင်းပသည့် ကိုရီးယား-မြန်မာ ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းနှစ်ခုဖြစ်သည့်

စာမျက်နှာ ၈ ကော်လံ ၁ ✺

**"ကျေးရွာအဖွဲ့အစည်း၏ ဝါယမစိုက်ထုတ် ကြိုးပမ်းမှုများအပေါ် အောင်မြင်မှုရှိသည့် ကျေးရွာကို အစိုးရက ထပ်မံပံ့ပိုးကူညီသွားသည့် လုပ်ငန်းစဉ်ဖြစ်"**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာ ဂိုခွန်အား စပါးပန်းချီကားလက်ဆောင် အမှတ်တရပေးအပ်စဉ်။ (သတင်းစဉ်)

## မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေကြမ်း

စာမျက်နှာ » ၁၅၊ ၁၆၊ ၁၇

**ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

## မကြာမီဖွင့်လှစ်တော့မည့် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း

သတင်းဆောင်းပါး
တင်မောင်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မောင်မွေး

နေပြည်တော် ဒီဇင်ဘာ ၂

(၁၂)နှစ်ကြာ အချိန်ယူတည်ဆောက်သည့် မြန်မာနိုင်ငံ၏ ဒုတိယမြောက်ကွန်ကရစ် အာစီစီတမံအမျိုးအစား အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း၏ အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းများ ယခုအခါ ရာနှုန်းပြည့်နီးပါးပြီးစီးနေပြီး မကြာမီဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းရဲ့ အကောင်အထည်ဖော်မှုက ခုချိန်မှာ ရာနှုန်းပြည့်နီးပါး ၉၈ ဒသမ ၅ ရာခိုင်နှုန်း ပြီးစီးနေပါပြီ၊ မကြာခင်ဖွင့်လှစ်ပြီး နိုင်ငံတော်ရဲ့ ဓာတ်အားလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်တော့မှာပါ။ ဖြူးချောင်း ရေအားလျှပ်စစ်စီမံကိန်းနှင့် သောက်ရေခပ်(၂) ရေအားလျှပ်စစ်စီမံကိန်းတို့ဖွင့်ပြီးရင် အထက်ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်းကို ဆက်လက်ဖွင့်လှစ်သွားမှာပါ။ အမြန်ဆုံး ဖွင့်လှစ်နိုင်ဖို့အတွက် စက်ပိုင်းဆိုင်ရာ ကြိုတင်စမ်းသပ်မှုတွေဆောင်ရွက်ပြီးစီးနေပါပြီ။ မီးပေးမယ်ဆိုရင်

စာမျက်နှာ ၁၂ ကော်လံ ၄ ❐



အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း ပင်မတာမံကို တွေ့ရစဉ်။




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# ယဉ်ကျေးမှုအမွေအနှစ်များ ဝိုင်းဝန်းစောင့်ရှောက်

ကျွန်ုပ်တို့မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝသည့်နိုင်ငံဖြစ်သည့်အပြင် သမိုင်းမတင်မီခေတ်၊ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှုများမှသည် နှစ်ပေါင်း ၂၀၀၀ ဝန်းကျင်ကတည်းက မြို့ပြယဉ်ကျေးမှု အဆင့်အတန်း မြင့်မားခဲ့ပေသည်။ တစ်နိုင်ငံလုံးတွင် အနှံ့တည်ရှိနေသော အမွေအနှစ်များသည် မိမိတို့၏အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ဖော်ပြနေသကဲ့သို့ နောင်မျိုးဆက်သစ်များအထိ ဆက်လက်တည်တံ့နေစေရန် အတွက်လည်း အဘက်ဘက်က ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက် လျက်ရှိပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်သမ္မတဦးသိန်းစိန်က နိုဝင်ဘာ ၂၉ ရက် ပျူရှေးဟောင်းမြို့သုံးမြို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းသို့ အောင်မြင်စွာ ထည့်သွင်းနိုင်အောင် ဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြုပွဲအခမ်းအနား၌ ယခုကဲ့သို့ အဖိုးမဖြတ်နိုင်သည့် မြို့ဟောင်းကြီးများ၊ အဆောက်အအုံကြီးများ၊ ရှေးဟောင်းဝတ္ထုပစ္စည်းများကို ခေတ်အဆက်ဆက်က သမိုင်းပညာရှင်ကြီးများ၊ စာပေပညာရှင်ကြီးများ၊ သုတေသီများက ဖွဲ၊ လုံ့လ၊ ဝီရိယကြီးစွာဖြင့် ဖော်ထုတ်ထိန်းသိမ်းလာကြသကဲ့သို့ ဒေသခံပြည်သူများကလည်း ဝိုင်းဝန်းစောင့်ရှောက်ထိန်းသိမ်းခဲ့သည်။ ယခုအချိန်အထိ မျက်ဝါးထင်ထင် တွေ့မြင်လေ့လာနိုင်ကြခြင်းဖြစ်ပါကြောင်း စသည်ဖြင့်ပြောကြားခဲ့ပါသည်။

ယဉ်ကျေးမှု အမွေအနှစ်များကို မြန်မာပြည်သူများသာမက ကမ္ဘာကသိအောင် တန်ဖိုးထားလာအောင် ဝိုင်းဝန်းစောင့်ရှောက်ပေးနိုင်ခဲ့သော်လည်း ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ရေးအတွက် ဆောင်ရွက်နိုင်ရန် ၁၉၉၄ ခုနှစ်ကတည်းက ယူနက်စကို ကမ္ဘာ့ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပါသည်။

၁၉၉၆ ခုနှစ်တွင် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် သတ်မှတ်နိုင်ရေးအတွက် မြန်မာ့အမျိုးသား ယဉ်ကျေးမှုအမွေအနှစ် ရှစ်ခုကို အဆိုပြုစာရင်း UNESCO သို့ တင်သွင်းခဲ့ရာ ၂၀၁၀ ပြည့်နှစ်တွင် အဆိုပြုစာရင်းများအနက် အလွန်ရှေးကျသည့် ပျူမြို့ဟောင်း သုံးမြို့ကို ဦးစွာတင်သွင်းရန် ရွေးချယ်ခဲ့ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဟန်လင်းမြို့၊ မကွေးတိုင်းဒေသကြီး မကွေးခရိုင် မိဿနိုးမြို့နှင့် ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သရေခေတ္တရာ ပျူမြို့ဟောင်းသုံးမြို့ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် တင်သွင်းခဲ့ရာ ဇွန်လက ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပခဲ့သော (၃၈)ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ညီလာခံတွင် ဤမြို့ဟောင်းသုံးမြို့ကို အမွေအနှစ် စာရင်းဝင်အဖြစ် အတည်ပြုသတ်မှတ်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်မှစတင်၍ အီတလီနိုင်ငံ UNESCO အဖွဲ့၏ကူညီမှုနှင့်အတူ ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးဆောင်ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ပညာရှင်များတို့၏ ဝိုင်းဝန်းကြိုးပမ်း အားထုတ်မှု၏ရလဒ်ပင် ဖြစ်သည်။

ဤကဲ့သို့ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် သတ်မှတ်နိုင်ခြင်းကပင် မြန်မာတစ်မျိုးသားလုံးအတွက် ဂုဏ်ယူစရာဖြစ်ပါသည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို မြှင့်တင်ပေးလိုက်ခြင်းလည်းဖြစ်ပါသည်။ သို့ပါ၍ ယဉ်ကျေးမှု အမွေအနှစ်များ ဆက်လက်တည်တံ့နိုင်စေရန် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည် ဖြစ်ပါကြောင်း။

## ပြည်တွင်းသတင်း

# ပိုးလမ်းမကြီးစီမံကိန်းအတွက် အခြေခံအဆောက်အအုံတည်ဆောက်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် အစည်းအဝေးခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး Mr. Yang Chuan Tang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ပိုးလမ်းမကြီး စီမံကိန်းအတွက် လိုအပ်သော အခြေခံအဆောက်အအုံ တည်ဆောက်ရေးကိစ္စရပ်များ၊ ရွှေလီ - ကျောက်ဖြူကားလမ်းကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့ (၁)မှ တည်ဆောက်နေသော ထန်းတပင်-လမုတန်း-လှည်းဆိပ်လမ်းပေါ်ရှိ အရှည် ၂၂၇၈ ပေ၊ ၈ လက်မ ကုက္ကိုဝမြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး ထန်းတပင်ဘက်ကမ်းတွင် Bored Pile တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တံတားလုပ်ငန်း ဆောင်ရွက်စဉ် ချဉ်းကပ်လမ်းမြေကြီး လုပ်ငန်းများကို တစ်ပါတည်း ဆောင်ရွက်ရန်တို့ကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒဂုံအရှေ့ပိုင်းမြို့နယ်နှင့် ရွှေပေါက်ကံမြို့နယ်တို့ကို ဆက်သွယ်သည့် အရှည် ၇၉၄ ပေ ရွှေပေါက်ကံတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရွှေပေါက်ကံဘက်ကမ်းတွင် တံတားတိုင် လုပ်ငန်းများဆောင်ရွက်နေမှု၊ ကမ်းကပ်ခံလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဒဂုံဘက်ကမ်းတွင် Bored Pile တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

# ရေတွင်းတူးရာမှ ရှေးဟောင်းကြေးလက်ကောက်တစ်ကွင်းတွေ့ရှိ

**စဉ့်ကိုင် ဒီဇင်ဘာ ၂**

စဉ့်ကိုင်မြို့နယ် တောမကျေးရွာအနီး ကျောက်ဆည်တက္ကသိုလ်၏ အနောက်ဘက် နှစ်ဖာလုံခန့်အကွာ မင်းရဲမြောင်း၏အရှေ့ဘက်ပေ ၂၀၀ ခန့်အကွာရှိ အောင်စားဥယျာဉ်အတွင်း၌ သောက်သုံးရေအတွက် ရေချိုတွင်းတူးဖော်ရာ ရှေးဟောင်းကြေးလက်ကောက်တစ်ကွင်း တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါလက်ကောက်ရရှိသူမှာ တောမကျေးရွာမှ ဒေါ်ခင်စန်းမိုး ဆိုသူဖြစ်ပြီး ရရှိသောလက်ကောက်မှ အနုပညာလက်ရာများအရ ပုဂံခေတ်နှောင်းပိုင်းနှင့် အင်းဝခေတ်မတိုင်မီကာလမှ လက်ရာများဟု ယူဆရကြောင်း၊ အလေးချိန် နှစ်ကျပ်သားကျော်ခန့်ရှိကြောင်း၊ အဆိုပါမြေမှာ ဘိုးဘွားပိုင်ဥယျာဉ်ခြံမြေ ဖြစ်ပြီး ကျောက်ဆည်တက္ကသိုလ် ပေါ်ထွန်းလာပြီးနောက် တက္ကသိုလ်အဝင်ကားလမ်းဘေးရှိ အဆိုပါဥယျာဉ်မြေအတွင်း စားသောက်ဆိုင် ဖွင့်လှစ်ရောင်းချခဲ့ကြောင်း၊ နွေရာသီကာလ မင်းရဲမြောင်းအတွင်း ရေပြတ်ချိန်တွင် သောက်ရေသုံးရေ အခက်အခဲကို ဖြေရှင်းနိုင်ရန် ရေချိုတွင်းတူးဖော်ရာမှ တွေ့ရှိခြင်းဖြစ်ကြောင်း၊ ရှေးဟောင်းယဉ်ကျေးမှု ထိန်းသိမ်းရန် တာဝန်ရှိသူများက အလိုရှိပါက အပ်နှံသွားမည်ဖြစ်ကြောင်း၊ ထိုသို့ လာရောက် ဆက်သွယ်သူမရှိပါကလည်း ဖန်စီပစ္စည်းတစ်ခုအဖြစ် ရွှေရည်စိမ်ခိုင်းပြီး အလှဝတ်ဆင်သွားရန် ရည်ရွယ်ထားကြောင်း လက်ကောက်ရရှိသူ ဒေါ်ခင်စန်းမိုးက ပြောကြားသည်။



(၁၆၀)




# ဝက်ခေါင်းကျေးရွာတွင် ကွန်ကရစ်တံတားဆောက်လုပ်

**မြေပုံ ဒီဇင်ဘာ ၂**

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနက လမ်းများ၊ တံတားများ ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ မြောက်ဦးခရိုင် မြေပုံမြို့နယ် ဝက်ခေါင်းကျေးရွာတွင် အကျယ်ပေ ၂၀၊ အကျယ် ၁၂ ပေရှိသော သံကူကွန်ကရစ်တံတားတစ်စင်းကို ဆောက်လုပ်ပေးလျက်ရှိသည်။

အဆိုပါတံတား ဆောက်လုပ်နေမှုများကို ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ မြောက်ဦးခရိုင်ဦးစီးမှူး ဦးဦးချစ်မောင်၊ မြေပုံမြို့နယ်ဦးစီးမှူး ဦးမောင်တင်အောင်၊ မြေပုံမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့မှ တာဝန်ရှိသူများ၊ ဝက်ခေါင်းကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့မှ တာဝန်ရှိသူများနှင့် ဝက်ခေါင်းကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့မှ တာဝန်ရှိသူများ ပါဝင်သောအဖွဲ့သည် နိုဝင်ဘာ ၂၆ ရက်က သွားရောက်ကွင်းဆင်း စစ်ဆေးပြီး တံတား အမြန်ဆုံးဖွင့်လှစ်နိုင်ရေးအတွက် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ မြန်မြန်ဆန်ဆန် ပြီးစီးအောင် ဆောင်ရွက်ကြရန်မှာကြားခဲ့ကြသည်။

အဆိုပါ တံတားကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်မှ ငွေကျပ် ၁၀ သန်းခွင့်ပြုပေးထားကြောင်း သိရသည်။

ကိုကြီးစော



ပြည်တွင်းသတင်း



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယ်သာလန်နိုင်ငံ သံအမတ်ကြီးအား တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဗန်ကောက်မြို့အခြေစိုက် နယ်သာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ယိုအန်ဘူးရ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မြစ်ကြောင်းထိန်းသိမ်းရေး၊ ရေချိုထိန်းသိမ်းရေးလုပ်ငန်းများနှင့် ရေအရင်းအမြစ်ထိန်းသိမ်းရေးလုပ်ငန်းများတွင် အကူအညီပေးရေးဆိုင်ရာများ၊ တန်ဖိုးမြင့် စိုက်ပျိုးရေးထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး၊ ရေသယံဇာတစီမံခန့်ခွဲမှု ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ ဦးဉာဏ်ထွန်းအောင်၊ ဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယ်သာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ယိုအန်ဘူးရ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

---

**※ ရှေ့ဖုံးမှ**

အလားတူ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၉) နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ သွန်ဆင်းသမာဗောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုဝန်ကြီးဦးဝဏ္ဏမောင်လွင် လာအိုနိုင်ငံတည်ထောင်သည့် နှစ်ပတ်လည်သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၉)နှစ်မြောက် နှစ်ပတ်လည် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ထောင်လွန်းဆီဆုလစ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

**(သတင်းစဉ်)**

---

# မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ လုပ်ငန်းညှိနှိုင်း

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ တက္ကသိုလ် စိန်ရတုအစည်းအဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျင်းပမည့် လွတ်လပ်ရေးနေ့ အခမ်းအနား၌ မြန်မာနိုင်ငံ ကင်းထောက် လူငယ်မောင်မယ်များ ပါဝင်ချီတက် အလေးပြုရေး၊ ဒီဇင်ဘာလ နောက်ဆုံးပတ်အတွင်း နေပြည်တော်၌ ဂျပန်နိုင်ငံ အမျိုးသမီး ကင်းထောက်အဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့ဝင်များ စခန်းသွင်းလေ့ကျင့်ခြင်းများဆောင်ရွက်ရေး၊ တက္ကသိုလ်များ၌ ယခု ပညာသင်နှစ်အတွင်းမှစ၍ တက္ကသိုလ်အလိုက် ကင်းထောက်အဖွဲ့များ စတင်ဖွဲ့စည်းရေးတို့ကို ကဏ္ဍအလိုက်၊ သက်ဆိုင်ရာအပိုင်းအလိုက် ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြသည်။

ယနေ့ကျင်းပသည့် ကင်းထောက်အဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ပညာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ (ယာယီ) ဥက္ကဋ္ဌ ဦးတင်ညိုနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင် ကင်းထောက်ကြီးများ၊ အမျိုးသမီးကင်းထောက်ချုပ် ဒေါ်တင်လှကြည်၊ ဒုတိယကင်းထောက်ချုပ် ဒေါ်ခင်စောဥမ္မာနှင့် အမျိုးသမီးကင်းထောက်ကြီးများ၊ ကင်းထောက်လူငယ် မောင်မယ်များနှင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**ခင်ချိုဝင်း**



---

# ပြည်သူ့အကျိုးစီးပွားဖွံ့ဖြိုးရေးကဏ္ဍအလိုက် လုပ်ငန်းစဉ်များရေးဆွဲနေ



**နေပြည်တော် ဒီဇင်ဘာ ၂**

Seminar in Myanmar for International Networking for Coal Industry Activation 2014 ဆွေးနွေးပွဲကို နေပြည်တော် Royal ACE ဟိုတယ်၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားသို့ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်အောင်၊ ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်၊ ကိုရီးယားနိုင်ငံ MIRECO မှ Mr. Choi Seung Jin၊ Korea Coal Corporation မှ Mr. Seok Keun Woo၊ Korea Midland Power Corporation မှ Mr. Song Da Hye၊ Korea Institute of Geoscience and Mineral Resources မှ Mr.Kim Byoung Gon၊ သတ္တုတွင်းဝန်ကြီးဌာန၊ လက်အောက်ရှိ ဦးစီးဌာန/လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများ၊ ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ "ကိုရီးယားနိုင်ငံ သတ္တုတွင်းများ ပြန်လည်ထူထောင်ရေး ကော်ပိုရေးရှင်း (MIRECO) နှင့် မြန်မာနိုင်ငံ သတ္တုတွင်းဝန်ကြီးဌာနတို့အကြား Mine Reclamation ဆိုင်ရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှု ဆွေးနွေးပွဲ ကျင်းပနိုင်ခြင်းအတွက် လွန်စွာ ကောင်းမွန်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် ကျောက်မီးသွေးကဏ္ဍနှင့် စပ်လျဉ်း၍ သုံးသပ်နိုင်ရန်၊ စွမ်းအင်လုံခြုံမှုနှင့် စွမ်းအင်လိုအပ်ချက်ပြည့်ဝစေရန်၊ ကျောက်မီးသွေးအသုံးပြုမှုကြောင့် ပတ်ဝန်းကျင်ထိခိုက်စေခြင်းနှင့် ဖန်လုံအိမ်အာနိသင်ဖြစ်ပေါ်မှုတို့ကို လျှော့ကျစေ၍ အပြန်အလှန် အကျိုးရှိစေသော ဆက်သွယ်မှုတစ်ရပ် ထူထောင်နိုင်ရန်၊ မြန်မာ့သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပါကြောင်း၊ ဆွေးနွေးပွဲကို အကြောင်းပြု၍ တက်ရောက်လာသူများအကြား Network တစ်ခု ထူထောင်သွားရန်နှင့်နိုင်ငံတကာ၏ သတ္တုကဏ္ဍ အင်အားတောင့်တင်းလာစေရန် မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ပြည်သူ့အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက် မြင့်မားစေရေးအတွက် လုပ်ငန်းကဏ္ဍအလိုက် မဟာဗျူဟာ လုပ်ငန်းစဉ်များ ချမှတ်ရေးဆွဲ ဆောင်ရွက်နေသည့် ကာလဖြစ်ပါကြောင်း၊ ကိုရီးယားနိုင်ငံနှင့်မြန်မာနိုင်ငံအကြား သတ္တုကဏ္ဍပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ပါစေကြောင်း" ဖြင့် ပြောကြားသည်။ **(အပေါ်ဝဲပုံ)**

ထို့နောက် MIRECO မှ Mr.Choi Seung Jin က ဆွေးနွေးပွဲ အစီအစဉ်နှင့် ပတ်သက်ပြီးရှင်းလင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

# (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် ဗိုလ်ရှုခံအခမ်းအနား နေပြည်တော်၌ကျင်းပမည် သတင်းရယူမည့်မီဒီယာသမားများ မှတ်ပုံတင်ဆောင်ရွက်နိုင်

**နေပြည်တော် ဒီဇင်ဘာ ၂**

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားနှင့် ဗိုလ်ရှုခံအခမ်းအနားကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်သည်။

သတင်းတက်ရောက်ရယူလိုသည့်မီဒီယာသမားများအနေဖြင့် မှတ်ပုံတင်ခြင်းလုပ်ငန်းကို **ဒီဇင်ဘာ ၁ ရက်မှ ၂၀ ရက်အထိ** ဆောင်ရွက်ရန်ဖြစ်ပြီး ကိုယ်ရေးအချက်အလက်အကျဉ်း၊ ပတ်စ်ပို့ဓာတ်ပုံသုံးပုံနှင့်အတူ ပေးပို့ဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနများအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း - ၀၆၇-၄၁၂၁၂၅၊ ၀၆၇-၄၁၂၁၂၆ ၊ ဖက်စ် ၀၆၇-၄၁၂၁၂၄ ၊ email-adnews 2014 @ gmail.com သို့လည်းကောင်း၊ ပြည်တွင်းစာနယ်ဇင်းများအနေဖြင့် ဖုန်း- ၀၆၇-၄၁၂၀၀၂ ၊ ၀၆၇-၄၁၂၁၈၇ ၊ email-myintkyaw 103 @ gmail .com သို့လည်းကောင်း ဆက်သွယ်ပေးပို့ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

**နိုင်ငံဘက်စုံတည်ဆောက်ရေး မှန်မှန်ကန်ကန် အခွန်ပေး**

နိုင်ငံတကာသတင်း

# ဖတ်သူပုန်လက်မှ ပြန်လွတ်လာသော ဗိုလ်ချုပ်ကြီး ရာထူးမှနုတ်ထွက်



**ဘိုကိုတာ ဒီဇင်ဘာ ၂**

တနင်္ဂနွေနေ့က ဖတ်သူပုန် ပြန်လွှတ်ပေးလိုက်သော ကိုလံဘီယာ ဗိုလ်ချုပ်ကြီး ရူဘင်ဒါရီယို အော်ဇာတေးသည် လက်နက်ကိုင်အဖွဲ့မှ နုတ်ထွက်သွားပြီဖြစ်သည်။

ဗိုလ်ချုပ်ကြီး အော်ဇာတေးနှင့် အဖော်နှစ်ဦးကို လွန်ခဲ့သောသီတင်းနှစ်ပတ်က ထိန်းချုပ်ဒေသတစ်ခု၌ ရေကြောင်းမှ ခရီးသွားစဉ် ပြန်ပေးဆွဲခံရခြင်းဖြစ်သည်။ အဆိုပါ ဗိုလ်ချုပ်ကြီးပြန်ပေးဆွဲခံရမှုအပေါ် သမ္မတ ဂျူအန်မာနူးဆန်တို့က လုံခြုံရေးတပ်ဖွဲ့ကို ဖြေရှင်းချက်တောင်းဆိုထားသည်။

ဗိုလ်ချုပ်ကြီးအော်ဇာတေးကဝင်းအနေဖြင့် လုံခြုံရေး အစီအမံထားရှိဆောင်ရွက်မှု ပေါ့လျော့မိခဲ့ကြောင်း ဝန်ခံပြောကြားသည်။ ဖတ်သူပုန်အဖွဲ့က အဆိုပါ ဗိုလ်ချုပ်ကြီးအား ဖတ်သူပုန်အဖွဲ့တက်ကြွလှုပ်ရှားရာ အမှတ် ၃၄ ဒေသ ချိုကိုပြည်နယ် တောနက်တစ်ခုအတွင်း ပြန်ပေးဆွဲသွားခဲ့ခြင်းဖြစ်သည်။ ဗိုလ်ချုပ်ကြီးသည် အာထရိုဘို မြစ်တစ်လျှောက် လှေဖြင့်သွားလာရာတွင် အရပ်ဝတ် အဝတ်အစားများ ဝတ်ဆင်ထားခဲ့ကြောင်း သိရသည်။ "ဒီဖြစ်စဉ်က တပ်မတော်ကို ထိခိုက်စေပါတယ်။ ဒီအတွက် အစိုးရထံ ရာထူးမှနုတ်ထွက်ခွင့်တောင်းခဲ့ပါတယ်"ဟု သတင်းစာရှင်းလင်းပွဲ၌ ၎င်းကပြောသည်။ " ဗိုလ်ချုပ်ကြီး နုတ်ထွက်မှုဟာ တပ်မတော်အတွက်တော့ ဆုံးရှုံးမှုတစ်ရပ်ပါပဲ"ဟု ဗိုလ်ချုပ်ကြီး၏ နုတ်ထွက်လွှာကို လက်ခံလိုက်သော သမ္မတဆန်တို့က ပြောသည်။ **(ဘီဘီစီ)**

# တူရကီနှင့်ရုရှားတို့ ဆီးရီးယားရှိ အကြမ်းဖက်အုပ်စုများကို တိုက်ခိုက်ရန် သဘောတူ

**အစ္စတန်ဘူလ် ဒီဇင်ဘာ ၂**

အာရပ်ကမ္ဘာတွင် ပဋိပက္ခနှင့် ပတ်သက်ပြီး မတူကွဲပြားသော အမြင်များရှိသော်လည်း တူရကီနှင့် ရုရှားတို့သည် ဆီးရီးယားရှိ တပ်ခ်ဖရီအကြမ်းဖက်များကို ပူးပေါင်းစစ်ဆင်ရန် သဘောတူခဲ့ကြောင်း တူရကီသမ္မတ အာဒိုဂမ်က ပြောခဲ့သည်။

မိမိတို့သည် အာရပ်ကမ္ဘာရှိ အကြမ်းဖက် အုပ်စုများအပေါ် ရုရှားနှင့် တူညီသော အမြင်များရှိကြောင်း တနင်္လာနေ့က ရုရှားသမ္မတ ဘလာဒီမာပူတင်နှင့် ပြုလုပ်သော ပူးတွဲသတင်းစာရှင်းလင်းပွဲ၌ တူရကီ သမ္မတက ပြောကြားခဲ့သည်။



အကြမ်းဖက် နှိမ်နင်းရေးနှင့် ပတ်သက်ပြီး တူရကီနှင့် ရုရှားတို့တွင် မည်သည့်ပြဿနာမှ မရှိကြောင်း တူရကီသမ္မတ အာဒိုဂမ်က ပြောသည်။ မိမိတို့သည် ဆီးရီးယားနိုင်ငံတွင် မည်သည့်အကြမ်းဖက်မှုမှ အလိုမရှိသကဲ့သို့ အကြမ်းဖက်သမားများ အင်အားကြီးမားလာခြင်းကိုလည်း အလိုမရှိကြောင်း ရုရှားသမ္မတ ပူတင်က ပြောကြားသည်။

ယခင်က မော်စကိုက ဆီးရီးယားအစိုးရကို ထောက်ပံ့မှုများ ပြုလုပ်နေချိန်တွင် အန်ကာရာက ဆီးရီးယားအစိုးရကို ဆန့်ကျင်နေသောကြောင့် တူရကီနှင့် ရုရှားတို့သည် ဆီးရီးယားနိုင်ငံရှိ ပဋိပက္ခများနှင့်ပတ်သက်ပြီး ကွဲပြားခြားနားသော အမြင်များရှိသည်။ ဆီးရီးယားတွင် ဖြစ်ပေါ်နေသော အကျပ်အတည်းဒုက္ခများကို အဖြေရှာရမည်ဖြစ်ကြောင်း၊ သို့သော်လည်း ၎င်းအဖြေရှာခြင်းကိုလည်း ဆီးရီးယားပြည်သူများ ကိုယ်တိုင် ပြုလုပ်သင့်ကြောင်း ရုရှားသမ္မတ ပူတင်က ပြောသည်။ **(ပရက်စ်တီဗွီ)**

# အိုင်အက်စ်ခေါင်းဆောင်၏ ဇနီးနှင့်သားကို လက်ဘနွန်တပ်မတော်က ဖမ်းဆီးခဲ့

**ဘေရွတ် ဒီဇင်ဘာ ၂**

အိုင်အက်စ်ခေါင်းဆောင် အဘူဘက်ကရယ်လ် ဘက်ဟာဒီ၏ ဇနီးနှင့်သားကို လက်ဘနွန်တပ်မတော်က ဖမ်းဆီးခဲ့ကြောင်းဒေသတွင်း သတင်းစာက အင်္ဂါနေ့တွင် ဖော်ပြခဲ့သည်။

ယင်းသတင်းစာတွင် နယ်စပ်စစ်ဆေးရေးဂိတ်တစ်ခု၌ အဆိုပါခေါင်းဆောင်၏ သားများအနက် တစ်ယောက်နှင့်ဇနီးများအနက် တစ်ယောက်ကို လက်ဘနွန်ထောက်လှမ်းရေးသမားများက နိုင်ငံခြား ထောက်လှမ်းရေးများနှင့် ပူးပေါင်းကာ ဖမ်းဆီးခဲ့ခြင်းဖြင့် အိုင်အက်စ်အုပ်စုကို လက်ဦးမှုရယူခဲ့ကြောင်း ဖော်ပြခဲ့သည်။

အဆိုပါ အမျိုးသမီးနှင့် ၎င်း၏သားသည် စာရွက်စာတမ်းအတုများဖြင့် လက်ဘနွန်နိုင်ငံအတွင်း ခရီးသွားလာနေစဉ် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဩဂုတ်လကလည်း Arsal နယ်စပ်မြို့ရှိ လက်ဘနွန်တပ်မတော် အခြေစိုက်စခန်းကို အိုင်အက်စ်အုပ်စုနှင့် အယ်လ်ခိုင်ဒါဆက်နွယ်သော နူဆရာတပ်ဦးမှ သေနတ်သမားများက တိုက်ခိုက်ခဲ့သည်။ ငါးရက်ကြာတိုက်ခိုက်မှုများ ပြုလုပ်ပြီးနောက် သေနတ်သမားများသည် တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင် ၂၈ ဦးထက်မနည်းကို ဓားစာခံအဖြစ် ဖမ်းဆီးကာ ဆီးရီးယားသို့ ဆုတ်ခွာသွားခဲ့သည်။ ၎င်းနောက် နူဆရာတပ်ဦးက ဓားစာခံနှစ်ဦးကို ကွပ်မျက်ခဲ့ရာ အိုင်အက်စ်တို့က အခြားတစ်ဦးကို ခေါင်းဖြတ်သတ်ခဲ့သည်။

လက်ဘနွန်အစိုးရနှင့် ဘာသာရေးအုပ်စုများအကြား ဓားစာခံများပြန်လွှတ်ပေးရေးဆိုင်ရာ ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။ အိုင်အက်စ်တပ်ဖွဲ့ဝင်များသည် အီရတ်နှင့်ဆီးရီးယားရှိ နယ်မြေအတော်များများကို သိမ်းယူခဲ့ပြီး ၎င်းတို့ပိုင်နက်မြေအဖြစ် ကြေညာခဲ့သည်။ **(ဆင်ဟွာ)**

## အီဘိုလာရိုက်ခတ်မှုဒဏ် အဆိုးရွားဆုံးခံစားရသည့်နိုင်ငံများ ၂၀၁၄ ဂျီဒီပီတန်ဖိုးကျဆင်းလာ

**ဝါရှင်တန်ဒီစီ ဒီဇင်ဘာ ၂**

အီဘိုလာဖြစ်ပွားမှု အဆိုးရွားဆုံး ခံစားနေရသည့် လိုက်ဘေးရီးယား၊ ဆီရာလီယွန်နှင့် ဂီနီနိုင်ငံများ၌ ၎င်းတို့၏ အသားတင်ထုတ်လုပ်မှု(ဂျီဒီပီ) တန်ဖိုးကျဆင်းလာကြောင်း၊ အီဘိုလာကူးစက်မှုကြောင့် စီးပွားရေးကျဆင်းမှု ဆက်တိုက်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ကမ္ဘာ့ဘဏ်က ပြောသည်။

အနောက်အာဖရိကဥ္စ အီဘိုလာ သက်ရောက်မှု အကျိုးဆက်အနေဖြင့် ဖြစ်ပေါ်လာသည့် စီးပွားရေးအခြေအနေကို ခန့်မှန်းရန် ကမ္ဘာ့ဘဏ်ဥက္ကဋ္ဌ ယင်းနိုင်ငံများသို့ နှစ်ရက်ကြာအလည်အပတ်ခရီးသွားပြီးနောက် အဆိုပါ တင်ပြချက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ယင်းသုံးနိုင်ငံ၌ အီဘိုလာကြောင့် ၅၉၈၇ ဦး သေဆုံးခဲ့ပြီးဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)က ဆိုသည်။

ကမ္ဘာ့ဘဏ်၏ နောက်ဆုံးတင်ပြချက်အရ အဆိုပါသုံးနိုင်ငံတွင် ၂၀၁၄ ခုနှစ် ပထမနှစ်ဝက်အထိ အသားတင်ထုတ်လုပ်မှုတန်ဖိုး လျင်မြန်စွာတိုးတက်မှုရှိခဲ့ကြောင်း သိရသည်။ ကမ္ဘာ့ဘဏ်အနေဖြင့် တိုးတက်မှုနှုန်းအနုတ်သဘောဆောင်နေသော ဂီနီနှင့် ဆီရာလီယွန်နိုင်ငံများအတွင်း ၂၀၁၅ ခုနှစ်အတွက် စီမံကိန်းများ လုပ်ဆောင်လျက်ရှိသည်။ **(ဘီဘီစီ)**

# အင်အားပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မော်ရိုကိုတွင် ရေကြီးမှုဖြစ်ပွားပြီး ၁၁ဦးသေဆုံး

**ရာဘတ် ဒီဇင်ဘာ ၂**

မော်ရိုကိုနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၁၁ ဦး သေဆုံးခဲ့ကြောင်း သိရှိရသည်။ အဆိုပါဖြစ်စဉ်သည် အင်အားပြင်းမုန်တိုင်းကြောင့် လူ ၃၆ ဦးသေဆုံးခဲ့ပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြစ်ချောင်းများ ရေလျှံပြီး ပျက်စီးဆုံးရှုံးမှုများရှိကြောင်း၊ အထူးသဖြင့် မော်ရိုကိုနိုင်ငံ ဂူရယ်မင်ဒေသတွင် ပျက်စီးဆုံးရှုံးမှုအများဆုံးဖြစ်ကြောင်း ရုပ်မြင်သံကြားသတင်းတစ်ရပ်က တနင်္လာနေ့တွင် ထုတ်ပြန်ခဲ့သည်။

မော်ရိုကိုနိုင်ငံ၏ အနားယူအပန်းဖြေစရာ မြို့တော် အဂ္ဂဒါသည်လည်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သောကြာနေ့မှ တနင်္ဂနွေနေ့အထိ မိုးရေချိန်လက်မ ၂၅၀ မီလီမီတာအထိ ရောက်ရှိပြီး ယင်းမှာ တစ်နှစ်စာ မိုးရွာသွန်းမှုနှင့်ညီမျှသော မိုးရေချိန်ဖြစ်ကြောင်း သိရသည်။

အိုးအိမ်ပေါင်းများစွာလည်း ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ပြီး ကျေးရွာပေါင်း ၂၅၀ တွင်လည်း ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ကြောင်း သိရသည်။

လွန်ခဲ့သော ရက်သတ္တပတ်က ရေကြီးမှုကြောင့် အနည်းဆုံး ၁၅ ဦး သေဆုံးပြီး အခြား ၂၁၄ ဦးကယ်တင်ခဲ့ရကြောင်း သိရသည်။

ရုတ်တရက်ရေကြီးခြင်းများသည် မော်ရိုကိုနိုင်ငံတွင် အဖြစ်များပြီး စက်တင်ဘာလက ရေကြီးမှုကြောင့် နိုင်ငံတောင်ပိုင်းတွင် ကလေးငယ်လေးဦးရေထဲသို့ မျောပါသွားခဲ့ပြီး သေဆုံးခဲ့သည်။ **(ပရက်စ်တီဗွီ)**



# ကင်ညာမြောက်ပိုင်း ကျောက်ကျင်းလုပ်သား ၃၆ ဦးအား အယ်လ်ရှာဘတ်စစ်သွေးကြွများက ပစ်သတ်

**မန်ဒရာ ဒီဇင်ဘာ ၂**

ကင်ညာနိုင်ငံမြောက်ပိုင်း မန်ဒရာမြို့အနီး၌ ကျောက်ကျင်းအလုပ်သမား ၃၆ ဦးအား သေနတ်သမားများက ပစ်သတ်လိုက်ကြောင်း အကူအလုပ်သမားများနှင့် တာဝန်ရှိသူများက ပြောသည်။ သေနတ်သမားများက မွတ်ဆလင်မဟုတ်သူများကို ခွဲထုတ်ပြီး ပစ်သတ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံများက ပြောသည်။

ဆိုမာလီအခြေစိုက် အယ်လ်ရှာဘတ်အုပ်စုမှ စစ်သွေးကြွများသည် လွန်ခဲ့သော သီတင်းပတ်က အဆိုပါနေရာ၌ မွတ်ဆလင်မဟုတ်သူများကို ပစ်မှတ်ထားပြီး ဘတ်စ်ကားတစ်စီးကို တိုက်ခိုက်ခဲ့ရာ ၂၈ ဦး သေဆုံးခဲ့သည်။ ကျောက်ကျင်းအလုပ်သမားများကို အင်္ဂါနေ့အစောပိုင်းက အဆိုပါနေရာ၌ပင်တိုက်ခိုက်ခဲ့သည်။ သေဆုံးသူများကို ထိုနေ့ညက ကျောက်ကျင်းတဲများ၌အိပ်ပျော်နေစဉ် ဖမ်းဆီးခေါ်ဆောင်သွားပြီး ပစ်သတ်ခဲ့ခြင်းဖြစ်သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောသည်။

အဆိုပါ တိုက်ခိုက်မှုသည် မန်ဒန်မြို့မှ ၁၅ မိုင်အကွာ ကော်မေးအရပ် ကျောက်ကျင်းတစ်ခု၌ အလုပ်သမားများအား ပစ်မှတ်ထား၍ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

သေဆုံးသူအများစုသည် ခေါင်းကို သေနတ်ဖြင့် ပစ်သတ်ခံရခြင်းဖြစ်ပြီး လေးဦးမှာ ခေါင်းဖြတ်သတ်ခံရသည်ဟု မျက်မြင်တွေ့ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် ရိုက်တာသတင်းဌာနက ပြောသည်။

အယ်လ်ရှာဘတ်အဖွဲ့သည် ၂၀၁၁ ခုနှစ်ကတည်းက ကင်ညာနိုင်ငံ၌ လှုပ်ရှားနေသောအဖွဲ့ဖြစ်ပြီး ကင်ညာတပ်ဖွဲ့ဝင်များကို စစ်သွေးကြွများအား တိုက်ထုတ်ရန် အဆိုပါ ဒေသသို့ စေလွှတ်ထားသည်။

**(ဘီဘီစီ)**

## ပြည်တွင်းသတင်း



# ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း နယ်သာလန်နိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံတော်ဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာယိုအန်ဘူးရ်အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်သူ့လွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မြန်မာနိုင်ငံတော်ဆိုင်ရာ နယ်သာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာယိုအန်ဘူးရ်အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

# မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းအလှူငွေနှင့် စာအုပ်စာစောင်လှူဒါန်းပွဲ ကျင်းပမည်

မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းသည် နိုင်ငံတစ်ဝန်းလုံး၌ ဖွင့်လှစ်ထားရှိသော စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အားပေးကူညီဆောင်ရွက်လျက် ရှိပါသည်။ ထိုကဲ့သို့ စာကြည့်တိုက်များ ထောက်ပံ့ကူညီနိုင်ရေးအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ အလှူငွေနှင့် စာအုပ်စာစောင်လှူဒါန်းပွဲအခမ်းအနားကို ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၆ ရက် နံနက် ၁၀ နာရီတွင် ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ အမှတ်(၂၂၈) သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပါဝင်လှူဒါန်းလိုကြသော စေတနာရှင်ပြည်သူများသည် အောက်ပါလိပ်စာသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

(၁) ညွှန်ကြားရေးမှူး(ထုတ်လုပ်)
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ဖုန်း-၀၁-၃၇၁၃၄၂၊၂၀၁၉၃၆

(၂) မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း
ဖုန်း -၀၁-၃၉၈၇၅၆

✪ *ကျောဖုံးမှ*

ထက်မနည်း ပြင်ဆင်ပြောင်းလဲခဲ့သည့် အပြင် နိုင်ငံတကာ လူ့အခွင့်အရေး စံချိန်စံညွှန်းများကို ကျင့်သုံးကာ လူမျိုးပေါင်းစုံ ယဉ်ကျေးမှုပေါင်းစုံနှင့် ပြည့်ဝသော လူ့ဘောင်အဖွဲ့အစည်း တစ်ခုကိုလက်ခံနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

“ဒုတိယကမ္ဘာစစ်မှာ နော်ဝေဟာ သိမ်းပိုက်ခြင်းခံရတဲ့ နိုင်ငံဖြစ်ပြီး ဆင်းရဲခဲ့ပါတယ်။ ကျွန်တော်ကလေးဘဝမှာ ကိုယ့်တိုင်းပြည် ပြင်ပမှာ နေထိုင်ခဲ့ရပါတယ်။ ၁၉၄၅ ခုနှစ်နောက်ပိုင်း မျိုးဆက်သစ်လူ့ဘောင်အဖွဲ့အစည်းကို တစ်နိုင်ငံလုံးအားနဲ့ မြှင့်တင်ဖို့ ကြိုးစားခဲ့ကြပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ သဘာဝသယံဇာတတွေကို သတိကြီးကြီးနဲ့ စီမံခန့်ခွဲနိုင်ခဲ့ပြီး ရေရှည်တည်တံ့တဲ့ ရင်းနှီးမြှုပ်နှံမှုတွေဖြစ်တဲ့ ပညာရေးနဲ့ ကျန်းမာရေးနယ်ပယ်ကို အများဆုံးမြှင့်တင်ခဲ့တာဖြစ်ပါတယ်” ဟု နော်ဝေဘုရင် ဟာရယ်က ထည့်သွင်းပြောကြားသည်။


နော်ဝေနိုင်ငံမှ စွမ်းအင်ထုတ်လုပ်ရေးနှင့် ကျေးလက်ဒေသ လျှပ်စစ်ဓာတ်အားရရှိနိုင်ရေးအတွက် နည်းပညာနှင့် ကျွမ်းကျင်မှုများ၊ အထောက်အကူများ မျှဝေပေးသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအတွင်း တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်သွားရန်ရှိကြောင်း၊ ဆက်သွယ်ရေး၊ အချက်အလက်နှင့် နည်းပညာကဏ္ဍများအတွင်း ဆက်လက်ပူးပေါင်းသွားမည်ဖြစ်ပြီး သစ်ပင်နှင့် သတ္တဝါ ရှားပါးမျိုးစိတ်များ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးအတွက်လည်း ပံ့ပိုးမည့် အစီအစဉ်များ လုပ်ဆောင်မည်ဖြစ်သည်။

“နော်ဝေက ပညာရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံတာကို အလွန်အားပေးတာတွေ့ရတယ်။ ကျွန်တော်တို့အနေနဲ့လည်း ရန်ကုန်တက္ကသိုလ်အပါအဝင် တက္ကသိုလ်တွေကို အဆင့်မြှင့်တင်နေပါတယ်။ နော်ဝေနိုင်ငံအနေနဲ့ ယခင်က ပံ့ပိုးတာတွေရှိပါတယ်။ ကျောင်းသားကျောင်းသူတွေအတွက် သုတေသနလုပ်ငန်းတွေကို နိုင်ငံတကာအဆင့်မီ ဆောင်ရွက်နိုင်ဖို့အတွက် ရန်ကုန်တက္ကသိုလ်အပါအဝင် နည်းပညာတက္ကသိုလ်တွေနဲ့ ရေကြောင်းတက္ကသိုလ်တွေမှာ သုတေသနဆိုင်ရာ မြှင့်တင်ခြင်းတွေကို ပူးပေါင်းလုပ်ကိုင်သွားမှာဖြစ်တယ်” ဟု ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူကလည်း ပြောကြားသည်။

အဆိုပါ အခမ်းအနားအတွင်း နော်ဝေဘုရင် ဟာရယ်က ဒီမိုကရေစီနိုင်ငံအသွင်ကူးပြောင်းစတွင် ကြုံတွေ့ရမည့် အခက်အခဲများကို နော်ဝေမှ နားလည်လက်ခံကြောင်း ပြောကြားခဲ့ပြီး ထိုအနက် ငြိမ်းချမ်းရေးဖြစ်စဉ်သည် အကြီးမားဆုံး စိန်ခေါ်မှုဖြစ်နေကြောင်း၊ အချိန်ပေး တည်ဆောက်ရမည်ဖြစ်ကြောင်း အကြံပြုထားသည်။

“ကျွန်မတို့အနေနဲ့ နိုင်ငံတကာက အထောက်အပံ့ကောင်းတွေ ရလာတာကို ကြိုဆိုပါတယ်။ ကျေးဇူးလည်းတင်ပါတယ်။ ပြင်ပကနေ နိုင်ငံရဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနေကြရတဲ့ အခက်အခဲအားလုံးကိုတော့ကြည့်နိုင်မယ်လို့ မထင်မြင်မိပါဘူး။ သို့သော် သူတို့ဆီက အကူအညီတွေက ကျွန်မတို့အတွက် လိုအပ်နေပါတယ်။ အဓိကအားဖြင့်တော့ နော်ဝေဘုရင်မင်းမြတ် ပြောခဲ့သလို ပညာရေးကဏ္ဍနဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးတွေမှာ မျှော်လင့်ထားပါတယ်။ ဒီမိုကရေစီဖော်ဆောင်ရေးကတော့ ကျွန်မတို့ နိုင်ငံတွင်းက လူသားအားလုံးရဲ့ ကြိုးပမ်းမှုကို အခြေတည်ရမှာဖြစ်ပါတယ်”ဟု စာရေးဆရာမ သန်းမြင့်အောင်က ပြောသည်။

ရေရှည်တည်တံ့သည့် ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက်



**ဒုတိယနှစ် ရုက္ခဗေဒကျောင်းသူ မကေသွယ်။**

မျှော်မှန်းချက်အကောင်အထည်ဖော်ရာတွင် သဘောကွဲလွဲမှုများရှိနိုင်ပြီး အခက်အခဲများကို ရှိုးဖြောင့်သော နည်းလမ်းများဖြင့် စစ်မှန်သော မိတ်ဆွေတစ်ဦးကဲ့သို့ နော်ဝေနိုင်ငံက မြန်မာနိုင်ငံသို့ အကူအညီကောင်းများ ပေးအပ်သွားမည်ဖြစ်ကြောင်း နော်ဝေဘုရင်က မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

“ကျွန်တော်က ကပ္ပတိန်တစ်ဦးဖြစ်လို့ နော်ဝေကို ရောက်ခဲ့ဖူးပါတယ်။ ကမ္ဘာပေါ်မှာ လူ့အခွင့်အရေးဆိုင်ရာ လုံခြုံစိတ်ချရမှုတွေနဲ့ နေပျော်စရာအကောင်းဆုံး နိုင်ငံတွေထဲမှာ နော်ဝေလည်း ပါဝင်တယ်။ ကျန်းမာရေး၊ အလုပ်အကိုင်နဲ့ ပညာရေးမှာ ပြည်သူတွေကို ထိပ်တန်းဂရုစိုက်တဲ့ နိုင်ငံတစ်ခုဖြစ်တယ်။ အခုဆိုရင် ကျွန်တော်တို့ အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံတယ်။ MPC က ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနဲ့ ဦးစိုးသိန်းတို့လည်း တက်ရောက်ကြတာ တွေ့ရပါတယ်။ နော်ဝေဘုရင်ရဲ့ မိန့်ခွန်းအတွင်းမှာလည်း ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်တဲ့ နည်းလမ်းအချို့ကို သူ့နိုင်ငံနဲ့ နှိုင်းယှဉ်ပြောပေးသွားလို့ အထောက်အပံ့ကောင်းတွေရတယ်လို့မြင်ပါတယ်” ဟု အခမ်းအနားသို့ တက်ရောက်လာသော သင်္ဘောကပ္ပတိန် ဦးအောင်ကျော်က ပြောကြားသည်။

အခမ်းအနားအတွင်း နော်ဝေဘုရင်က မြန်မာနိုင်ငံအတွင်းမှ ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ဆုရန်ပုံငွေ မတည်ထားကြောင်း ထုတ်ပြန်ကြေညာသည်။ ရန်ကုန်တက္ကသိုလ်သမိုင်းဘာသာ အဓိကကျောင်းသားဟောင်း ကရင်အမျိုးသားဒေးဗစ်တော၏ လူလူချင်း ငြိမ်းချမ်းစွာ အတူတကွ ယှဉ်တွဲနေထိုင်ရမည့် မျှော်မှန်းချက် စိတ်ကူးကို ဂုဏ်ပြုသောအားဖြင့် ဒေးဗစ်တောပညာသင်ဆုကို ပေးအပ်မည်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ သမိုင်းနှင့် လူမှုရေးဘာသာရပ်များကို ရန်ကုန်တက္ကသိုလ်နှင့်ပူးပေါင်းကာ လေ့လာနိုင်ရန် အခွင့်အလမ်းများ ပေးအပ်မည်ဖြစ်သည်။

နော်ဝေမှ အဆိုပါပညာသင်ဆုအပြင် အခြားသောနော်ဝေတက္ကသိုလ်များတွင် စကောလားရှစ်ပညာသင်ကြားရေးအစီအစဉ်များကိုလည်း မြန်မာကျောင်းသားများအတွက် ရွေးချယ်ပေးအပ်သွားမည်ဖြစ်ကြောင်း ဘုရင်ဟာရယ်က ပြောကြားသည်။

“ပညာသင်ဆုတွေ ပေးအပ်မယ်ဆိုတော့ အလွန်ကောင်းပါတယ်။ ပညာရေးနဲ့ပတ်သက်လာရင် အစစအရာရာ ကူညီပံ့ပိုးကြတဲ့အခါ ကျောင်းသားလူငယ်တွေအတွက် အခွင့်အလမ်းတွေ အများကြီးထွက်ပေါ်လာတယ်။ အခုလို ဆရာမတို့ရဲ့ ရန်ကုန်တက္ကသိုလ်ကြီးမှာ နိုင်ငံရပ်ခြားက နိုင်ငံတော်အမြင့်ဆုံးအဆင့် ပုဂ္ဂိုလ်တွေ လာရောက်ဟောပြောတာကို ဂုဏ်ယူတယ်”ဟု ရန်ကုန်တက္ကသိုလ်မှ ဆရာမတစ်ဦးဖြစ်သူ ဒေါ်ဖြူဖြူထွန်းက ပြောသည်။

ယနေ့တွင် ရန်ကုန်တက္ကသိုလ်ပရဝဏ်အတွင်း စည်ကားလျက်ရှိသည်။ ကျောင်းသားရေးရာဌာနသို့ ဒုတိယနေ့ကျောင်းအပ်ရက် ကျောင်းလာရောက်အပ်နှံသူ ပထမနှစ်ကျောင်းသား ကျောင်းသူများအဖို့ နော်ဝေ၏ ပညာရေးမြှင့်တင်ပေးမည့်ကတိစကားများသည် အားဆေးသဖွယ်ဖြစ်သည်။

“ရန်ကုန်တက္ကသိုလ်မှာ တက်ရောက်ခွင့်ရတာ ဂုဏ်ယူပါတယ်။ ပွဲကို တက်ရောက်ခွင့်ရတာလည်း သမီးတို့အတွက် အခွင့်အရေးတစ်ရပ်ပါ။ စကောလားရှစ်ရပြီး နိုင်ငံခြားမှာ ပညာတော်သင်သွားဖို့အတွက်က သမီးရဲ့ မျှော်လင့်ချက်ပါ။ ဖြစ်လာပါစေလို့ ဆုတောင်းပါတယ်” ဟု ရန်ကုန်တက္ကသိုလ် ဒုတိယနှစ် ရုက္ခဗေဒ ကျောင်းသူ မကေသွယ်က မျိုးဆက်သစ်များကို ပြန်လည်မွေးထုတ်ပေးရင်း သက်ဝင်လှုပ်ရှားလာပြီဖြစ်သော ဘွဲ့နှင်းသဘင်ခန်းမကြီးကို တစ်ချက်လှမ်းကြည့်ရင်းပြောကာ စာသင်ခန်းရှိရာသို့ ထွက်ခွာသွားတော့သည်။

**(မြန်မာ့အလင်း)**

## စာပေမြင့်မှ လူမျိုးတင့်မည်

### ပြင်ဆင်ဖတ်ရှုပါရန်

၂-၁၂-၂၀၁၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၅ တွင်ပါရှိသည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲအစီအစဉ်၏ တွဲဖက်ဒါရိုက်တာ ဦးအောင်နိုင်ဦးနှင့် တွေ့ဆုံမေးမြန်းသတင်း ကော်လံ ၅ ၌ KNLA အစား TNLA ဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **(သတင်းစဉ်)**


အာရှဘောလုံးအဖွဲ့ချုပ်(AFC)၏ အသိအမှတ်ပြု လက်မှတ်ရ နည်းပြများကိုယ်တိုင် အခြေခံဘောလုံးပညာနှင့် ကလေးများအတွက် လိုအပ်သည့် ကျန်းမာကြံ့ခိုင်ရေး အတွက် တစ်ဦးချင်း ဂရုတစိုက် သင်ကြားပေးပါမည်။

ယနေ့ ခေတ်မှာ သင့်သားသမီးတွေ
ဘက်စုံ ထူးချွန်သူတစ်ဦး ဖြစ်ဖို့လိုပါတယ်။

YANGON UNITED SCHOOL OF FOOTBALL LEVEL 1 COURSE

Starting Date : 8th December, 2014
Time : 7:00 ~ 8:30 AM
Duration : 1 Month
Every week - Monday, Wednesday, Friday.

Call us : U Thu Ra Swe
PH: 09 42000 30 82
Office Hour: 10:00 AM~ 5:00 PM

ENROLL NOW!!


YANGON UNITED SCHOOL of FOOTBALL

ဆောင်းပါး

# မြန်မာနိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဖြစ်သည့် အလံတင်အခမ်းအနားနှင့် ဗိုလ်ရှုသဘင်

ကျော်ငြိမ်း(မြန်မာသမိုင်းအဖွဲ့)နှင့်
ဒေါက်တာထွန်းထွန်းဦး(သမိုင်းသုတေသနနှင့်
အမျိုးသားစာကြည့်တိုက်ဦးစီးဌာန)

**မြန်မာပဒေသရာဇ် ရတနာပုံခေတ် (၁၈၅၂-၁၈၈၅) နောက်ဆုံးမင်းဖြစ်သော သီပေါမင်း (အေဒီ၁၈၇၈-၁၈၈၅) ကို ဗြိတိသျှတို့က အိန္ဒိယနိုင်ငံ မဒရပ်သို့ ခေါ်ဆောင်သွားခြင်းဖြင့် ကုန်းဘောင်ခေတ် (အေဒီ၁၇၅၂-၁၈၈၅) နိဂုံးချုပ်ခဲ့ရပြီး ထိုအချိန်မှစ၍ မြန်မာတစ်နိုင်ငံလုံး ဗြိတိသျှကိုလိုနီဘဝရောက်ခဲ့ရလေတော့သည်။ ထိုမှအစပြု၍ တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုအားဖြင့် နှစ်ပေါင်း (၆၀)ကျော် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့မှစ၍ လွတ်လပ်ရေးရခဲ့ပြီး လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ရလေသည်။**



၁၉၅၈ ခုနှစ် (၁၀)နှစ်မြောက် လွတ်လပ်ရေးအောင်ပွဲသဘင် အခမ်းအနားတွင် နိုင်ငံတော်သမ္မတကြီး ဦးဝင်းမောင်က ဂုဏ်ပြုတပ်ဖွဲ့အား လိုက်လံစစ်ဆေးစဉ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရသောနေ့ဖြစ်သည့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ တွင် လွတ်လပ်ရေးကြေညာလိုက်သောအခါ အတွင်းဝန်ရုံးများအတွင်း လွှတ်တော်အဆောက်အအုံရှေ့ရှိ အလံတိုင်ထိပ်၌ လွတ်လပ်ရေးမရမီအချိန်ထိ လွှင့်ထူထားသော ဗြိတိသျှတို့၏ ယူနီယံဂျက်အလံသည် တိုင်ခြေရင်းသို့ တဖြည်းဖြည်း လျှောဆင်းလာရပြီးနောက် မြန်မာနိုင်ငံတော်အလံသည် ဝင့်ကြွားစွာဖြင့် တိုင်ထိပ်သို့ တလူလူ တလွင့်လွင့် မြင့်တက်လာခဲ့ရာ ကြည့်ရှုသူ မြန်မာတိုင်းရင်းသားများ ရင်တလှပ်လှပ်နှင့် ကြက်သီးမွေးညင်းများ ထလုသည်အထိ အလွန်စိတ်အားတက်ကြွဖွယ်ရာဖြင့် ဂုဏ်ယူဝင့်ကြွားခဲ့ကြသည်။ မည်သည့်အတွက်ကြောင့် ဤသို့ဖြစ်ရသနည်း။

**အလံဟူသည် ရင့်ကျက်နက်နဲသော အဓိပ္ပာယ်ကိုဆောင်သည့် အမှတ်အသားတစ်ခု ဖြစ်သည်။ အလံတော်သည် နိုင်ငံတစ်နိုင်ငံ၏ အုပ်ချုပ်ရေးအာဏာအားကိုယ်စားပြုထားသည်ကို တွေ့မြင်နိုင်သည်။ နိုင်ငံတော်အလံ စိုက်ထူလွှင့်တင်ရာအရပ်၌ အုပ်ချုပ်ခွင့်အာဏာသက်ရောက်နေသည့် သဘောကိုလည်းဆောင်သည်။ တစ်နည်းအားဖြင့်ဆိုရလျှင် နိုင်ငံတော်အလံသည် သက်ဆိုင်ရာနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှုကို သရုပ်ဆောင်သည်။ အချုပ်အခြာ အုပ်စိုးပိုင်ခွင့်အာဏာကို စေစား၍ ဖြန့်ကြက်ရာ အမှတ်အသားလည်းဖြစ်သည်။ ပြည်သူ ပြည်သားများနှင့်တကွ တိုင်းနိုင်ငံတစ်ခုလုံးကို ကိုယ်စားပြုရာလည်းဖြစ်၏။ နိုင်ငံအတွက် ဆောင်ရွက်ဖွယ်ကိစ္စအဝဝတို့တွင် အလံကို လွှင့်တင်၍ စီရင်ဆောင်ရွက်မြဲဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အလံကို ထိပါးစော်ကားမှုသည် နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှုကို ထိပါးစော်ကားခြင်းဟု ယူဆကြလေသည်။ သို့အတွက် နိုင်ငံတော်အလံသည် အထူးအထွေ အမွန်အမြတ်ထားအပ်သော နိုင်ငံတော်၏ အဆောင်အယောင်တစ်ရပ်ဖြစ်ပြီး ဂုဏ်ပြုလေးစားမှုကို ခံယူရသော နိုင်ငံ၏ ပစ္စည်းတစ်ရပ်လည်းဖြစ်ပေသည်။**

ထို့ကြောင့် လွတ်လပ်ရေးရသည့်နေ့ မြန်မာနိုင်ငံတော်အလံကို လွှင့်ထူရာ၌ မြန်မာတိုင်းရင်းသားအားလုံး ကိုယ်စိတ်နှလုံး ကြည်နူးပီတိဖြာဝေ ဂုဏ်ယူခဲ့ကြခြင်းဖြစ်သည်။ အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုလျှင် နေ့စဉ်နံနက် ၄ နာရီခန့် တိန်အန်မင်ရင်ပြင်တော်၌ အလံတော်လွှင့်ထူခြင်း အခမ်းအနားကို ကျင်းပကြရာ ပြည်သူများသာမက နိုင်ငံခြားသားများကပါ လာရောက်ကြည့်ရှုရသော အခါသမယလည်းဖြစ်သည်ကို တွေ့ရခြင်းအားဖြင့် မည်မျှတန်ဖိုးထားသည်ကို မြင်တွေ့နိုင်ပေသည်။

မြန်မာခေါင်းဆောင်ကြီးများ၏ အမျိုးမျိုးသော ကြိုးပမ်းမှုတို့ကြောင့် ရရှိခဲ့သော လွတ်လပ်ရေးကို တည်တံ့ခိုင်မြဲစေရန်နှင့် ပြည်ထောင်စုကြီး တိုးတက်ဖွံ့ဖြိုးစေရန်သည် ပြည်ထောင်စုသားအားလုံး၏ တာဝန်ဖြစ်သည်နှင့်အညီ မမေ့မလျော့ကြစေရန် သတိပေးနှိုးဆော်သည့်အနေဖြင့် နှစ်စဉ်ထိုနေ့တွင် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပွဲများ ဆင်ယင်ကျင်းပကြသည်။

ထိုအထိမ်းအမှတ်ပွဲများတွင် များသောအားဖြင့် လွတ်လပ်ရေးကျောက်တိုင်၌ စုဝေးကြ၍ ပြည်ထောင်စု တည်မြဲရေးတိုးတက်ရေးကို မမေ့မလျော့ ဆောင်ရွက်ရန် အဓိဋ္ဌာန်များ ပြုလုပ်လေ့ရှိကြသည်။ ပျော်ပွဲရွှင်ပွဲနှင့် ပြပွဲပြိုင်ပွဲ အမျိုးမျိုးကိုလည်း တခမ်းတနား ဆင်ယင်ကျင်းပကြ၍ အစိုးရကလည်း နိုင်ငံ၏တာဝန်ကို ထူးချွန်စွာ ထမ်းဆောင်သူတို့အား ဘွဲ့ထူးဂုဏ်ထူးနှင့် ဆုလာဘ်များ ပေးအပ်ချီးမြှင့်လေသည်။

ထို့ကြောင့် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည့်နေ့သည် မင်္ဂလာအပေါင်းနှင့် ခညောင်းသော နေ့ထူးနေ့မြတ်တစ်ရပ်ဖြစ်သည်နှင့်အညီ အလံတင်အခမ်းအနားကို နှစ်စဉ် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ ထိုသို့ တန်ဖိုးထားဂုဏ်ပြုလေးစားရသော အလံတင်အခမ်းအနားကို တခမ်းတနား ကျင်းပရုံသာမက ယင်းနေ့ထူးနေ့မြတ် အထိမ်းအမှတ် အခမ်းအနားအဖြစ် လွတ်လပ်ရေးအောင်ပွဲ၊ လွတ်သဘင်အခမ်းအနားကိုလည်း ကျင်းပခဲ့ကြသည်။

**လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားကို ပထမဆုံးအကြိမ်အဖြစ် ၁၉၄၈ ခုနှစ်တွင် ရန်ကုန်မြို့ အတွင်းဝန်များရုံး လွှတ်တော်အဆောက်အအုံရှေ့၌ ကျင်းပခဲ့သည်။ ဆက်လက်၍ နံနက် ၆း၃၀ နာရီတွင် အလုံလမ်း ဘုရင်ခံအိမ်တော်ရှေ့၌ ဒုတိယအကြိမ် အလံတင်အခမ်းအနား ကျင်းပပြီး ပြည်ထောင်စုအလံ လွှင့်တင်ပြီးနောက် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံတွင် လွတ်လပ်ရေးကျောက်တိုင် အုတ်မြစ်ချခဲ့သည်။ လွတ်လပ်ရေးကျောက်တိုင် တည်ဆောက်ပြီးစီးသည့်နောက်ပိုင်း အလံတော်လွှင့်ထူခြင်း အခမ်းအနားကို လွတ်လပ်ရေးကျောက်တိုင်ရှေ့ရှိ အလံတိုင်၌ လွှင့်ထူ၍ ဝင့်ကြွားစွာ ကျင်းပခဲ့ကြသည်။ ထိုမှစ၍ နှစ်စဉ်နှစ်တိုင်းလွတ်လပ်ရေး အထိမ်းအမှတ် အခမ်းအနားများကို တော်လှန်ရေးကောင်စီခေတ် (၁၉၆၂-၁၉၇၄) တိုင်အောင် တစ်နှစ်ထက်တစ်နှစ် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ကြသည်။**

၁၉၄၈ ခုနှစ်မှစ၍ တော်လှန်ရေးကောင်စီ မတိုင်မီ ၁၉၆၂ ခုနှစ်အထိ (၁၄)နှစ်တာကာလအတွင်း မြန်မာနိုင်ငံတွင် စဝ်ရွှေသိုက် (၄ ဇန်နဝါရီ ၁၉၄၈-၁၂ မတ် ၁၉၅၂)၊ ဒေါက်တာဘဦး (၁၂ မတ် ၁၉၅၂-၁၁ မတ် ၁၉၅၇) နှင့် မန်းဝင်းမောင် (၁၁ မတ် ၁၉၅၇-၂ မတ် ၁၉၆၂) တို့က သမ္မတအဖြစ် ထမ်းဆောင်သွားခဲ့ကြသည်။ ယင်းတို့၏ သက်တမ်းကာလအတွင်း မြန်မာနိုင်ငံ၏ ပထမဆုံးသော သမ္မတဖြစ်သည့် သမ္မတ စဝ်ရွှေသိုက်ကာလ ၁၉၅၀ ပြည့်နှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်မူ **ဗိုလ်ရှုသဘင်**အခမ်းအနား စတင်ကျင်းပခဲ့သည်ကို တွေ့ရှိရသည်။ ယင်းမတိုင်မီ ၁၉၄၉ ခုနှစ်တွင် ရန်ကုန်မြို့ အင်းစိန်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်နေဝင်းအား တပ်မတော်သားများက ချီတက်အလေးပြုသည့် ဗိုလ်ရှုခံ အခမ်းအနား ကျင်းပခဲ့သည်ကို တွေ့ရသည်။ ထို့ကြောင့် မြန်မာစာအဖွဲ့မှ ထုတ်ဝေသော မြန်မာ-အင်္ဂလိပ်အဘိဓာန်ကျမ်းတွင် ဗိုလ်ရှုခံ၏ အဓိပ္ပာယ်ကို "royal audience given to generals" ဟု ဖွင့်ဆိုထားခြင်းဖြစ်ပေမည်။ သို့သော် ဗိုလ်ရှုခံ၏ အဓိပ္ပာယ်နှင့် ကွဲလွဲသော ဗိုလ်ရှုသဘင်၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်ကျမ်းတွင် "မင်းကေရာဇ်က သေနာပတိ စသည်တို့ကို ကြည့်ရှုစစ်ဆေးသောအခမ်းအနား" ဟူ၍ ဖွင့်ဆိုထားသည်။ သို့အတွက် သမ္မတစဝ်ရွှေသိုက်မှ မန်းဝင်းမောင်အထိ လွတ်လပ်ရေးနေ့ အခမ်းအနားကို အလေးအနက်ထားသောအားဖြင့် နိုင်ငံတော်သမ္မတကြီးအား မြန်မာနိုင်ငံရှိ တပ်ပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံက ဂုဏ်ယူစွာ ချီတက်အလေးပြုခဲ့ကြခြင်း ဖြစ်လေသည်။

သမ္မတ စဝ်ရွှေသိုက်ကာလအတွင်း ၁၉၅၂ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့အထိ လွတ်လပ်ရေးအောင်ပွဲကို ကျင်းပခဲ့ကြရာတွင် ပထမဦးစွာ ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအတွင်းရှိ လွတ်လပ်ရေးမော်ကွန်းကျောက်တိုင်ရှေ့ရှိ အလံတိုင်၌ ပြည်ထောင်စုအလံကို လွှင့်ထူပြီး နိုင်ငံတော်သီချင်း တီးမှုတ်အလေးပြုကြကာ တပ်မတော်မှ အမြောက်များ ပစ်ဖောက်၍ ဂုဏ်ပြုခဲ့ကြသည်။ ယင်းနောက် ဗိုလ်ရှုသဘင်အခမ်းအနားကို ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပခဲ့သည်ကို တွေ့ရသည်။

**နိုင်ငံတော်သမ္မတကြီး အဂ္ဂမဟာသရေစည်သူ ဒေါက်တာဦးဘဦးကာလတွင် ပထမဆုံးသော လွတ်လပ်ရေးအောင်ပွဲအခမ်းအနားကို ၁၉၅၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ရန်ကုန်မြို့ ဗန္ဓုလပန်းခြံအတွင်းတွင် ကျင်းပရာ နံနက် ၄ နာရီ ၁၇ မိနစ် အချိန်တွင် စည်တော်များ စတင်ရွှမ်းလေသည်။ နံနက် ၄ နာရီ ၁၉ မိနစ်အချိန်တွင် ပြည်သူ့ သူနာပြုတီးဝိုင်းမှ အမျိုးသားသီချင်းကို စတင်တီးမှုတ်ရာ အောင်ပွဲကော်မတီဥက္ကဋ္ဌက အလံတော်ကို လွှင့်ထူရန် အလံစကို ကိုင်ထားလေသည်။ နံနက် ၄ နာရီ မိနစ် ၂၀ တွင် အမြောက်တစ်ချက် ပစ်ဖောက်လိုက်သည်နှင့် တစ်ပြိုင်နက် ကော်မတီဥက္ကဋ္ဌ ဝန်ကြီးသည် နိုင်ငံတော်အလံကို လွတ်လပ်ရေးမော်ကွန်းကျောက်တိုင်ရှေ့ရှိ အလံတိုင်ထိပ်သို့ လွှင့်ထူလိုက်လေသည်။ ထိုအချိန်တွင်ပင် ရပ်ကွက်တိုင်း၌လည်း နိုင်ငံတော်အလံကို လွှင့်ထူအလေးပြုကြသည်။ သေနတ်သံ၊ ဗြောက်အိုးသံ၊ သံချောင်းခေါက်သံ စသည်တို့သည်လည်း တစ်ခဲနက် မြိုင်ဆိုင်စွာ ထွက်ပေါ်လာလေတော့သည်ကို ကြားသိရခြင်းအားဖြင့် နိုင်ငံတော်ကြီးအား မည်မျှဂုဏ်ယူ တန်ဖိုးထားသည်ကို သိရှိနိုင်ပေသည်။**

နိုင်ငံတော်သမ္မတကြီးသည် နံနက် ၇း၃၀ နာရီတိတိတွင် နေအိမ်မှ အတွင်းဝန်၊ အိမ်တော်ဝန်၊ ကိုယ်ရံတော်များ ခြံရံလျက် ရန်ကုန်မြို့ မြို့တော်ခန်းမသို့ ထွက်ခွာလာရာ၌ ခန်းမရှေ့အရောက် အမြောက် ၃၁ ချက် ပစ်ဖောက်ကာ အလေးပြုကြသည်။ နိုင်ငံတော်သမ္မတကြီး ကြွမြန်းလာရာ လမ်းတစ်လျှောက်တွင်လည်း ကျောင်းသားကျောင်းသူများနှင့် လူထုပရိသတ်တို့က နိုင်ငံတော်အလံများအား ဝှေ့ယမ်းပြီး သမ္မတကြီးအား သက်တော်ရာကျော် ရှည်ပါစေဟု ကြွေးကြော်ကြသကဲ့သို့ နိုင်ငံတော်သမ္မတကြီးကလည်း ပြန်လည်နှုတ်ဆက်သည်ကို တွေ့ရသည်။ နိုင်ငံတော်သမ္မတကြီး မြို့တော်ခန်းမရှေ့ရောက်သောအခါ အလေးပြုခံယူရန် သီးသန့်ပြုလုပ်ထားသောစင်မြင့်သို့ တက်ရောက်ပြီး ကိုယ်ရံတော်တပ်၏ အလေးပြုခြင်းကို ခံယူကာ ကိုယ်ရံတော်တပ်ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ဗိုလ်ရှုသဘင်မဏ္ဍပ်သို့ ဆက်လက် သွားရောက်သောအခါ လူထုပရိသတ်က မတ်တတ်ရပ် အလေးပြုကြပြီးနောက် လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားကို ဖွင့်လှစ်ကြောင်း ကြေညာကာ နိုင်ငံတော်သမ္မတကြီးအား အလေးပြုကြလေသည်။ ယင်းနောက် လွတ်လပ်ရေးအတွက် အသက်စွန့် ကြိုးပမ်းသွားခဲ့ကြသူ အာဇာနည်များအား အလေးပြုကြပြီး နိုင်ငံတော်သမ္မတကြီးက လွတ်လပ်ရေး မိန့်ခွန်း မိန့်ကြားလေသည်။ **မိန့်ခွန်း ပြောကြားပြီးသောအခါ တပ်ပေါင်းစုံနှင့် ပြည်သူ့ဝန်ထမ်းများပါဝင်သော လူထုပရိသတ်က နိုင်ငံတော်သမ္မတကြီးရှေ့မှောက်တွင် "ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပါမည်" အစချီသော အဓိဋ္ဌာန်(၄)ချက်ကို ရွတ်ဆိုကြလေသည်။ ထိုသို့ ရွတ်ဆိုပြီးနောက် နိုင်ငံတော်သမ္မတကြီးသည် တပ်ပေါင်းစုံနှင့် ပြည်သူ့ဝန်ထမ်းများ၏ ချီတက်အလေးပြုခြင်းကို ခံယူသည်။ ထို့နောက် လွတ်သဘင် ဗိုလ်ရှုခံသဘင်အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်လေသည်။**

ထိုသို့ လွတ်လပ်ရေးအောင်ပွဲကို နှစ်စဉ်နီးပါး ရန်ကုန်မြို့ ဗန္ဓုလပန်းခြံအတွင်းရှိ လွတ်လပ်ရေးမော်ကွန်းကျောက်တိုင်ရှေ့ရှိ အလံတိုင်၌ နိုင်ငံတော်အလံ လွှင့်ထူသည့် အခမ်းအနား ကျင်းပလာခဲ့ရာမှ ၁၉၅၄ ခုနှစ်တွင် ဗိုလ်ရှုသဘင် အခမ်းအနားကို ရန်ကုန်မြို့ မြို့တော်ခန်းမရှေ့၌ ကျင်းပသည်ကို မတွေ့ရတော့ချေ။ ယင်းနေရာအစား ရန်ကုန်မြို့ ပြည်လမ်း ရွှေတိဂုံစေတီ အနောက်ဘက်မုခ်တည့်တည့်၌ ဗိုလ်ရှုခံခန်းမ ဆောက်လုပ်ခဲ့သည်။ ဗိုလ်ရှုခံခန်းမ ဆောက်လုပ်ပြီးစီးသည့် ၁၉၅၄ ခုနှစ်မှ အစပြုကာ ၄-၁-၁၉၅၄ ခုနှစ် လွတ်လပ်ရေးအောင်ပွဲသဘင်မှ စတင်၍ နှစ်ပတ်လည် လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားများကို ပြည်လမ်း ဗိုလ်ရှုခံခန်းမရှေ့သို့ ရွှေ့ပြောင်းကျင်းပခဲ့ကြပြီး နိုင်ငံတော်သမ္မတကို အသင်းအဖွဲ့ အသီးသီးက ချီတက်အလေးပြုခဲ့ကြသည်ကို တွေ့ရသည်။

ယင်းသို့ နိုင်ငံတော်သမ္မတကြီး အဂ္ဂမဟာသရေစည်သူ ဒေါက်တာဦးဘဦး ကာလတွင် ဗိုလ်ရှုသဘင် အခမ်းအနားကို ပြည်လမ်းသို့ ပြောင်းရွှေ့ကျင်းပခဲ့ကြပြီး သမ္မတ ဒေါက်တာဦးဘဦးနောက် ဆက်ခံသူ နိုင်ငံတော်သမ္မတကြီး မန်းဝင်းမောင်ကာလတွင်လည်း ပြည်လမ်းမှာပင် ဗိုလ်ရှုသဘင် စစ်ရေးပြအခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့သကဲ့သို့ ကျင်းပခဲ့ရာ ယခင်ကထက် ထည်ဝါခံ့ညားလာသည်ကို တွေ့ရသည်။

**ဤသို့ဖြင့် လွတ်လပ်ရေးရပြီးသည့်နောက် နှစ်စဉ်နှစ်တိုင်းလိုပင် လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားကို အလံလွှင့်ထူခြင်း၊ ဗိုလ်ရှုသဘင်ကျင်းပခြင်းများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့ရာ တော်လှန်ရေးကောင်စီလက်ထက် ၁၉၆၃ ခုနှစ်မှစ၍ ဗိုလ်ရှုသဘင်ကို ကျင်းပခြင်းမရှိတော့ပေ။ ထိုအချိန်မှစ၍ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဖြစ်သည့် အလံတင်အခမ်းအနားနှင့် ဗိုလ်ရှုသဘင်တို့နှင့် ကင်းကွာခဲ့ရသည်မှာ နှစ်ပေါင်း ၅၀ ကျော် ရှိခဲ့လေပြီ။ နောက်ပိုင်းတွင် ဗိုလ်ရှုခံခန်းမနှင့် သမ္မတအိမ်တော်တို့ကို ဖျက်၍ ယနေ့တွေ့မြင်နေရသော လွှတ်တော်အဆောက်အအုံ (ယနေ့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး)ကို ဆောက်လုပ်ခဲ့ပေတော့သည်။ များမကြာမီ ၂၀၁၅ ခုနှစ် လွတ်လပ်ရေးနေ့တွင် နှစ်ပေါင်း ၅၀ ကျော် ကင်းကွာခဲ့ရသော ဗိုလ်ရှုသဘင်ကို နေပြည်တော်တွင် ပြန်လည်မြင်တွေ့ရတော့မည်ဖြစ်သည်။** ။

ပြည်တွင်းသတင်း

# နော်ဝေနိုင်ငံ ဟာရယ်ဘုရင်နှင့် မိဖုရားဆွန်ယာ ရွှေတိဂုံစေတီတော်မြတ်အား လှည့်လည်ကြည့်ညို



**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံသို့ရောက်ရှိနေသော နော်ဝေနိုင်ငံပဉ္စမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရား ဆွန်ယာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညနေ ၅နာရီတွင် ရွှေတိဂုံစေတီတော်မြတ်သို့ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော် နော်ဝေနိုင်ငံဘုရင်သည် အာရုံခံတန်ဆောင်းရှိ ရွှေတိဂုံစေတီတော်ဧည့်သည်တော် မှတ်တမ်း၌ မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဧည့်သည်တော် နော်ဝေနိုင်ငံဘုရင်နှင့် မိဖုရားတို့သည် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးများဆက်ကပ်လှူဒါန်းကြ၍ ဂေါပကအဖွဲ့ထံ အလှူငွေများပေးအပ်လှူဒါန်းပြီး အဖွဲ့ဝင်များနှင့်အတူ စေတီတော်နှင့် ရင်ပြင်တော်ရှိ သာသနိကအဆောက်အအုံများအား လှည့်လည်ကြည့်ညိုကြသည်။ **(ယာပုံ)**

**(သတင်းစဉ်)**

# နော်ဝေဘုရင်နှင့်မိဖုရားတို့ ရန်ကုန်မြို့ရှိ တယ်လီနောရုံးချုပ်ကြည့်ရှု



နော်ဝေနိုင်ငံ ဟာရယ်ဘုရင်နှင့်မိဖုရားတို့ တယ်လီနောဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ ခင်းကျင်းပြသထားမှုနှင့် မှတ်တမ်းဓာတ်ပုံများ ကြည့်ရှုအားပေးစဉ်။

**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံ ရန်ကုန်မြို့၌ ရောက်ရှိနေသော ဧည့်သည်တော် နော်ဝေနိုင်ငံ ပဉ္စမမြောက်ဟာရယ်ဘုရင်နှင့် မိဖုရားဆွန်ယာတို့ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့်ဇနီး၊ နော်ဝေနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကျော်စွာမင်း၊ မြန်မာနိုင်ငံဆိုင်ရာ နော်ဝေနိုင်ငံ သံအမတ်ကြီး မစ္စအန်းအော်လီစတက်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် စက်မှု(၁)လမ်းရှိ တယ်လီနောရုံးချုပ်သို့ ရောက်ရှိကြရာ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြတ်ဟိန်းနှင့် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ ဧည့်သည်တော် နော်ဝေနိုင်ငံ ဟာရယ်ဘုရင်နှင့် မိဖုရားတို့အား Telenor Group CEO and President Jon Fredrik Baksaas နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံသို့ တယ်လီနောစတင်အခြေချပုံ၊ တယ်လီနောက မြန်မာနိုင်ငံတွင် ချမှတ်ထားသော ကုမ္ပဏီစည်းမျဉ်းစည်းကမ်းများ၊ ရည်ရွယ်ချက်များဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေ၊ မိမိတို့လုပ်ငန်းအပေါ် တာဝန်ယူမှု၊ တာဝန်သိမှုအပြည့်ဖြင့် ဆောင်ရွက်လျက်ရှိပုံ၊ လူထုနှင့် ဆက်သွယ်ဆောင်ရွက်ရာတွင်လည်း အပြည့်အဝတာဝန်ယူပုံ၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့၌ ဆင်းကတ်ရောင်းချနေပုံများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဧည့်သည်တော် နော်ဝေနိုင်ငံ ဟာရယ်ဘုရင်နှင့်မိဖုရားတို့သည် တယ်လီနောရုံးချုပ်ရှိ ဝန်ထမ်းများက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နေမှု၊ တယ်လီနော ဆက်သွယ်ရေးဆိုင်ရာပစ္စည်းများ ခင်းကျင်းပြသထားမှုနှင့် မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဆက်သွယ်ရေးလုပ်ငန်း ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်နေကြသည့် ဝန်ထမ်းများအား မှာကြားနှုတ်ဆက်ပြီး ပြန်လည်ထွက်ခွာသွားသည်။

ရန်ကင်းမြို့နယ်ရှိ တယ်လီနောရုံးချုပ်အပြင် ရန်ကုန်မြို့၌ တယ်လီနောဆိုင်ကြီးပေါင်း ၂၂ ဆိုင်နှင့် ဆိုင်ခွဲပေါင်း ၉၀၀၀ ကျော်တို့မှ တယ်လီနောဆင်းကတ်များကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ဥမ္မာသန့်**

# နော်ဝေနိုင်ငံဘုရင်နှင့်မိဖုရားတို့ အစိမ်းရောင်ဖွံ့ဖြိုးမှုဆိုင်ရာဗဟိုဌာနနှင့် အာဆီယံအစိမ်းရောင်စီးပွားရေးဌာနအား တက်ရောက်ဖွင့်လှစ်

**ရန်ကုန် ဒီဇင်ဘာ ၂**

နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရားဆွန်ယာတို့သည် ရန်ကုန်မြို့ ကမ္ဘာအေးဘုရားလမ်းရှိ မြန်မာသိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာနဝင်းအတွင်း တည်ထောင်ထားသည့် အာဆီယံဒေသတွင်းနိုင်ငံများ ပူးပေါင်းဆောင်ရွက်မည့် အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးမှုဆိုင်ရာဗဟိုဌာန(Center of Excellence for Greening) နှင့်အာဆီယံအစိမ်းရောင် စီးပွားရေးဌာန (The ASEAN Institute for Green Economy)အား ဒီဇင်ဘာ ၂ ရက် ညနေ ၃ နာရီ ၁၅ မိနစ်က တက်ရောက်ဖွင့်လှစ်ခဲ့သည်။

မြန်မာနိုင်ငံက အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် အောင်မြင်စွာထမ်းဆောင်ခြင်း အထိမ်းအမှတ်အဖြစ် အဆိုပါဌာနဖွင့်လှစ်နိုင်ခြင်းသည် အာဆီယံဒေသတွင်း သဘာဝပတ်ဝန်းကျင်ထိခိုက်မှုနည်းပါးသည့် အစိမ်းရောင်စီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်သည်။

အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးမှုဆိုင်ရာ ဗဟိုဌာနနှင့် အာဆီယံ အစိမ်းရောင်စီးပွားရေးဌာန ဖွင့်ပွဲအခမ်းအနားတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်သမ္မတက အစိမ်းရောင်စီးပွားရေး စတင်အကောင်အထည်ပေါ်လာစေရန်နှင့် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နည်းပညာအရင်းအမြစ်များနှင့် စီမံခန့်ခွဲမှုဆိုင်ရာ လိုအပ်ကြောင်း ပြောကြားချက်များအတိုင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် GEGG တို့ ပူးပေါင်း၍ တည်ထောင် ဖွင့်လှစ်နိုင်မှုအပေါ် ဂုဏ်ယူမိပါကြောင်း။

ယင်းသို့ ဖွင့်လှစ်နိုင်ခြင်းအတွက် အရင်းအမြစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ရာသီဥတုပြောင်းလဲမှုများတွင် အစိမ်းရောင်နည်းပညာစီမံခန့်ခွဲမှု လေ့ကျင့်ပညာပေး သင်ကြားရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်မှု သင်တန်းများ၊ သုတေသနလုပ်ငန်းများတွင် အာဆီယံနိုင်ငံများ၊ အခြားသောနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင်အတွက် မိမိတို့ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်နိုင်ရန် ကြိုးစားနေကြောင်းဖြင့် ပြောကြားသည်။



**နော်ဝေနိုင်ငံ ပဉ္စမမြောက် ဟာရယ်ဘုရင်နှင့် မိဖုရားဆွန်ယာတို့ ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးမှုဆိုင်ရာဗဟိုဌာနနှင့် အာဆီယံအစိမ်းရောင်စီးပွားရေးဌာန ဖွင့်လှစ်ပွဲ အခမ်းအနား တက်ရောက်လာစဉ်။**

ယင်းနောက် နော်ဝေစက်မှုလုပ်ငန်းဝန်ကြီး မစ္စမော်နီကာမေလန် (Ms.Monica Maeland)က နော်ဝေနိုင်ငံသည် ၂၀၁၁ ခုနှစ်ကတည်းက GEGG အဖွဲ့အစည်းနှင့် စိမ်းလန်းစိုပြည်ရေး၊ ပြန်လည်ဖြည့်စွက်အသုံးပြုနိုင်သည့် စွမ်းအင်နှင့် သက်ဆိုင်သည့်ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ နော်ဝေနိုင်ငံအား စက်မှုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်စေရန် အဓိကတွန်းပို့ခဲ့သည်မှာ ရေအားလျှပ်စစ်ဖြစ်ပြီး နော်ဝေနိုင်ငံ၏ လျှပ်စစ်ဓာတ်အားထုပ်လုပ်မှုတွင် ရေအားဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုသည် ရာနှုန်းပြည့်နီးပါး ရှိကြောင်း။

ရေအားစွမ်းအင် အရင်းအမြစ်အား နိုင်ငံ၏လူ့အဖွဲ့အစည်းတစ်ခုလုံးက ပိုင်ဆိုင်ထားပြီး လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် ပြန်လည်အကျိုးပြုသင့်သည်ဟု နော်ဝေအစိုးရက ယုံကြည်ထားကြောင်း၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု လေ့လာသင်ကြားရေးဗဟိုဌာနအား အာဆီယံအစိမ်းရောင်စီးပွားရေးဌာန၏ အဆောက်အအုံတစ်ခုအတွင်း၌ ရုံးခန်းအဖြစ် တည်ရှိစေပြီး ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်မည်ကိုသိရှိရ၍ များစွာဂုဏ်ယူမိကြောင်း၊ ယခုလို အရေးပါသည့် ကဏ္ဍဖော်ဆောင်မှုသည် အာရှဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုကို အထောက်အကူပြုမည်ဟု ယုံကြည်မိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် နော်ဝေဟာရယ်ဘုရင်နှင့်မိဖုရားတို့သည် မော်ကွန်းကမ္ပည်း ကျောက်စာနှစ်ချပ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ နော်ဝေဘုရင်နှင့် မိဖုရားတို့သည် ဆိုလာပြားများ တပ်ဆင်ထားသော ကားပါကင်၊ ရန်ကုန်နည်းပညာတက္ကသိုလ်မှ ပြသထားသော သုတေသနလုပ်ငန်းများနှင့် နော်ဝေနိုင်ငံကုမ္ပဏီများမှ ပြသထားသော ပြည့်မြဲစွမ်းအင်ဆိုင်ရာ ပြခန်းများကို လှည့်လည်ကြည့်ရှုသည်။

ယနေ့ပြုလုပ်သော အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးမှုဆိုင်ရာ ဗဟိုဌာနနှင့် အာဆီယံအစိမ်းရောင်စီးပွားရေးဌာန ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ GEGG (Green Economy and Green Growth)တို့မှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**ရဲခေါင်ညွန့်**

**မိုးလေဝသ အခြေအနေ**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့် ရှိမည်။

## ပြည်တွင်းသတင်း

✺ ရှေ့ဖုံးမှ

မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်း (Myanmar Development Institute-MDI) တည်ထောင်ရေးစီမံကိန်းနှင့်ကျေးရွာသစ်လှုပ်ရှားမှု အကောင်အထည်ဖော်ရေးစီမံကိန်း (The Saemaul-Undong -New Village/ Community Movement) များ စတင်သည့်ဖိုရမ်အခမ်းအနားသည် မြန်မာ-ကိုရီးယားနှစ်နိုင်ငံ အစိုးရချင်းသာမက ပြည်သူအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု၏ သမိုင်းမှတ်တိုင်တစ်ခု ဖြစ်သည်ကို ဦးစွာ ပြောကြားလိုပါကြောင်း။

မြန်မာ့ဖွံ့ဖြိုးမှု အဖွဲ့အစည်း (MDI) တည်ထောင်ရေးစီမံကိန်းသည် ၂၀၁၂ ခုနှစ်အတွင်း၌ မြန်မာနိုင်ငံကို လာရောက်လည်ပတ်ခဲ့သည့် ကိုရီးယားသမ္မတနိုင်ငံသမ္မတ မစ္စတာလီမြောင်ဘတ်၏ ချစ်ကြည်ရေးခရီးစဉ်တွင် နှစ်နိုင်ငံဆွေးနွေးမှုမှရရှိခဲ့သည့် အကျိုးရလဒ်အဖြစ် ကိုရီးယားသမ္မတနိုင်ငံက မြန်မာနိုင်ငံအတွက် စီမံကိန်းစတင်ထူထောင်နိုင်ရန်ပေးအပ်သည့် အကူအညီဖြစ်ပါကြောင်း၊ ဤစီမံကိန်းသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများနှင့် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများ ရေးဆွဲချမှတ်အကောင်အထည်ဖော်ရန်နှင့် အမျိုးသားစွမ်းဆောင်ရည် မြင့်မားတိုးတက်ရေး ဆောင်ရွက်နိုင်ရန် ရည်ရွယ်တည်ထောင်သည့် နိုင်ငံအတွက်အရေးပါသည့် စီမံကိန်းဖြစ်သောကြောင့် MDI တည်ထောင်ရေးတွင် အကူအညီပေးသည့် ကိုရီးယားနိုင်ငံအစိုးရနှင့် KDI တို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း။

ထို့အတူ ကျေးရွာသစ်လှုပ်ရှားမှုအကောင်အထည်ဖော်ရေး စီမံကိန်းသည်လည်း ကျေးလက်နှင့်မြို့ပြအကြား ဆင်းရဲချမ်းသာကွာဟမှုကို လျော့နည်းအောင် အစိုးရ၏ ဦးဆောင်မှု၊ ဒေသခံပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည့် ကိုရီးယားနိုင်ငံ၏ အတွေ့အကြုံများကို ၂၀၁၂ ခုနှစ်က ကိုရီးယားနိုင်ငံခရီးစဉ်၌ မိမိတို့လေ့လာကြည့်ရှုခွင့်ရရှိခဲ့သည့်အတွက် မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ရန် ဆွေးနွေးညှိနှိုင်းစီစဉ်ခဲ့ခြင်း ဖြစ်ပါကြောင်း။

မိမိတို့၏ ညှိနှိုင်းအကူအညီတောင်းခံခဲ့မှုအပေါ် မြန်မာနိုင်ငံ၌ ကျေးရွာသစ်စီမံကိန်းအဖြစ် ကျေးရွာနှစ်ရွာ ယခင်ကကူညီခဲ့ပြီးဖြစ်သည့်အပြင် ယခုနောက်ထပ် ကျေးရွာ ၁၀၀ အတွက် စီမံကိန်းတိုးချဲ့ဆောင်ရွက်နိုင်ရန် အကူအညီပေးသည့် ကိုရီးယားအစိုးရ၏ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီနှင့်တကွ ကျေးရွာသစ်စီမံကိန်းဗျူရို ညွှန်ကြားရေးမှူး ဝန်ကြီးချုပ်ဟောင်း မစ္စတာဂိုခွန်တို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း။

နိုင်ငံတိုင်းအတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနှင့် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာတို့ မှန်ကန်ကောင်းမွန်စေရန်အတွက် လိုအပ်သည်များ ရရှိမည်ဖြစ်ပါကြောင်း၊ မှန်ကန်ကောင်းမွန်စေရန်အတွက် ပညာရှင်များ၏ လေ့လာသုတေသနပြုမှုများနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အကြံပြုဆွေးနွေးချက်များ မရှိမဖြစ်လိုအပ်ပါကြောင်း။

မိမိတို့အစိုးရ စတင်တာဝန်ယူသည့် အချိန်မှစ၍ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး မူဝါဒချမှတ်ခဲ့ရာတွင် ကမ္ဘာ့ကုလသမဂ္ဂ၏ ဖွံ့ဖြိုးမှုမူဝါဒဖြစ်သည့် ထောင်စုနှစ်ရည်မှန်းချက်များနှင့် အာဆီယံဒေသတွင်း ဖွံ့ဖြိုးမှုမူဝါဒများနှင့်ပေါင်းစပ်ပြီး အလုံးစုံပါဝင်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် မျှော်မှန်းချမှတ်ခဲ့ရာ တိုင်းဒေသကြီး၊ ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ ဝင်ငွေနိမ့်ကျပြီး ဆင်းရဲနွမ်းပါးသည့်အခြေအနေမှ ဝင်ငွေအလယ်အလတ်အဆင့်ရောက်ရှိရေး၊ စိုက်ပျိုးရေးကို အရှိန်အဟုန်မပျက်တိုးတက်အောင် ဆောင်ရွက်လျက် စက်မှုလက်မှု အပါအဝင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့ ပါဝင်သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

ယင်းမူဝါဒများကို အကောင်အထည်ဖော်နိုင်ရန်အတွက် နိုင်ငံတော်၏ ရေတိုရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒနှင့် ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများကို အဖွဲ့အစည်းတစ်ခုတည်းက တစိုက်မတ်မတ် လေ့လာသုတေသနပြုနိုင်သည့် အဖွဲ့အစည်းတစ်ရပ်ရှိမှသာလျှင် အစိုးရ၏မူဝါဒများ ပိုမိုခိုင်ခံ့ကောင်းမွန်စေမည်ဖြစ်ပြီး ကောင်းမွန်သော အုပ်ချုပ်မှုရှိကာ သန့်ရှင်းသောအစိုးရဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ရာတွင် အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်းသည် မရှိမဖြစ်လိုအပ်သည့်အပြင် ရေရှည်မျှော်တွေးပြီး ထူထောင်ရန်ဖြစ်ပါကြောင်း။

သုံးနှစ်တာကာလအလွန် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များကို တတိယအဆင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်မှု စတင်စဉ်တွင် အစိုးရ တာဝန်ယူကာလအတွင်း နိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်ချပေးရမည့် လုပ်ငန်းနှင့် ပြည်သူတို့၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးစားပေးဖြည့်ဆည်းပေးရန်ဟူ၍ လုပ်ငန်းတာဝန်နှစ်ရပ် ခွဲခြားဆောင်ရွက်ရေး ပြောကြားခဲ့ပါကြောင်း။

ယနေ့ဖိုရမ်သည် ဤလုပ်ငန်းတာဝန်နှစ်ရပ်ကို စီမံကိန်းအဖြစ် လက်တွေ့အကောင်အထည်ဖော်သွားနိုင်ရန် စီစဉ်ခြင်းဖြစ်ပါကြောင်း၊ မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်း တည်ထောင်ရေးစီမံကိန်းသည် ယခင်မူဝါဒချမှတ်ခဲ့ပြီးဖြစ်သည့် စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု အခြေခံမူဘောင်နှင့်အညီ ရေးဆွဲလျက်ရှိသည့် နှစ်(၂၀) နှစ်ရှည်အမျိုးသား ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း အတွက် လက်တွေ့ဆက်လက်အကောင်အထည်ဖော်ရာတွင် မူဝါဒနှင့် ဦးစားပေးလုပ်ငန်းများ မှန်ကန်ရေးအပြင် နိုင်ငံတော်၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ကောင်း ချမှတ်ရာတွင် အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

ကျေးရွာသစ်လှုပ်ရှားမှု အကောင်အထည်ဖော်ရေး စီမံကိန်းသည် မိမိတို့ လက်ရှိဆောင်ရွက်နေသည့် ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများကို လက်တွေ့မြေပြင်တွင် အကောင်အထည် ဖော်ခြင်းဖြစ်သည့်အပြင် မိမိတို့အစိုးရ၏ တတိယအဆင့် အရှိန်မြှင့်တင်မှု လုပ်ငန်းများ၏ အရှိန်အဟုန်မြင့်မားအောင် အားဖြည့်ပေးသည့် စီမံကိန်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင်လည်း ကျေးလက်နေ ပြည်သူအများစုသည် ဆင်းရဲနွမ်းပါးကြသူများ ဖြစ်သည့်အတွက် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းများကို မိမိတို့အစိုးရ၏ ဦးစားပေးလုပ်ငန်းအဖြစ်သတ်မှတ်ပြီးတောင်သူလယ်သမားများ၏ စိုက်ပျိုးမွေးမြူထုတ်လုပ်မှုသာမက အသေးစားအလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးပြီး အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေတိုးတက်ရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးတို့ကိုအလေးထားပြီး ဆောင်ရွက်မှုကြောင့် တိုးတက်သင့်သလောက် တိုးတက်လာသော်လည်း လုပ်ငန်းပမာဏကြီးမားသည့်အတွက် ရေတိုရေရှည်အစီအစဉ်များနှင့် နှစ်အလိုက်အချိန်ယူကာ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

ကိုရီးယားနိုင်ငံ၏ ကျေးရွာသစ်စီမံကိန်းကို လေ့လာကြည့်လျှင် ကျေးရွာဦးဆောင်သူများနှင့် ကျေးရွာဖွံ့ဖြိုးရေးစိတ်ပါဝင်စားသူ လူငယ်များထဲမှ ကျေးရွာခေါင်းဆောင်ရွေးချယ်ပြီး ကျေးရွာလူထုနှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အဆိုပါကျေးရွာအဖွဲ့အစည်း၏ ဝါယမစိုက်ထုတ်ကြိုးပမ်းမှုများအပေါ် အောင်မြင်မှုရှိသည့် ကျေးရွာကို အစိုးရကထပ်မံပံ့ပိုးကူညီသွားသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများ၏ ကူညီပံ့ပိုးမှုများအပေါ်တွင်သာ မှီခိုခြင်းမပြုဘဲ မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ ဝါယမစိုက်ထုတ်ကြိုးစားလုပ်ကိုင်မှုသည်သာ ရေရှည်ဖွံ့ဖြိုးတိုးတက်သော ကျေးရွာအဖြစ်ရောက်ရှိနိုင်သည်ကို အနှစ်သာရအဖြစ် တွေ့ရှိနိုင်မည်ဖြစ်ပါကြောင်း။

အလုပ်လုပ်သော၊ ကြိုးစားသော ကျေးရွာများကိုရွေးချယ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးတည်ပေးခြင်းဖြစ်ပါကြောင်း၊ တစ်ဖက်ကလည်း ကျေးရွာကိုဦးဆောင်နိုင်သည့် လူငယ်လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စုပေါင်းလုပ်ဆောင်တတ်သည့် အဖွဲ့အစည်းများဖွံ့ဖြိုးတိုးတက်ရေးကို အားပေးမြှင့်တင်ခြင်းဖြစ်ပါကြောင်း၊ မိမိတို့ကျေးရွာများကလည်း ကိုရီးယားနိုင်ငံနှင့် အခြားမိတ်ဖက်နိုင်ငံများ၏ အတွေ့အကြုံကောင်းများရယူပြီး မိမိနိုင်ငံ၊ မိမိမြို့နယ်/ကျေးရွာများကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်သွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်း ထူထောင်မည့် စီမံကိန်းကိုကြည့်မည်ဆိုလျှင် သို့မဟုတ် ကျေးရွာသစ်စီမံကိန်းကိုကြည့်မည်ဆိုလျှင် လူ့စွမ်းအားအရင်းအမြစ်၏ စွမ်းဆောင်ရည်ကောင်းလျှင် ကောင်းသကဲ့သို့ တိုးတက်နှုန်း မြန်ဆန်မြင့်မားသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မူဝါဒမည်သို့ ကောင်းမွန်နေသည်ဖြစ်စေ လူ့စွမ်းအားအရင်းအမြစ်၏ စွမ်းဆောင်ရည်အားနည်းနေလျှင် အောင်




နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

# ဆဲလ်မားအူးအွန်ဒုံကျေးရွာသစ်ထူထောင်ရန် မြန်မာ-ကိုရီးယားအစိုးရတို့၏ အခန်းကဏ္ဍနှင့် စီမံကိန်းများအတွက် KOICA နှင့် UNDP ပူးပေါင်းဆောင်ရွက်မှုများ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂၁**

ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီက အကူအညီပေးအပ်မည့် မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်း (MDI)တည်ထောင်ရေး စီမံကိန်းဆွေးနွေးပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန -၂ ၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပခဲ့ရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်းအပေါ် ရှုမြင်ခြင်းနှင့်ပတ်သက်၍ ၂၀၁၁ ခုနှစ်မှစ၍ ပြုပြင်ပြောင်းလဲမှုများကို မြန်မာအစိုးရအနေဖြင့် လုပ်ဆောင်ခဲ့ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရာတွင် အခက်အခဲများရှိသော်လည်း ကြိုးစားဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ပြုပြင်ပြောင်းလဲမှု သုံးနှစ်တာကာလအတွင်း တိုးတက်မှုရရှိလာသည်ဟု ရှုမြင်မိပါကြောင်း၊ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရဖြစ်ရေးအတွက်လည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။ **(ယာပုံ)**

ယင်းနောက် ကိုရီးယားဖွံ့ဖြိုးမှုအဖွဲ့အစည်း ဒုတိယဥက္ကဋ္ဌ (ငြိမ်း) ဒေါက်တာ ဆော့ဆန်းမို့က ကိုရီးယားနိုင်ငံဖွံ့ဖြိုးမှုအဖွဲ့အစည်း တည်ထောင်ခြင်း အတွေ့အကြုံများကို မျှဝေပြောကြားရာတွင် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသည် အဓိကကျပါကြောင်း၊ ထို့ကြောင့် ကိုရီးယားနိုင်ငံ၌ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအနေဖြင့် မူလတန်းမသင်မနေရ ပညာရေး လုပ်ဆောင်ခဲ့ကြောင်း၊ ပညာတတ်မြောက်ခြင်းသည် လူမှုစီးပွားဘဝ တိုးတက်ခြင်းအတွက် လှေကားဖြစ်သည်ဟု မှတ်ယူထားကြောင်း၊ စီးပွားရေးမူဝါဒများနှင့် ပတ်သက်၍ ကိုရီးယားနိုင်ငံတွင် ၁၉၆၀ ပြည့်နှစ်များအတွင်း သွင်းကုန်လျှော့ချပြီး ထုတ်ကုန်များကို တိုးမြှင့်တင်ပို့ခြင်းအနေအထားကို ပြုပြင်ပြောင်းလဲခဲ့ပါကြောင်း၊ နိုင်ငံခြားငွေလဲလှယ်မှုအတွက် မူဝါဒများချမှတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့် ၁၉၆၂ နှင့် ၁၉၇၁ ခုနှစ်အတွင်း နှစ်စဉ် ကိုရီးယားနိုင်ငံ၏ ပြည်ပတင်ပို့မှုသည် နှစ်စဉ် ၃၉ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ မြို့နယ်တစ်မြို့နယ်အနေဖြင့်လည်း နှစ်စဉ်ဝင်ငွေ ၆ ဒသမ ၉ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့ကြောင်း၊ စီးပွားရေးတွင် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများလည်း တိုးတက်ရရှိလာခဲ့ပြီး ဝင်ငွေများလည်းတိုးတက်ရရှိလာခဲ့ပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်းလုပ်ငန်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က ကြီးမားသော စိတ်ကူးကောင်းများကို စိတ်ကူးယဉ်မှုများမှ ရရှိခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသားများသည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာလုပ်ဆောင်နိုင်စွမ်းရှိပါကြောင်း၊ မိမိတို့တွင် လုပ်ဆောင်နိုင်စွမ်းရှိလျှင် အောင်မြင်မှုလည်း ရရှိမည်ဖြစ်ပါကြောင်း၊ ၂၀၃၀ တွင် မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် ကြိုးစားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အလယ်အလတ်ဝင်ငွေရှိသော နိုင်ငံဖြစ်စေရန် ကြိုးစားဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံစာရင်းမှ လွတ်မြောက်ရေး (LDC graduate) တို့ကို ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စီးပွားရေးအရ ယှဉ်ပြိုင်နိုင်စွမ်းရှိသော နိုင်ငံဖြစ်စေရန်လည်း ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

မြန်မာ့ဖွံ့ဖြိုးမှု အဖွဲ့အစည်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဇော်ဦးက မြန်မာ့ဖွံ့ဖြိုးမှု အဖွဲ့အစည်းအတွက် ကိုရီးယားဖွံ့ဖြိုးမှု အဖွဲ့အစည်းက ပူးပေါင်း ဆောင်ရွက်မှုများကို ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်းအတွက် လုပ်ငန်းစဉ်များ၊ စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိပြီး သုတေသနလုပ်ငန်းများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေး အစရှိသဖြင့် ကဏ္ဍစုံမှကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းစီမံကိန်းများကို ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်ထိ သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ကိုရီးယားဖွံ့ဖြိုးမှုအဖွဲ့အစည်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာကင်ဒုံဆွန်းက ကိုရီးယားဖွံ့ဖြိုးမှုအဖွဲ့အစည်းသည် ပြည်တွင်းနှင့် နိုင်ငံတကာတွင် conference၊ forum နှင့် seminar များကို နှစ်စဉ်ကျင်းပလျက်ရှိပါကြောင်း၊ ယင်းအဖွဲ့အစည်းသည် ကိုရီးယားအစိုးရနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုများကို လုပ်ဆောင်လျက်ရှိပါကြောင်း၊ မြန်မာ့ဖွံ့ဖြိုးမှုအဖွဲ့အစည်း တည်ဆောက်ရန်အတွက်လည်း စီးပွားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အခြေခံထား တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ မူဝါဒများကို လုပ်ငန်း



ပြည်တွင်းသတင်း



နိုင်ငံတော်သမ္မတဦးသိန်းစိန် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြင်မှုရအောင် အချိန်ယူရသည်ကို သိရှိရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် သုတေသနအခြေပြုသည့် အဆင့်မြင့် ပညာအပြင် နည်းပညာကျွမ်းကျင်မှု အသက်မွေးဝမ်းကျောင်းပညာများနှင့် လူ့အရင်းအမြစ်ဖွံ့ဖြိုးအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၅ ခုနှစ်အထိ ရည်မှန်းလုပ်ဆောင်လျက်ရှိသည့် ဖွံ့ဖြိုးမှုအစီအစဉ်များအပြင် ၂၀၁၅ ခုနှစ်အလွန် အမျိုးသားဖွံ့ဖြိုးမှု အစီအစဉ်အတွက် ယခုကတည်းက အဖွဲ့အစည်းများ၊ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် ပြည်သူများ ပူးပေါင်းလျက် ကြိုတင်ပြင်ဆင်ပြီး အနာဂတ်အတွက် အခြေခံအုတ်မြစ် ချမှတ် ဆောင်ရွက်ပေးကြရမည် ဖြစ်ပါကြောင်း။

ရေရှည်အတွက် ကြိုတင်ပြင်ဆင်နိုင်အောင် မိမိတို့အစိုးရအနေဖြင့် အစိုးရမူဝါဒများ၊ ဖွံ့ဖြိုးမှုမဟာဗျူဟာများအတွက် မြန်မာဖွံ့ဖြိုးမှု အဖွဲ့အစည်းကို အခြေခံအုတ်မြစ်ချ ဖွဲ့စည်းဆောင်ရွက်သကဲ့သို့ ပုဂ္ဂလိက ကဏ္ဍအပါအဝင် ဖွံ့ဖြိုးမှုကဏ္ဍ အသီးသီး၏ သုတေသနလုပ်ငန်းများနှင့် အဆင့်မြင့်ပညာရေး သုတေသနလုပ်ငန်းများအတွက် အသိပညာရှင်/အတတ်ပညာရှင်များနှင့် သုတေသနကျွမ်းကျင်သူများ ပေါင်းစည်းလျက် ဘက်စုံအလုံးစုံ ဖွံ့ဖြိုးမှုရအောင် မျှော်မှန်းပြီးအမျိုးသား သုတေသန အဖွဲ့အစည်းကြီးတစ်ရပ် ထူထောင်နိုင်အောင် နိုင်ငံတော်က အားပေးကူညီသွားမည် ဖြစ်ပါကြောင်း။

အနာဂတ်ဖွံ့ဖြိုးမှုအတွက် ယနေ့ လက်တွေ့ ပူးပေါင်းပုံဖော်လုပ်ဆောင်ခြင်းသည် သယံဇာတအရင်းအမြစ် ကုန်ကြမ်းအခြေပြုစီးပွားရေးအပေါ် အမှီပြုနေသည့် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအတွက် ပညာအခြေပြု စီးပွားရေးအခြေအနေသို့ ကူးပြောင်းနိုင်ရန် တီထွင်ကြံဆ သုတေသနပြုမှု စာမျက်နှာသစ် ဖွင့်လှစ်ပေးလိုက်ခြင်းကြောင့် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တီထွင်ကြံဆ သုတေသနပြုမှုကို ဦးစားပေးတော့မည့် အဆင့်မြင့်ပညာရေးအတွက် အားသစ်မာန်သစ်များ ရရှိစေမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က မြန်မာနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သည့် မြန်မာနိုင်ငံ ဆဲလ်မားအူးအွန်ဒုံ စံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်း အကြောင်း ရှင်းလင်းပြောကြားပြီး ဗီဒီယိုပြကွက်များဖြင့် တင်ပြသည်။

ဆက်လက်၍ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာအီဘတ်ဆွန်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်းမစ္စတာ ဂိုခွန်က ကိုရီးယားနိုင်ငံ၏ ဆဲလ်မားအူးအွန်ဒုံ စံပြကျေးရွာ ထူထောင်ခြင်းအကြောင်းကိုလည်းကောင်း၊ UNDP ၏ ဌာနေကိုယ်စားလှယ် မစ္စတာတိုလီကွာဘန်နော့က ကိုရီးယားသမ္မတနိုင်ငံနှင့် ပူးပေါင်း ဆောင်ရွက်မှုများကိုလည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကိုရီးယားသမ္မတ နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာ ဂိုခွန်ထံ အမှတ်တရစပါးပန်းချီကားကို လက်ဆောင်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

အခမ်းအနား အပြီးတွင် နိုင်ငံတော်သမ္မတနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း၌ ပြသထားသော ကိုရီးယားအပြည်ပြည်ဆိုင်ရာ



ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ်ဟောင်း မစ္စတာဂိုခွန်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ၏ သမိုင်းကြောင်းနှင့် ကျေးရွာသစ်လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ **(သတင်းစဉ်)**

---



တိုင်းတွင် ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ထို့အတူ သုတေသနလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာနှင့်လည်း အတွေ့အကြုံနှင့် အသိပညာများ ဖလှယ်လုပ်ဆောင်ရမည် ဖြစ်ပါကြောင်း၊ ထို့အပြင်ခေတ်မီနည်းပညာနှင့် သတင်းအချက်အလက်များကို အခြေခံပြီး အသိပညာဗဟုသုတများကို တည်ဆောက်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရှည်လုပ်ငန်းစဉ်များကိုလည်း ချမှတ်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ဖြင့် ပြောကြားသည်။

မွန်းလွဲပိုင်းတွင် အဆိုပါ အစည်းအဝေးခန်းမ၌ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) မှ အကူအညီပေးအပ်မည့် ကျေးရွာသစ်စီမံကိန်း အကောင်အထည်ဖော်ရေး စီမံကိန်း ဖိုရမ်ကို ဆက်လက်ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ ဒေါက်တာတင်ထွန်း၊ ဆဲလ်မားအူးအွန်ဒုံကျေးရွာသစ်တည်ထောင်ရေး စီမံကိန်းမန်နေဂျာ ဒေါက်တာအမ်ဆောင်ဘွန်၊ UNDP ဌာနေ ကိုယ်စားလှယ် မစ္စတာတိုလီကွာဘန်နော့နှင့် KOICA၏ ဒုတိယ ဥက္ကဋ္ဌ မစ္စတာဟန်ဂျွန်စစ်တို့က ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် KOICA အနေဖြင့် မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Post-Harvest Training Centre (မန္တလေး)၊ Post-Harvest Research Institute (နေပြည်တော်)၊ Agro Machine Training Centre (နေပြည်တော်)၊ Academic Exchange Activities of Mokpo National University (နေပြည်တော်)၊ Good Agriculture Practice of Rice၊ Vegetable and Fruit Crops (နေပြည်တော်) စီမံကိန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆဲလ်မားအူးအွန်ဒုံကျေးရွာသစ်စီမံကိန်းကို အမေရိကန်ဒေါ်လာ ၂၂ သန်း သုံးစွဲ၍ နေပြည်တော် ကောင်စီနယ်မြေ၊ ရန်ကုန်၊ ဧရာဝတီ၊ မန္တလေး၊ စစ်ကိုင်း၊ တနင်္သာရီတိုင်းဒေသကြီးများနှင့် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်တို့ရှိ ကျေးရွာပေါင်း ၁၀၀ ၌ တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကိုရီးယားပညာရှင်များ၏ တင်ပြချက်အရ မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်မည့် ဆဲလ်မားအူးအွန်ဒုံ သင်တန်းကျောင်းသည် အရှေ့တောင်အာရှ၌ အကြီးဆုံးသင်တန်းဌာနဖြစ်ပြီး ယင်းသင်တန်းကျောင်းမှ ၁၆ လကြာပို့ချမည့် မဟာသိပ္ပံဘွဲ့ သင်တန်းနှင့် အခြားကာလတို သင်တန်းများကို ဖွင့်လှစ်ပို့ချဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် တစ်ကမ္ဘာလုံးက လေ့လာနိုင်အောင် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် မြန်မာနိုင်ငံ ဆဲလ်မားအူးအွန်ဒုံကျေးရွာသစ် ထူထောင်ရန် မြန်မာအစိုးရ၏ အခန်းကဏ္ဍ၊ ကိုရီးယားအစိုးရ၏ အခန်းကဏ္ဍနှင့် ယင်းစီမံကိန်းများအတွက် KOICA နှင့် UNDP ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆွေးနွေးခဲ့ကြသည်။ **ဟန်နီဝင်း**

---

# နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည်အချင်းစစ်စာမေးပွဲအတွက် ကြိုပို့ယာဉ်များ အခမဲ့ပြေးဆွဲမည်

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆု အရည်အချင်းစစ်စာမေးပွဲကို ၆-၁၂-၂၀၁၄ ရက်မှ ၁၂-၁၂-၂၀၁၄ ရက်အတွင်း မြို့ကြီး(၆)မြို့ရှိ စာစစ်ဌာန (၁၀)ခုတွင် နံနက် ၉ နာရီခွဲမှ မွန်းလွဲ ၁ နာရီအထိ ကျင်းပမည်ဖြစ်ပြီး Aptis Test ဖြေဆိုနည်းကို နံနက် ၈ နာရီခွဲတွင် ရှင်းပြပေးမည်ဖြစ်သည်။ စာစစ်ဌာန ပြောင်းလဲဖြေဆိုခွင့်ရရှိသူများအပါအဝင် စာဖြေသူများ၏ အမည်၊ ခုံအမှတ်၊ စာစစ်ဌာန၊ ဖြေဆိုရမည့် နေ့ရက်တို့ကို ပညာရေးဝန်ကြီးဌာန Website ဖြစ်သော www.myanmar-education.edu.mm နှင့် ပြန်ကြားရေးဝန်ကြီးဌာန Website ဖြစ်သော www. moi.gov.mm တို့တွင် ထုတ်ပြန်ကြေညာထားသည်။

ဖြေဆိုသူများ စာစစ်ဌာနများသို့ သွားလာရေးအဆင်ပြေစေရေးအတွက် စာမေးပွဲဖြေဆိုသော နေ့ရက်များတွင် စာစစ်ဌာနတည်ရှိရာ မြို့ကြီးများ၌ အောက်ဖော်ပြပါ စုရပ်နေရာများမှ သတ်မှတ်အချိန်တွင် ကြိုပို့ယာဉ်များဖြင့် အခမဲ့ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်-

| စဉ် | မြို့ | စာစစ်ဌာန | စုရပ်နေရာ | ထွက်ခွာချိန် |
|---|---|---|---|---|
| ၁ | ရန်ကုန် | ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ရွှေပြည်သာ) | နေထိုင်ရာမြို့နယ် အုပ်ချုပ်ရေးမှူးရုံးများသို့ ၄-၁၂-၂၀၁၄ရက်နေ့ နောက်ဆုံးထား၍ ဆက်သွယ် စာရင်းပေးရန် | - |
| | | ရန်ကုန်ကွန်ပျူတာတက္ကသိုလ် (ဗဟန်းနယ်မြေ) | | - |
| | | အမျိုးသားစီမံခန့်ခွဲမှုပညာ ကောလိပ် | | - |
| ၂ | မန္တလေး | မန္တလေးတက္ကသိုလ် | ဗထူးကွင်းရှေ့ | ၀၇း၃၀ |
| | | မန္တလေးကွန်ပျူတာတက္ကသိုလ် (ဒဟတ်တော) | ဗထူးကွင်းရှေ့ | ၀၆း၃၀ |
| | | ကွန်ပျူတာတက္ကသိုလ် (မန္တလေး)(တအုံ) | ဗထူးကွင်းရှေ့ | ၀၆း၃၀ |
| ၃ | မော်လမြိုင် | မော်လမြိုင်တက္ကသိုလ် | မောရဝတီမုခ်ဦးရှေ့ | ၀၇း၃၀ |
| | | | အထက(၆)မုခ်ဦးရှေ့ | ၀၇း၃၀ |
| ၄ | မကွေး | ကွန်ပျူတာတက္ကသိုလ်(မကွေး) | အဝေရာလမ်းနှင့် ပြည်တော်သာလမ်းထောင့် | ၀၇း၀၀ |
| | | | ဝင်းသူဇာဆိုင်ရှေ့၊ ဗိုလ်ချုပ်လမ်းနှင့် ပြည်တော်သာလမ်းထောင့် | ၀၇း၃၀ |
| ၅ | မုံရွာ | ကွန်ပျူတာတက္ကသိုလ်(မုံရွာ) | မုံရွာတက္ကသိုလ်ရှေ့ | ၀၇း၀၀ |
| ၆ | တောင်ကြီး | ကွန်ပျူတာတက္ကသိုလ်(တောင်ကြီး) | ကမ္ဘောဇဘဏ်ရှေ့ | ၀၇း၃၀ |

---

❈ ***ကျောဖုံးမှ***

ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာကလပ် ရတနာပုံအသင်း ၊လာအိုလက်ရွေးစင်အသင်း၊ ကမ္ဘောဒီးယားကလပ်၊ ဖနွမ်းပင်ခရောင်းအသင်း၊ ထိုင်းကလပ် မြောင်တောင်အသင်း၊ ဗီယက်နမ်ကလပ် ဟန္နိုင်းအသင်း၊ မလေးရှားကလပ် ဆာဘားအသင်းတို့ယှဉ်ပြိုင်မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲမှာ မြန်မာအသင်းများနှင့် ရင်းနှီးသည့် ပြိုင်ပွဲဖြစ်ပြီး ၂၀၀၂ ခုနှစ်က မြန်မာ့လက်ရွေးစင်အသင်း ယှဉ်ပြိုင်ခဲ့ရာ ဒုတိယနေရာရရှိခဲ့သည်။ ယင်းနောက်ပိုင်းတွင် မယှဉ်ပြိုင်ဖြစ်ခဲ့ဘဲ ၂၀၁၂ ပြိုင်ပွဲတွင် မနောမြေအသင်းက ပြန်လည်ယှဉ်ပြိုင်ခဲ့ရာ စတုတ္ထနေရာနှင့် ၂၀၁၃ ပြိုင်ပွဲတွင် ဟံသာဝတီအသင်းက တတိယနေရာတို့ ရရှိခဲ့သည်။

ပြိုင်ပွဲဝင်မည့် ရတနာပုံအသင်းတွင် အုပ်ချုပ်သူ ဦးအောင်ထွန်းဦး၊ နည်းပြချုပ် ဦးခင်မောင်တင့်၊ နည်းစနစ်ဒါရိုက်တာ ဦးတင်ဟန်၊ လက်ထောက်နည်းပြ ဦးဇော်လေးအောင်၊ ဦးမြင့်ကို၊ **ဂိုး–**နည်းပြ ဦးစိုင်းမောင်မောင်ဦး၊ ကစားသမားများအဖြစ် **ဂိုး–**သီဟစည်သူ၊ ညီညီလွင်၊ **နောက်တန်း**-ရဲဝင်းအောင်၊ ဟိန်းနေဆန်း၊ စည်သူအောင်၊ နေမျိုးအောင်၊ အောင်မျိုးလွင်၊ ထွန်းငြိမ်း၊ ဇော်ရဲထွန်း၊ **အလယ်တန်း–**သက်နိုင်၊ ရဲကိုဦး၊ နန္ဒလင်းကျော်ချစ်၊ မက်ဆီမင်၊ လှိုင်းဘိုဘို၊ ဝင်းနိုင်စိုး၊ **ရှေ့တန်း–**ရန်ပိုင်၊ ဇင်မင်းထွန်း၊ ရှိုင်းသူရနှင့် မင်းဌေးကျော်တို့ ပါဝင်ကြသည်။ ဆူဇူကီးဖလားပြိုင်ပွဲဝင် လက်ရွေးစင်အသင်းမှ တင်ဝင်းအောင်နှင့် ဇော်မင်းထွန်းတို့မှာ ဒဏ်ရာပြဿနာများကြောင့် ကျန်ရစ်ခဲ့ပြီး နိုင်ငံခြားသားများဖြစ်သည့် ဟက်ပီးနက်နှင့် ပိုအေတို့မှာ ဗီဇာအခက်အခဲကြောင့် လိုက်ပါနိုင်ခြင်းမရှိခဲ့ပေ။

---

# ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ ကောင်းမွန်သောအုပ်ချုပ်ရေး ဖိုရမ်ကျင်းပရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၂**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် UNDP ၏ မြန်မာနိုင်ငံဆိုင်ရာ Country Director ဖြစ်သူ Toily Kurbanov နှင့်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ လေ့လာရေးလုပ်ငန်းအစီအစဉ်များ (Local Governance Mapping) နှင့် ၂၀၁၅ ခုနှစ် မြန်မာနိုင်ငံဆိုင်ရာ ကောင်းမွန်သောအုပ်ချုပ်ရေးဖိုရမ် (2015 Myanmar Good Governance Forum) ကျင်းပရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**မိုးလေဝသ အခြေအနေ**

**နေပြည်တော်နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း 24th ASEAN Armies Rifle Meet (24th AARM) ပိတ်ပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂**

ဗီယက်နမ်နိုင်ငံသို့ ရောက်ရှိနေသော ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့သည် နိုဝင်ဘာလ ၂၈ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁၂ နာရီခွဲတွင် ဟန်္နိုင်းမြို့ရှိ Mieu Mon Training Center ၌ ကျင်းပသော 24th ASEAN Armies Rifle Meet (24th AARM) ပိတ်ပွဲအခမ်းအနားသို့ အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့်အတူ တက်ရောက်ခဲ့ရာ ဗီယက်နမ်နိုင်ငံ ကာကွယ်ရေးဝန်ကြီး General Phung Quang Thanh နှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့သည်။

ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးဒေါ်သန်းသန်းနွယ်တို့သည် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များ၊ ဇနီးများနှင့်အတူ ကာကွယ်ရေးဆိုင်ရာထုတ်ကုန်ပြပွဲသို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။ ဆက်လက်၍ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးခြင်းဆောင်ရွက်ခဲ့သည်။ ဒေသ စံတော်ချိန် ညနေ ၃ နာရီခွဲတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များသည် Novelty Shoot အဖြစ် ပစ္စတိုနှင့် ကာဘိုင်သေနတ်ပစ် ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် 24th ASEAN Armies Rifle Meet (24th AARM) ပိတ်ပွဲအခမ်းအနားကျင်းပရာ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့်အတူ တက်ရောက်ခဲ့ပြီး ဆုရသော သေနတ်ပစ်အသင်းများအား အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့်အတူ အလှည့်ကျ ဆုချီးမြှင့်ကြသည်။ ယင်းနောက် 25th ASEAN Armies Rifle Meet (25th AARM) လက်ခံကျင်းပမည့် အိမ်ရှင်နိုင်ငံကို ကြေညာပြီး 25th ASEAN Armies Rifle Meet(25th AARM) လက်ခံကျင်းပမည့် ထိုင်းနိုင်ငံမှ ထိုင်းဘုရင့်တပ်မတော် ကြည်းတပ်ဦးစီးချုပ် Gen.Udomdej Sitabutr မှ ASEAN Armies Rifle Meet အထိမ်းအမှတ်အလံအား လက်ခံရယူကာ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့သည်။

ထို့နောက် ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးချုပ်၊ ဒုတိယကာကွယ်ရေးဝန်ကြီး Sr. Lt- Gen Do Ba Tyနှင့် ဇနီးတို့က တည်ခင်းဧည့်ခံသော 24th ASEAN Armies Rifle Meet(24th AARM) ပိတ်ပွဲဂုဏ်ပြုနှုတ်ဆက်ညစာစားပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၈ ရက် ဒေသစံတော်ချိန် ည ၇ နာရီခွဲတွင် Mieu Mon Shooting Center၌ ကျင်းပရာ အာဆီယံနိုင်ငံများမှ ကြည်းတပ်ဦးစီးချုပ်များနှင့် ဇနီးများ၊ သေနတ်ပစ်အသင်းများမှ အသင်းခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့သည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်ချိန်များတွင် ဗီယက်နမ်ပြည်သူ့တပ်မတော် တေးဂီတအဖွဲ့မှ အာဆီယံနိုင်ငံများ၏ ရိုးရာတေးသီချင်းများနှင့် ဖျော်ဖြေခဲ့ပြီး ညစာစားသုံးပြီးချိန်တွင် အတူတကွစုပေါင်း အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၂၉ ရက် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ဗီယက်နမ်နိုင်ငံ ဟန်္နိုင်းမြို့ရှိ Noi Bai လေဆိပ်မှ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရာ လေဆိပ်၌ ဗီယက်နမ်ပြည်သူ့တပ်မတော်မှ Deputy Director Military Training Deptမှ Maj-Gen.Nguyan Van Luaisနှင့် တာဝန်ရှိသူများ၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝင်းလှိုင်၊ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံစစ်သံမှူး ဗိုလ်မှူးချုပ် ညွန့်ဆွေနှင့် ဇနီးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**



**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား ကာကွယ်ရေးဆိုင်ရာ ထုတ်ကုန်ပြပွဲတွင် အမှတ်တရလက်ဆောင် ပေးအပ်စဉ်။**

(မြဝတီ)

# ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် နော်ဝေကုမ္ပဏီနည်းပညာဆွေးနွေးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂**

ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် နော်ဝေနိုင်ငံ INTSOK ရေနံနှင့်သဘာဝဓာတ်ငွေ့ကုမ္ပဏီ၏ နည်းပညာဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ကျင်းပရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံနှင့် နော်ဝေနိုင်ငံတို့မှ ရေနံနှင့်သဘာဝဓာတ်ငွေ့ဆိုင်ရာ ကုမ္ပဏီများမှ ဥက္ကဋ္ဌများ၊ ဒုဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ ဆွေးနွေးပွဲတွင် INTSOK မှ မန်နေဂျင်းဒါရိုက်တာ Mr. Sjur E. Bratland က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး မလေးရှားနိုင်ငံ INTSOK အကြံပေး Mr. Tuan Hai Ewe က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။

အစီအစဉ်အရ INTSOK မှ မန်နေဂျင်းဒါရိုက်တာ Mr.Sjur E. Bratland က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး နော်ဝေနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Kare Fostervold က ယခုဆွေးနွေးပွဲသည် နော်ဝေနိုင်ငံ၏ရေနံနှင့်သဘာဝဓာတ်ငွေ့နည်းပညာ အတွေ့အကြုံများကို မျှဝေပေးသည့် ဆွေးနွေးပွဲဖြစ်ကြောင်းဖြင့် အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း အခြေအနေနှင့် ကြုံတွေ့နေရသည့် စိန်ခေါ်မှုအနေအထား၊ ရေနက်ပိုင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေး နည်းပညာနှင့် အုပ်ချုပ်ပုံစနစ်၊ ရေနံလုပ်ကွက်ရှာဖွေရေးနှင့် ထုတ်လုပ်ရေးတွင် broadband seismic နည်းပညာသုံးခြင်း၏ အကျိုးရလဒ်၊ ရေနက်ပိုင်း ရေနံရှာဖွေရေး၊ အရှေ့တောင်အာရှ လုပ်ကွက်သစ်တွင် လူမှုလုံခြုံရေးနှင့် စီမံခန့်ခွဲရေးစနစ်၊ မြန်မာနိုင်ငံတွင် သဘာဝဓာတ်ငွေ့ရည် အသုံးချစနစ်၊ ပင်လယ်ရေနက်ပိုင်း လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာအသုံးချစနစ်၊ မြန်မာနိုင်ငံတွင် ပင်လယ်ရေအောက်စွမ်းဆောင်နိုင်ရည် အနေအထား၊ ရေနက်ပိုင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် နည်းပညာဆိုင်ရာ စံစနစ်အရေးပါပုံနှင့် နော်ဝေနိုင်ငံမှ ဘဏ္ဍာရေး ပူးပေါင်းဆောင်ရွက်ပေးနိုင်မှုအခြေအနေတို့ကို ဆွေးနွေးကြသည်။



"ကျွန်တော်တို့ ကမ်းလွန်လုပ်ငန်း လုပ်ကွက်တွေကို ဖွင့်ထားပေးပြီးပါပြီ။ ကမ်းလွန်မှာ အခု ရေနက်လုပ်ကွက်တွေ ဖြစ်နေတော့ နည်းပညာ အများကြီးလိုတယ်။ နော်ဝေနိုင်ငံက ခေတ်မီနည်းပညာကိုသုံးနေတဲ့နိုင်ငံဖြစ်တော့ အတွေ့အကြုံလည်း အများကြီးရှိတယ်။ အခုလို မြန်မာနိုင်ငံမှာ နည်းပညာဆွေးနွေးပွဲ လုပ်ပေးတဲ့အတွက် အရင်တုန်းက လုံးဝမမျှော်လင့်ခဲ့တာ မီတာ ၂၀၀၀၊ ၃၀၀၀ ရေနက်ပိုင်းတွေမှာ ရေနံနဲ့သဘာဝဓာတ်ငွေ့တွေ့နိုင်ဖို့ အလားအလာပိုများမယ်လို့ ထင်တယ်။ ဒါကြောင့်မို့လို့ နော်ဝေနိုင်ငံကို ဖိတ်ကြားပြီး ဆွေးနွေးပွဲလုပ်တာပါ။

"နော်ဝေနိုင်ငံရဲ့ ကုမ္ပဏီတစ်ခုက ကျွန်တော်တို့ဆီမှာ တင်ဒါ ရထားတာရှိတယ်။ သူတို့နဲ့ ပူးပေါင်းလုပ်မယ်ဆိုရင် ကျွန်တော်တို့အတွက် နည်းပညာပိုရမယ်။ ရေနံနဲ့သဘာဝဓာတ်ငွေ့တွေ့နိုင်တဲ့ အခြေအနေကပိုများလာမယ်။ အရင်ကဆိုရင် ၁၀ တွင်းတူးရင် ကိုးတွင်းလောက်က လွဲသွားတယ်။ တစ်တွင်းကို အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကျော်ကုန်တာ။ ဒီနေရာမှာ နော်ဝေနည်းပညာနဲ့ဆိုရင် ပိုပြီးတော့အကုန်အကျနည်းမယ်လို့ မျှော်လင့်ရတယ်။ အဲဒီလိုဖြစ်လာရင် ကျွန်တော်တို့နိုင်ငံအတွက် အကျိုးရလဒ်ကောင်းပါတယ်"ဟု ဆွေးနွေးပွဲခေတ္တရပ်နားချိန်တွင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။

**ခင်ချိုဝင်း**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 6F/5806 Toyota Vit, Hatch Back ယာဉ်လက်ဝယ်ရှိသူ ဦးဝေယံမိုး ၅/ကလတ(နိုင်)၀၅၃၂၆၉က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ကားရောင်းရန်**

TOYOTA BELTA - 3F/----

အဖြူရောင်၊ 1000 CC 2008

မော်ဒယ်လ် တစ်စီးရောင်းရန်ရှိသည်

ဖုန်း-၀၉-၇၃၀၇၃၄၁၅

**ဆံလည်ခုံရောင်းရန်**

**USA ထုတ်**

**ဆံလည်ဆံပင်ညှပ်ခုံ(အမျိုးသား)**

**လေးလုံးရောင်းရန်ရှိသည်**

**ဖုန်း-၀၉-၇၃၀၇၃၄၁၅**

**ကားမျိုးစုံငှားနိုင်ပါသည်။**

**ခရီးစဉ်မျိုးစုံအတွက် ကားမျိုးစုံနှင့် လချုပ်များလည်းငှားနိုင်ပါသည်။**

**ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။**

MT & K Tours Ph-656573

663161, 09-250066441

**စာအုပ်စာပေ လှူမိတ်ဆွေ**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၂)ရပ်ကွက်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ အမှတ်(၁၉၁)၊ ဒုတိယထပ်နေ ဝေါင်ဝီရပ်(ခ)ဝေါင်ဝေရပ် CD-၀၄၅၃၅၇ နှင့် အနန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဝေါင်ဝီရပ်(ခ)ဝေါင်ဝေရပ်(ခ)အနန်း**

**လူပျောက်ကြော်ငြာ**



ဦးမြင့်လွင်+ဒေါ်သိန်းမြင့်၏သမီး **မအောင်မေကြည်(ခ)မအေးထက်လှိုင်** အသက်(၂၀)သည် (၁၃.၁၀.၂၀၁၄)တွင်ပျောက်သွား၍ ဆွေမျိုးမိဘထံ/စက်ရုံအလုပ်ရှိ ရောက်ရှိနေရာမှ ရပ်ကွက်ရုံး/ရဲစခန်း(သို့)တရားဝင်ခင်ပွန်းထံ အောက်ပါဖုန်းဖြင့် ဆက်သွယ်အပ်နှံပေးကြပါရန် လက်ခံထားသူများကို တရားဝင်ခင်ပွန်းဖြစ်သူမှ ဖြားယောင်းသွေးဆောင်မှု/အားပေးကူညီမှု/လိမ်လည်မှု/ထိန်ချန်မှုတို့ဖြင့် တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **ကိုသောင်းလွင်-၀၉-၂၅၃၀၃၉၇၅၉၊ ၀၉-၉၇၅၃၂၇၂၈၀**

**ပျောက်ဆုံး**

၁။ နန်းဆုတ်(ဘ)ဦးရှဲန်ဖုံး ၁၃/တခလ(နိုင်)၀၂၈၅၁၂

၂။ မပြုံးပြုံးရီ(ဘ)ဦးဘသန်း ၁၃/တခလ(နိုင်)၀၄၈၆၆၂

၃။ မောင်အိုက်အွန်ခမ်း(ဘ)ဦးအိုက်မိုင် ၁၃/တခလ(နိုင်)၀၉၃၅၀၉

၄။ ဦးလှမောင်(ဘ)ဦးရန်ကွမ်းယုံ ၁၃/တခလ(နိုင်)၀၀၀၁၀၅တို့၏ နိုင်ငံကူးလက်မှတ်စာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၇၆၃၃၂၂၅

**ပြည်သူများသို့အသိပေးတင်ပြချက်**

စားသောက်ဆိုင်များအား ပြေစာများတွင် အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချစေခြင်းလုပ်ငန်းအစီအစဉ်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် ၂၀၁၄ခုနှစ် နိုဝင်ဘာ ၁ရက်မှစ၍ ကျင့်သုံးဆောင်ရွက်လျက်ရှိပါသည်။ စားသောက်ဆိုင်များအနေဖြင့် စားသုံးသည့်တန်ဖိုး၏ ၅ရာခိုင်နှုန်းကျသင့်အခွန်အတွက် ထိုက်သင့်သည့်ပြေစာအမှတ်တံဆိပ်များ ကပ်နှိပ်ပေးရန် တာဝန်ရှိပါသည်။ သို့ပါ၍ စားသုံးသူပြည်သူများအနေဖြင့် အောက်ဖော်ပြပါ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ထားသည့် ငွေရပြေစာများကို တောင်းယူကြပါရန် အသိပေးအပ်ပါသည်။

**အသုံးပြုသည့်ပြေစာအမှတ်တံဆိပ်နမူနာပုံစံဖော်ပြအပ်ပါသည်။**




ပြည်တွင်းအခွန်များဦးစီးဌာန

**အဝေရာ** အမှတ်တံဆိပ်

**ဒုက္ခကိုယ် အပူမငြိမ်းသူများအတွက်**

**အဝေရာ**

**အပူငြိမ်းဆေးခေါင်း**

**ဘိုင်တိုင်းမှာပေး**

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR -004038 (0914)

ပင်ရင်း - အဝေရာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

အမှတ် (၁၀)၊ ဒေါင်သုခလမ်း၊ ပုသိမ်မြို့၊ ဖုန်း ၀၄၂-၂၄၄၃၂

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# အစိုးရအဖွဲ့ သစ်ကာလအတွင်း မွေးမြူရေးရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ပြုပြင်ပြောင်းလဲရေးဆောင်ရွက်ချက်များ

ငါးကဏ္ဍ

| စဉ် | အကြောင်းအရာ | ဆောင်ရွက်ချက် |
|---|---|---|
| ၁။ | **ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများအတွက် ဖြေလျှော့မှုများ ဆောင်ရွက်ခြင်း** | ❖ ၂၀၁၂ ခုနှစ် ဩဂုတ်လမှစ၍ ရေထွက်ပစ္စည်းတင်ပို့ခြင်းအတွက် အခွန်ငွေ ၁၀ ရာခိုင်နှုန်းမှ ၂ ရာခိုင်နှုန်းသို့ လျှော့ပေါ့ပေးခဲ့ပါသည်။<br>❖ ကော့သောင်းဒေသတွင် ပြည်တွင်းငါးသယ်ရေယာဉ်များအား LC/ TT စနစ်ဖျက်သိမ်းပေးပြီး မြန်မာကျပ်ငွေဖြင့် တင်ပို့ခွင့်ပြုခဲ့ပါသည်။<br>❖ Container တစ်လုံးချင်းအလိုက် Container တင်စဉ် စစ်ဆေးခြင်းအား ဆောင်ရွက်ခြင်းမပြုတော့ဘဲ ရေထွက်ပစ္စည်းပြုပြင်ထုတ်လုပ်သည့် စက်ရုံများတွင်သာ တစ်လတစ်ကြိမ် စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါသည်။<br>❖ Border Trade နှင့် Normal Trade တင်ပို့မှုများအတွက် နိုင်ငံတော်သို့ပေးသွင်းရမည့် စစ်ဆေးခများဖြစ်သည့် Physical နှင့် Micro စစ်ဆေးခများအတိုင်း လုပ်ငန်းရှင်များမှ တစ်နေရာတည်းတွင် ပေးသွင်းနိုင်ရန်အတွက် ငါးလုပ်ငန်းဦးစီးဌာန ကြို့ကုန်းတစ်နေရာတည်းတွင် ဆောင်ရွက်ပေးလျက်ရှိသည်။<br>❖ လေကြောင်းဖြင့် ပြည်ပတင်ပို့သည့်ရေထွက်ပစ္စည်း (အရှင်) များကိုသာ FIQC ဌာနခွဲနှင့် မွေးမြူရေးဌာနခွဲတို့ ပူးပေါင်း၍ အဖွဲ့(၁)ဖွဲ့တည်းဖြင့် စစ်ဆေးပေးလျက်ရှိပါသည်။<br>❖ Container တစ်လုံးချင်းအလိုက် တင်ပို့စဉ်စစ်ဆေးခြင်း မပြုတော့သဖြင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့တင်ပို့မည့် Container တစ်လုံးချင်းအလိုက် တင်ပို့မှုအား ငါးလုပ်ငန်းဦးစီးဌာန၊ FIQC ကြို့ကုန်းတွင် တင်ပြစေခြင်းဖြင့် စာရင်းဇယားရရှိရန် ဆောင်ရွက်လျက်ရှိပါသည်။<br>❖ Health Certificate ထုတ်ပေးခြင်းအား FIQC ကြို့ကုန်းရုံးနေရာတစ်ခုတည်းတွင် ဆောင်ရွက်ပေးလျက်ရှိပြီး FIQC ဌာနခွဲမှ ညွှန်ကြားရေးမှူး(သို့) ဒုတိယညွှန်ကြားရေးမှူး(သို့) လက်ထောက်ညွှန်ကြားရေးမှူးတို့မှ လက်မှတ်ရေးထိုးထုတ်ပေးလျက်ရှိပါသည်။<br>❖ Catch Certificate ကို ကြီးကြပ်/အခွန်ဌာနခွဲမှ ညွှန်ကြားရေးမှူး(သို့) ဒုတိယညွှန်ကြားရေးမှူး(သို့) လက်ထောက်ညွှန်ကြားရေးမှူးတို့မှ လက်မှတ်ရေးထိုးထုတ်ပေးလျက်ရှိပါသည်။ |
| ၂။ | **ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်မှု** | ❖ ချောင်းသာ ပုစွန်သားဖောက်စခန်းအား ပြည်ပပုဂ္ဂလိကနှင့် ဖက်စပ်ထုတ်လုပ်၍ ပုစွန်ဖြူများ ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ရေချိုငါးဥယျာဉ်အား ပုဂ္ဂလိကသို့ လွှဲပြောင်းပေးနိုင်ခဲ့ပါသည်။<br>❖ ငါးဖမ်းရက်အား ၆၀ မှ ၉၀ အထိ တိုးမြှင့်သတ်မှတ်ပေးခဲ့ပါသည်။<br>❖ ရေချိုငါးလုပ်ငန်း ဥပဒေစီမံခန့်ခွဲခွင့်များကို တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များသို့ လွှဲပြောင်းပေးခဲ့ပါသည်။<br>❖ C MPများအတွက် ကုမ္ပဏီ ၁၂ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။<br>❖ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ မတည်ဆောင်ရွက်မှုဖြင့် တစ်နိုင်တစ်ပိုင် Barkyard Hatchery ၆၂ လုံးအား တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတွင် တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။<br>❖ မြေယာအသုံးချမှု ဝါဒ/အစီအမံနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတို့နှင့်အညီ မြေမဲ့ယာမဲ့ပြည်သူများအတွက် မြို့မြေ၊ ရွာမြေ အခင်းအကျင်းများစီမံချထားရေးနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် အောင်ဟိတ်နှင့် စွန်သိုက်ကျေးရွာအုပ်စုတို့မှ မြေဧက ၈ ဒသမ ၄၄ အား သက်ဆိုင်ရာတောင်သူများထံသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ စွန့်လွှတ်ခဲ့ပြီး ဖြစ်ပါသည်။ |
| ၃။ | **Capacity Building တည်ဆောက်ခြင်း** | ❖ ကမ်းဝေးငါးဖမ်းရေယာဉ်မှ ရေလုပ်သားများအား အသက်အာမခံထားရှိစေနိုင်ခဲ့သည့်အပြင် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် ငါးလုပ်ငန်းသင်တန်းကျောင်းသုံးကျောင်းမှ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဌာနတွင်းသင်တန်းသား ၁၂၄ ဦး၊ ပြင်ပသင်တန်းသား ၁၁၉၂ ဦးတို့ဖြင့် သင်တန်း (၂၇)ကြိမ်၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ဌာနတွင်းသင်တန်းသား ၉၅ ဦး၊ ပြင်ပသင်တန်းသား ၁၀၁၆ ဦးတို့ဖြင့်သင်တန်းအကြိမ်(၃၀)၊ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဌာနတွင်းသင်တန်းသား ၅၆ ဦး၊ ပြင်ပသင်တန်းသား ၆၂၄ ဦးတို့ဖြင့် သင်တန်း (၂၃)ကြိမ်၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ဌာနတွင်းသင်တန်းသား ၄၅ ဦး၊ ပြင်ပသင်တန်းသား ၁၂၃ ဦးတို့ဖြင့် သင်တန်း(၆)ကြိမ် သင်တန်းဖွင့်လှစ်ပို့ချနိုင်ခဲ့သည်။<br>❖ ငါးလုပ်ငန်းအရည်အသွေးစစ်ဆေးရေးဆိုင်ရာ သင်တန်းများအား ၂၀၁၁-၂၀၁၂ ခုနှစ်တွင် သင်တန်းသား ၂၁ ဦး၊ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် သင်တန်းသား ၁၄၈ ဦး၊ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် သင်တန်းသား ၇၅ ဦးတို့ဖြင့် သင်တန်း (၃) ကြိမ်၊ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် နိုင်ငံတကာ အဖွဲ့အစည်းများဖြစ်သော EU အကူအညီဖြင့် ဌာနတွင်း ဝန်ထမ်း ၁၇ ဦးနှင့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် FAO အကူအညီဖြင့် ဌာနတွင်းဝန်ထမ်း ၁၀၄ ဦးတို့အား ဓာတ်ခွဲခန်းဆိုင်ရာ သင်တန်းများ ပို့ချပေးနိုင်ခဲ့ပြီး FAO အကူအညီဖြင့် ဌာနတွင်းဝန်ထမ်း ၂၄၃ ဦး၊ ပြင်ပသင်တန်းသား ၅၀ ၊ ARISE အကူအညီဖြင့် ဌာနတွင်းဝန်ထမ်း ၄၃ ဦးတို့အား ငါးလုပ်ငန်းအရည်အသွေးစစ်ဆေးရေးဆိုင်ရာသင်တန်းများ ပို့ချပေးနိုင်ခဲ့ပါသည်။ |
| ၄။ | **စားနပ်ရိက္ခာဖူလုံမှုနှင့် လယ်ယာသားငါး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု** | ❖ နိုင်ငံတကာအဖွဲ့အစည်းများဖြစ်သည့် ACIAR, KOICA, FAO, IUCN,JICA, UNIDO တို့နှင့် ဆက်ဆံရေးတိုးမြှင့်နိုင်ခဲ့ပါသည်။<br>❖ စူတန်ငါးနှင့်တောင်ပေါ်ငါးသလောက်များ စမ်းသပ်ထုတ်လုပ်နိုင်ခဲ့သည့်အပြင် မြိတ်ရေငန်သားဖောက်စခန်းမှ တန်ဖိုးမြင့်ငါမွေးမြူထုတ်လုပ်နိုင်ရန်အတွက် ကျောက်ငါး၊ သားပေါက်စမ်းသပ်ထုတ်လုပ်နိုင်ခဲ့ပါသည်။<br>❖ သာကေတဓာတ်ခွဲခန်းအား ISO 17025: 2005 ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး မြို့နယ်ရုံးများ၊ Check Points များ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါသည်။<br>❖ ပြည်ထောင်စုငါးလုပ်ငန်းဆိုင်ရာဥပဒေ (Comprehensive Union Fisheries Law) ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ညှိနှိုင်းရေးဆွဲဆောင်ရွက်လျက်ရှိပါသည်။ |
| ၅။ | **သယံဇာတထိန်းသိမ်း စောင့်ရှောက်ရေး** | ❖ မြန်မာ့ပင်လယ်ပြင်တွင် Close Area, Close Season အား ညှိနှိုင်း၍ တိုးမြှင့်သတ်မှတ်ပေးနိုင်ခဲ့ပါသည်။<br>❖ မွန်ပြည်နယ်တွင် ကျောက်ပုစွန်သားဖောက်နေရာ ဧက ၇၀၀ ကျော်အား သယံဇာတ ထိန်းသိမ်းရေးအနေဖြင့် ကန့်သတ်နယ်မြေအဖြစ်သတ်မှတ်နိုင်ခဲ့ပါသည်။<br>❖ သုတေသနသဘော်ဖြင့် ငါးလုပ်ငန်းနှင့် အဏ္ဏဝါဇီဝမျိုးကွဲပြားမှု စစ်တမ်းကောက်ယူခြင်းအား ဆောင်ရွက်နိုင်ခဲ့ပါသည်။ |

## သီပေါမြို့နယ် ရဲတပ်ဖွဲ့မှူးရဲလုပ်ငန်းဆောင်ရွက်မှု သတင်းစာရှင်းလင်း

**သီပေါ ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူများ ထိတွေ့ဆက်ဆံရေးဆွေးနွေးပွဲနှင့် ရဲလုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို နိုဝင်ဘာ ၂၇ ရက် နံနက် ၁၀ နာရီက မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ သီပေါမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများမှ ယုံကြည်အားကိုးမှုရရှိစေရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန် ရဲတပ်ဖွဲ့ဝင်များမှ ရဲလုပ်ငန်းများ



နှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲများကို လစဉ်ဆောင်ရွက်သွားရန် ညွှန်ကြားလာသဖြင့် ယခုလို မီဒီယာများ၊ ရပ်မိရပ်ဖများ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူထုအခြေပြုအဖွဲ့အစည်းများ၊ ရဲတပ်ဖွဲ့နှင့် ဆက်စပ်တာဝန်ရှိသူများကို ဖိတ်ကြားချပြရှင်းလင်းဆွေးနွေးရခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့ တာဝန်ထမ်းဆောင်နေမှုများနှင့် မြို့နယ်အတွင်း မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းစေရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းကာ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မီဒီယာများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့သည်။

**စိုင်း(သီပေါ)**

## အာဆီယံမသန်စွမ်းသူများ အနုပညာပွဲတော်ဝင်ခွင့်လက်မှတ်များ အခမဲ့ထုတ်ယူနိုင်ပြီ

**ရန်ကုန် ဒီဇင်ဘာ ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ဦးဆောင်ညွှန်ကြားမှု၊ ဂျပန်နိုင်ငံအခြေစိုက် The Nippon Foundation ၏ အဓိကကူညီပံ့ပိုးမှု၊ မသန်စွမ်းအဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ်ပထမဆုံးအကြိမ်ကျင်းပမည့် "အာဆီယံမသန်စွမ်းသူများ အနုပညာပွဲတော်" ကို နေပြည်တော်နှင့် ရန်ကုန်မြို့တို့၌ ဒီဇင်ဘာ ၃ ရက်မှ ၇ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

ဒီဇင်ဘာ ၃ ရက်တွင် နေပြည်တော် MICC (၂)၌ ဖွင့်ပွဲအခမ်းအနားကို ညနေ ၆ နာရီမှ ည၁၀ နာရီအထိ ကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၅ ရက် မှ ၇ ရက်ထိကို ရန်ကုန်မြို့ မိုင်ဒါကွင်း(မြို့မကွင်း)၌ ညနေ ၃ နာရီမှ ည ၁၁ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ပွဲတော်ကို ပြည်သူများအနေဖြင့် အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းသိရပြီး ပွဲတော်ဝင်ခွင့်လက်မှတ်များကို မရမ်းကုန်းမြို့နယ် ရဲရန်အောင်မှတ်တိုင်အနီးရှိ အမှတ် (၁၇/၁၉) သာယာအေးလမ်း (၃)ရပ်ကွက် မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့ရုံးချုပ်၌လည်းကောင်း၊ လမ်းမတော်မြို့နယ်ရှိ အမှတ်(၇၉၇) ပထမထပ် MAC Tower II (မြန်မာ့အလှတာဝါ)၊ ဝါးတန်းလမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့် (ဗဟိုရ်ရုံစည်ဆေးရုံအနီးရှိ ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ))၌ လည်းကောင်း၊ လှိုင်မြို့နယ် အမှတ် (၁၄/ဘီ) ရတနာလမ်းရှိ မြန်မာနိုင်ငံမျက်မမြင်များအသင်း၌လည်းကောင်း၊ တာမွေမြို့နယ် အမှတ်(၄၆) အသောကလမ်း နတ်ချောင်းရပ်ကွက်ရှိ မြန်မာအော်တစ်ဇင်အသင်း၌လည်းကောင်း၊ ကြည့်မြင်တိုင်မြို့နယ်(စလင်းကွင်းရှေ့) အမှတ်(၁၃၂) ပန်းပင်ကြီးလမ်းရှိ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း၌လည်းကောင်း မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီအတွင်း မည်သူမဆို အခမဲ့ထုတ်ယူနိုင်ကြောင်း သိရပြီး ပြည်သူ့ရင်ပြင်၊ Happy Zone ကစားကွင်းရှိ Happy Zone နှင့် Victoria shopping mall (လှိုင်သာယာ)နေရာ နှစ်နေရာ၌ ညနေ ၃ နာရီမှ ည ၇ နာရီအတွင်း မည်သူမဆို အခမဲ့ထုတ်ယူနိုင်ပြီဖြစ်ကြောင်း မြန်မာမီလီအဖွဲ့မှ စုံစမ်းသိရသည်။

**တင်လှမောင်**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ပထမအကြိမ် နိုင်ငံတကာအဆင့်(၁)လက်မှတ်အတွက် ကျွမ်းကျင်မှုစစ်ဆေး



**ရန်ကုန် ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့က ကြီးမှူးကျင်းပသော ပထမအကြိမ် နိုင်ငံတကာအဆင့်(၁) လက်မှတ်အတွက် ကျွမ်းကျင်မှုစစ်ဆေး အကဲဖြတ်ခြင်းကို နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မြနန္ဒာလမ်းရှိ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ ကျင်းပသည်။

မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့သည် ဂျာမန်ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၏ပံ့ပိုးမှုဖြင့်နိုင်ငံအဆင့်ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်းနှင့်အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်း၊ ရွေ့ပြေးစီမံချက်ကို အပတ်စဉ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် ပထမအကြိမ် နိုင်ငံအဆင့် ကျွမ်းကျင်မှု အဆင့်(၁) လက်မှတ်အတွက် ကျွမ်းကျင်မှု စစ်ဆေးခြင်းကို လေအေးပေးစက် တပ်ဆင်/ပြင်ဆင်ခြင်း၊ ဂဟေဆက်၊ လျှပ်စစ်ကျွမ်းကျင်၊ အဆောက်အအုံ လက်သမား၊ ပရိဘောဂလက်သမား နှင့် စားပွဲထိုးဟူသည့် အလုပ်အကိုင် ခြောက်မျိုးအတွက် စတင်ဆောင်ရွက်နေကြောင်း သိရသည်။

ယင်းအလုပ်အကိုင် ခြောက်မျိုးအတွက် တစ်မျိုးစီတွင် ကျွမ်းကျင်မှု အဆင့်(၁)နှင့် ကိုက်ညီသော ဖြေဆိုသူအလုပ်သမားများကို ကျွမ်းကျင်မှု အကဲဖြတ်၍ နိုင်ငံအဆင့်အသိအမှတ်ပြုလက်မှတ်များ ထုတ်ပေးမည်ဖြစ်သည်။ မြန်မာနိုင်ငံလုပ်သားထုအတွက် ကျွမ်းကျင်အဆင့်လေးဆင့် သတ်မှတ်လျာထား ဆောင်ရွက်လျက်ရှိရာ ရွေ့ပြေးစီမံချက်တွင် စုစုပေါင်း အလုပ်အကိုင် ၂၅ မျိုးအတွက် နိုင်ငံအဆင့်ကျွမ်းကျင်မှုကို စစ်ဆေးအကဲဖြတ်ပြီး အရည်အချင်းပြည့်မီ အောင်မြင်သူများကိုသာ နိုင်ငံအဆင့်ကျွမ်းကျင်မှုအဆင့်(၁)လက်မှတ်ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်း ဆောင်ရွက်နေမှုကို စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သတ္တုနှင့် အင်ဂျင်နီယာလုပ်ငန်းဆိုင်ရာ အလုပ်အကိုင်ကျွမ်းကျင်မှုစံသတ်မှတ်ရေးကော်မတီဥက္ကဋ္ဌ ဦးသွင်မြင့်မောင်နှင့် တာဝန်ရှိသူများ လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

❒ *ရှေ့ဖုံးမှ*

ပေးလို့ရတဲ့ အနေအထားရောက်နေပါပြီ" ဟု လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်အကောင်အထည်ဖော်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစန်းဝေက မြန်မာ့အလင်းသို့ ပြောကြားသည်။

အထက်ပေါင်းလောင်းရေအား လျှပ်စစ်စီမံကိန်းသည် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့၏ အရှေ့ဘက် ၂၆ မိုင်ခန့်အကွာ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်ကယားပြည်နယ်စပ်တို့ သုံးပွင့်ဆိုင်ပေါင်းဆုံရာနေရာအနီး ပေါင်းလောင်းမြစ်ပေါ်၌ တည်ဆောက်ထားခြင်းဖြစ်သည်။

ယင်း အထက်ပေါင်းလောင်း ရေအားလျှပ်စစ် စီမံကိန်းကို အကောင်အထည်ဖော်မှုတွင် စူးစမ်းလေ့လာမှု၊ ဒီဇိုင်းဖော်ရေးဆွဲမှု လုပ်ငန်းမှုများကို ၂၀၀၂ ခုနှစ်က ဂျပန်နိုင်ငံ KANSAI Electric Power ကုမ္ပဏီမှ အင်ဂျင်နီယာများနှင့် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ အင်ဂျင်နီယာဝန်ထမ်းများ ပူးပေါင်းကွင်းဆင်းလေ့လာပြီး ပဏာမအစီရင်ခံစာပြုစုခဲ့ကြောင်း၊ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံ Colenco Power Engineering မှ ပညာရှင်များ ကွင်းဆင်းစူးစမ်းလေ့လာတွေ့ရှိချက်များအပေါ် အခြေခံ၍ ပဏာမဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာ တင်သွင်းပြီးနောက် နိုင်ငံတော်၏ ငွေကြေးရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ငန်းများ အဆင့်ဆင့်ဆောင်ရွက်ခဲ့ကြကြောင်း လေ့လာသိရှိရသည်။

အဆိုပါ စီမံကိန်းတွင် အဓိက တည်ဆောက်မှု ပင်မတမံနှင့် ရေအားအဆောက်အအုံများ၊ ရေအားပေးစက်ရုံများအတွက် ပေါင်းလောင်းမြစ်ရေလွှဲခြင်းလုပ်ငန်းကို ဦးစွာဆောင်ရွက်ခဲ့ကြကြောင်း၊ မြစ်ရေလွှဲနိုင်ရန်အတွက် အလျား ၉၆၈ ပေ၊ အကျယ် ၃၃ ပေရှိသည့် ရေလွှဲဥမင်လိုဏ်တစ်ခုကို ကနဦးဆောင်ရွက်ပြီးနောက် မြစ်ရေလွှဲခြင်းကို ၂၀၀၈ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။ ပေါင်းလောင်းမြစ်ရေကို ဥမင်လိုဏ်အဖြစ် လွှဲထုတ်ပြီးသည့်နောက် မူလပေါင်းလောင်းမြစ်ကြောင်းပေါ်တွင် ပင်မတမံ RCC (Roler Compacted Concrete) အမျိုးအစားကို မြန်မာ အင်ဂျင်နီယာများဖြင့်သာ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် ပင်မတမံလုပ်ငန်း ပြီးစီးခဲ့ကြောင်း သိရသည်။

"ဒီပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းရဲ့ ပင်မတမံ RCC က ကျွန်တော်တို့ဝန်ထမ်း မြန်မာအင်ဂျင်နီယာတွေနဲ့ပဲ တည်ဆောက်ခဲ့တာဖြစ်ပါတယ်။ ဒီကွန်ကရစ်တမံက မြန်မာနိုင်ငံမှာ ဒုတိယမြောက်ကွန်ကရစ်တမံဖြစ်ပါတယ်။ ပထမဆုံးလုပ်တဲ့ ကွန်ကရစ်တမံက ရဲရွာရေအားလျှပ်စစ်စီမံကိန်းရဲ့ တမံဖြစ်ပါတယ်။ အဲဒီရဲရွာစီမံကိန်းတုန်းက ပြည်ပပညာရှင်တွေ ပါဝင်ခဲ့ပါတယ်။ အခုဆောက်လုပ်တဲ့ ပင်မတမံက အလျားပေ ၁၆၉၀၊ အမြင့် ၃၂၂ ပေ ရှိပါတယ်။ RCC ကွန်ကရစ်ကျင်းပေါင်း၃၃၅၇၀၀ ကျင်းခန့်ဖြင့် ဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှာ ပင်မတမံ လုပ်ငန်း အောင်မြင်စွာပြီးဆုံးခဲ့ပါတယ်" ဟု လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကိုကိုက ရှင်းပြသည်။

လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ပင်မတမံ၏အောက်ခြေတွင် တည်ဆောက်ခြင်းဖြစ်ပြီး ယင်းဓာတ်အားပေးစက်ရုံ၌ ဖရန်စစ်တာဘိုင် (Francis Turbine) အမျိုးအစား မဂ္ဂါဝပ် ၇၀ စီရှိသော ဓာတ်အားပေးစက်ရုံ Generator နှစ်လုံး တပ်ဆင်ထားသည်ကို တွေ့ရသည်။ အဆိုပါ ဓာတ်အားပေးစက်နှစ်လုံးမှ ထွက်ရှိလာသော ဓာတ်အားစုစုပေါင်းသည် မဂ္ဂါဝပ် ၁၄၀ ရှိပြီး နိုင်ငံတော်ဓာတ်အားစနစ် (National Grid) သို့ ၂၃၀ ကေဗွီဓာတ်အားလိုင်းကြိုးဖြင့် ပို့လွှတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံ၏ စက်တပ်အင်အားမဂ္ဂါဝပ် ၁၄၀ မှ လျှပ်စစ်ဓာတ်အား တစ်နှစ်လျှင် ပျမ်းမျှကီလိုဝပ်နာရီ ၄၅၄ သန်း ထုတ်လွှတ်နိုင်မည် ဖြစ်သကဲ့သို့ အောက်ဘက်တွင် တည်ဆောက်ထားသည့် ပေါင်းလောင်းရေအား လျှပ်စစ် ဓာတ်အားပေးစက်ရုံ၏ တစ်နှစ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်မှု ကီလိုဝပ်နာရီ ၉၁၁ သန်းမှ ကီလိုဝပ်နာရီ ၉၄၃ သန်းအထိ တိုးမြှင့်၍ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အထက်ပေါင်းလောင်းရေအား လျှပ်စစ်စီမံကိန်းသည် လက်ရှိပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအားကို ပိုမိုတိုးတက်စေမည့်အပြင် နိုင်ငံတော်၏ ဓာတ်အားလိုအပ်ချက်ကို ထပ်မံဖြည့်ဆည်းပေးရာ ရောက်သဖြင့် နိုင်ငံတော်နှင့်ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလာမည့် စီမံကိန်းတစ်ခုပင် ဖြစ်ပါကြောင်း. . .။

## ကယားပြည်နယ်၊ ဆည်မြောင်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(၁) ရေပေးမြောင်းပြုပြင်ခြင်းလုပ်ငန်း

(၂) ရေလှောင်တမံပြုပြင်ခြင်းလုပ်ငန်း

(၃) လယ်ယာထုတ်ကုန်လမ်းအား ကျောက်ချောလမ်းအဖြစ်ခင်းခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ကယားပြည်နယ်၊ ဆည်မြောင်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးရုံးတွင် ၄-၁၂-၂၀၁၄ရက်တွင် စတင်ရောင်းချပေးမည်ဖြစ်ပါပြီး ၁၉-၁၂-၂၀၁၄ ရက် ၁၆:၀၀နာရီနောက်ဆုံးထား၍ တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်၊ ဆည်မြောင်းဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးရုံး၊ လွိုင်ကော်မြို့၊ ဖုန်း-၀၈၃-၂၁၀၄၀၊ ၀၈၃-၂၁၅၂၃ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## ဝန်ထမ်းအလိုရှိသည်

ကြို့ပင်ကောက်မြို့၊ အောင်မြင်မြင့်မိုရ်ဆေးရုံတွင် တာဝန်ထမ်းဆောင်ရန် အရည်အချင်းပြည့်ဝပြီး ဆက်ဆံရေးကောင်းမွန်သော အောက်ဖော်ပြပါ ကျွမ်းကျင်ဝန်ထမ်းများ အလိုရှိပါသည်။

၁။ အထူးကုဆရာဝန်များ

၂။ ဆရာဝန်များ

၃။ သူနာပြုများ

၄။ ဧည့်ကြိုဝန်ထမ်း

၅။ ဓာတ်ခွဲခန်းကျွမ်းကျင်

တစ်ဦးချင်းစီ၏ အရည်အချင်းပေါ်မူတည်၍ ထိုက်တန်သောလစာ၊ ဝန်ထမ်းအိပ်ခန်းနှင့် အခြားခံစားခွင့်များစွာ စီစဉ်ပေးပါမည်။

**အောင်မြင်မြင့်မိုရ်ဆေးရုံ၊ ရန်ကုန်-ပြည်လမ်း၊ ကြို့ပင်ကောက်မြို့(သို့မဟုတ်)**e-mail hr.ammmhospital@gmail.com **သို့ လျှောက်လွှာများပေးပို့နိုင်ပါသည်။**

**အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၂၅၀၁၇၅၅၇၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။**

## ပျောက်ဆုံးခြင်း

ကျွန်တော် ဦးအိုက်စံ ၁၃/တကန(နိုင်)၁၂၃၂၄၂၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၀၅၀၀၆၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်မြို့နေ ဦးအဒူဆလံ(ခ)ဦးထင်ကျော်(ခ)ဦးမြင့်စိန် ၁၂/မဂတ(နိုင်)၁၄၁၃၄၅သည် တစ်ဦးတည်းဖြစ်ပါသည်။

**ဦးထင်ကျော်(ခ)ဦးမြင့်စိန်**



ပြည်တွင်းသတင်းနှင့် ကြော်ငြာ






# နိုင်ငံတော်သံစုံတီးဝိုင်းတေးဂီတဖျော်ဖြေပွဲ ၂၀၁၄ တင်ဆက်ဖျော်ဖြေ

ရန်ကုန်  ဒီဇင်ဘာ  ၂

**မြန်မာ-ဂျပန် သံတမန်ဆက်ဆံရေး ထူထောင်ခြင်း နှစ်(၆၀)ပြည့် အထိမ်းအမှတ် မြန်မာ-ဂျပန် ပူးပေါင်းတင်ဆက်ဖျော်ဖြေသည့် တေးဂီတဖျော်ဖြေပွဲကြီးကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ တင်ဆက်ဖျော်ဖြေကြသည်။** (အပေါ်ပုံ)

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နိုင်ငံတော်သံစုံတီးဝိုင်းအဖွဲ့နှင့်အတူ အသက်သုံးနှစ်အရွယ်ကတည်းက စန္ဒရားကို စတင်တီးခတ်ခဲ့သူ ဂျပန်စန္ဒရားပညာရှင် Ms. Kyoko Koyama၊ တေးဂီတဆိုင်ရာ လေ့ကျင့်သင်တန်းပေးမှုများအပြင် မြန်မာ့ရိုးရာတေးသီချင်းများကို သံစုံတီးဝိုင်း Symphony Orchestra နှင့် ဖျော်ဖြေနိုင်အောင် ဖန်တီးရေးသားပေးသူ Professional Conductor Mr.Yunosuke Yamamoto တို့က မြန်မာ့တေးသီချင်းများနှင့် တေးဂီတပူးပေါင်းဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေပွဲအပြီးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေးက ဂျပန်စန္ဒရားပညာရှင် Ms.Kyoko Koyama နှင့် Professional Conductor Mr. Yunosuke Yamamoto တို့အား ဂုဏ်ပြုပန်းစည်းလက်ဆောင်များကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီးနှင့်ဇနီးတို့က နိုင်ငံတော်သံစုံတီးဝိုင်းအား ဂုဏ်ပြုပန်းခြင်းလက်ဆောင်ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

တေးဂီတဖျော်ဖြေပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုက်ထွေး၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E.Mr. Tateshi HIGUCHI နှင့်ဇနီး၊ ဌာနဆိုင်ရာနှင့် ဂျပန်-မြန်မာ ဖောင်ဒေးရှင်းတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် တေးဂီတချစ်မြတ်နိုးသူပရိသတ်များ ကြည့်ရှုအားပေးကြသည်။

နိုင်ငံတော် သံစုံတီးဝိုင်းကြီးကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက ၂၀၀၂ ခုနှစ် တွင် စတင်ဖွဲ့စည်းခဲ့သည်။ အမေရိကန်၊ အင်္ဂလန်၊ ဩစတြေးလျ၊ ဂျာမနီ၊ ထိုင်းနှင့် ဂျပန်နိုင်ငံတို့မှ ဂီတပညာရှင်များက လာရောက်သင်ကြားပြသပေးလျက်ရှိပြီး နိုင်ငံတော်သံစုံတီးဝိုင်းမှ အနုပညာရှင်တချို့ကလည်း ပြည်ပနိုင်ငံများသို့ အနုပညာဘာသာရပ်များကို သွားရောက်သင်ကြားခြင်းနှင့် ဖျော်ဖြေခြင်း၊ ပြည်တွင်းနှင့်ပြည်ပ ဂီတပညာရှင်များနှင့် ပူးပေါင်း၍လည်း ဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **ရီရီမြင့်**

# ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား ဘယ်သူလဲ

**ကောင်းမြတ်သူ ရေးသည်**

စီရော်နယ်ဒို၊ မက်ဆီနှင့် နူအာတို့အား ယခုနှစ် အကောင်းဆုံး ဘောလုံးသမားဆု Ballon d'orprize အတွက် ဆန်ခါတင်သုံးဦး ရွေးချယ်လိုက်ပြီဖြစ်ကြောင်း ဖီဖာက ကြေညာသည်။ ၎င်းတို့သုံးဦးအား မူလရွေးချယ်ထားသည့် ၂၃ ဦးအနက်မှ ရွေးချယ်လိုက်ခြင်းဖြစ်သည်။ မူလစာရင်းတွင် ဂါရက်ဘေးလ်ပါဝင်သည်။ ယခုနှစ် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆုကို ဇန်နဝါရီ ၁၂ ရက်တွင် ကြေညာသွားမည်ဖြစ်သည်။ ရီးရဲမက်ဒရစ်တိုက်စစ်မှူး စီရော်နယ်ဒိုသည် အဆိုပါဆုကို ၂၀၁၃ ခုနှစ်ကလည်းဆွတ်ခူးခဲ့သည်။ ထိုအတောအတွင်း ရီးရဲမက်ဒရစ်နည်းပြ အန်ဆယ်လော့တီ၊ ဂျာမနီအသင်းကို ကမ္ဘာ့ဖလားဆွတ်ခူးပေးခဲ့သူ နည်းပြဂျိုအာချင်လိုနှင့် အက်သလက်တီကို နည်းပြ စီမြွန်နီတို့ကို အကောင်းဆုံးနည်းပြ ဆန်ခါတင်သုံးဦးအဖြစ် ကြေညာခဲ့သည်။ အသက် ၂၉ နှစ်ရှိ ပေါ်တူဂီကစားသမား စီရော်နယ်ဒိုသည် ၂၀၁၃-၂၀၁၄ ရာသီတွင် ၅၁ ဂိုး သွင်းယူခဲ့သည်။ ထိုအတောအတွင်း ရီးရဲမက်ဒရစ်ကို ချန်ပီယံလိဂ်ဖလား ရယူပေးနိုင်ခဲ့သည်။

၎င်းသည် ၂၀၁၃ ခုနှစ်က ဘိုင်ယန်မြူးနစ်က ဖရန့်ရစ်ဘာရီနှင့် ဘာစီလိုနာမှ မက်ဆီတို့ကို ကျော်ဖြတ်ကာ အကောင်းဆုံးဘောလုံးသမားဆု ဆွတ်ခူးခဲ့သည်။ အသက် ၂၇ နှစ်ရှိ မက်ဆီသည် အဆိုပါဆုကို ၂၀၀၉၊ ၂၀၁၀၊၂၀၁၁ နှင့် ၂၀၁၂ ခုနှစ်များက ဆွတ်ခူးခဲ့သည်။ အာဂျင်တီးနားတိုက်စစ်မှူး မက်ဆီသည် ပြီးခဲ့သည့်လက လာလီဂါသမိုင်းတွင် ဂိုးအများဆုံးသွင်းယူသူအဖြစ် စံချိန်တင်ခဲ့သည်။ ထို့အပြင် ချန်ပီယံလိဂ်တွင်လည်း ဂိုးအများဆုံး သွင်းယူထားသည်။ ထိုအတောအတွင်း ဘိုင်ယန်မြူးနစ်ဂိုးသမား နူအာသည် ၂၀၀၂ ခုနှစ်က အိုလီဗာခမ်းပြီးနောက် ဂိုးသမားများတွင် ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားဆု ဆန်ခါတင်သုံးဦးတွင် ပထမဆုံးပါဝင်လာသည်။ နူအာသည် ဘရာဇီး၌ ကျင်းပခဲ့သော ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂျာမနီအသင်းကို ဖလားဆွတ်ခူးနိုင်အောင် ဂုဏ်ဆောင်ခဲ့သူဖြစ်သည်။

# မြန်မာ့အသံ(ရေဒီယို)နှင့် BBC Media Action တို့ ရေဒီယိုဇာတ်လမ်းတွဲ ပူးပေါင်းထုတ်လွှင့်မည်

**နေပြည်တော်  ဒီဇင်ဘာ  ၂**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် အများပြည်သူဝန်ဆောင်မှု ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းလုပ်ငန်း (Public Service Broadcasting) အဖြစ်သို့ ပြောင်းလဲဆောင်ရွက်လျက်ရှိရာတွင် BBC Media Action အပါအဝင် နိုင်ငံတကာ ရုပ်သံလွှင့်ဌာနများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအတွင်း လူမျိုးရေးနှင့် ဘာသာရေးဆိုင်ရာ မတူကွဲပြားမှုများအကြား ပဋိပက္ခကိုရှောင်ရှားပြီး ငြိမ်းချမ်းစွာအတူလက်တွဲနေထိုင်နိုင်ရေးကိုရည်ရွယ်သည့် ရေဒီယိုဇာတ်လမ်းတွဲအစီအစဉ်ကို မြန်မာ့အသံ (ရေဒီယို)နှင့် BBC Media Action တို့ ပူးပေါင်းထုတ်လွှင့်သွားမည် ဖြစ်သည်။

အဆိုပါဇာတ်လမ်းတွဲကို ရေဒီယိုဇာတ်လမ်းတွဲထုတ်လုပ်မှုဆိုင်ရာ နိုင်ငံတကာဆုတံဆိပ်များစွာ ရရှိထားသည့် အင်္ဂလန်နိုင်ငံသူ Ms. Fiona Ledgon က တာဝန်ခံထုတ်လုပ်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အသံသရုပ်ဆောင်သစ်များဖြင့် ဖွဲ့စည်းထုတ်လုပ်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇာတ်လမ်းတွဲတစ်ပိုင်းလျှင် ၁၅ မိနစ်စီ ကြာမြင့်ပြီး အပိုင်း ၂၆ ပိုင်းဖြင့် ထုတ်လုပ်မည့် အဆိုပါရေဒီယိုအသံလွှင့်ဇာတ်လမ်းတွဲကို ၂၀၁၅ ခုနှစ် မေလဆန်းမှစတင်ကာ မြန်မာ့အသံ (ရေဒီယို)အစီအစဉ်မှ ခြောက်လကြာမျှ အပတ်စဉ် အစီအစဉ်ဖြစ် ထုတ်လွှင့်သွားရန် စီစဉ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများညှိနှိုင်းဆွေးနွေး

**လယ်ဝေး ဒီဇင်ဘာ ၂**

နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် သစ်ပုတ်ပင်ကျေးရွာအုပ်စု အပါအဝင် ကျေးရွာ ၂၇ ရွာခန့်တွင် အများစုသည် ယခင်ကမီးရထားလမ်းတစ်ခုတည်းကိုသာ အားထားသွားလာနေရသည့် ကျေးရွာများဖြစ်သည်။ ယခုအခါ နေပြည်တော်ကောင်စီ၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် စမ်းကလေး- သစ်ပုတ်ပင်ကားလမ်းကို ဖောက်လုပ်ခဲ့ရာ ရာသီမရွေးသွားလာနိုင်တော့မည်ဖြစ်သည်။ အဆိုပါလမ်းများ ဖောက်လုပ်နေသည့် သစ်ပုတ်ပင်ကျေးရွာနှင့် ကန်သာကျေးရွာများသို့ နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီက နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှရှောင်နှင့် တာဝန်ရှိသူများ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေသည် သစ်ပုတ်ပင်အထကနှင့် ကန်သာအထကရှိ တက္ကသိုလ်ဝင်တန်းဖြေဆိုမည့် ကျောင်းသားကျောင်းသူများအားတွေ့ဆုံစဉ် အောင်ချက်မြင့်မားရေးနှင့် ထူးချွန်စွာအောင်မြင်ရေးတို့ကို မှာကြားခဲ့သည်။

ထို့နောက် သစ်ပုတ်ပင်ကျေးရွာတိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးကာ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ နေပြည်တော်ကောင်စီဝင်သည် နိုဝင်ဘာ ၂၆ ရက်တွင် သစ်ကြိမ်းအုပ်စု ဗောဓိကုန်းကျေးရွာ၌ ဇလီငှက်ကြီးတောင်အုပ်စုနှင့်သစ်ကြိမ်းကျေးရွာအုပ်စုတို့မှ ဒေသခံများနှင့်တွေ့ဆုံ၍ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာအားလုံး ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကျန်းမာရေးဌာနခွဲများရရှိရေး၊ ကျောင်းအဆင့် တိုးမြှင့်ရေးဆိုင်ရာကိစ္စများကို ညှိနှိုင်းဆွေးနွေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သူဇာလှိုင်(စက်မှု)**

**ပျောက်ဆုံးကြောင်း**
ကျွန်တော် စောထူးထူးဝင်း ၃/ကကရ (နိုင်)၁၃၀၅၁၈ ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၃၁၈၇၃၂၆၅

**စက်ရုံဂိုဒေါင်နှင့် ပါရမီတိုက်ခန်းငှားရမ်းရန်ရှိသည်**
လှိုင်သာယာစက်မှုဇုန်(၃)ရှိ (၁)10500 Sqft
(၂) 3080 Sqft ဂိုဒေါင်နှင့် (၃)ပါရမီအိမ်ရာ စိန်ဂေဟာအေး
1000 Sqft တိုက်ခန်းငှားရမ်းရန်ရှိပါသည်။
ဆက်သွယ်ရန် ဖုန်း-၆၈၅၆၂၃၊ ၆၈၅၆၃၈

**ရွှေနဂါး** (ခရီးတိုက်ကြိုင်း)
ကျိုက်ထီးရိုး(နေ့စဉ်)-35000
ချောင်းသာ (နေ့စဉ်)-55000
ကားမျိုးစုံ စီးလုံးငှားသည်။
209077, 209388, 09-73167000

**ရွှေကြေးစည် - ကျိုက်ထီးရိုး / ချောင်းသာ** (နေ့စဉ်)
▲အလိုတော်ပြည့်ဆုတောင်းပွဲ၊ပုဂံ၊ပုပ္ပါး၊ပခုက္ကူ။ ဆက်၍မန္တလေး-ပြင်ဦးလွင်အနံ့
▲(အလောင်း၊တော်ကသာ၊သပြေစစ်ကိုင်း၊မုံရွာအနံ့)။ ဆက်၍မန္တလေး-ပြင်ဦးလွင်အနံ့
▲တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ်မံစမ်းဂူ
▲(လားရှိုး၊မူဆယ်၊ရွှေလီ) ▲ (ကျိုက္ကမီ၊မော်လမြိုင်၊စက်စဲ)
▲(ထားဝယ်ရှင်ကိုးရှင်-မောင်းမကန်) (ဝလွန်) (နေပြည်တော်)
အပတ်စဉ်သောကြာ လက်မှတ်ရောင်း/စင်းလုံးငှား
ပန်းဆိုးတန်း☎01-240860/01-372290 ဒေါ်ပုံ09-49282825 ကမာကြည်09421029191

**ဦးသာရင်** ၏ **သွက်ချာပါဒ လေငန်းဆေးပြား**
နဂါးအမှတ်တံဆိပ်
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် -TMR ၀၀၁၅၂၀ (၀၅၁၃)
လေဖြတ်၊ လေငန်းရောဂါ ကာကွယ်ကုသရန်နှင့် လေရောဂါများအတွက်သောက်သုံးနိုင်ပါသည်။
Certificate TH09/3125
Certificate TH06/3966.01
ISO 9001:2008 နှင့် GMP လက်မှတ်ရ ဦးသာရင်ဆေးတိုက် (၁၀/၂၀၁၁ တဆဆလ(တိုး) ၁၀၉) အမှတ် ၁၃၀/၆၊ ငါးထပ်ကြီးဘုရားလမ်း၊ ရန်ကုန်မြို့မှထုတ်လုပ်သည်။

ရွှေဆောင်(၁) ဖုန်း- 252113, 388034
မင်္ဂလာစံပြ ဖုန်း -၀၉၇၃၁၃၇၆၀၀၀၊ ၀၉၇၃၁၃၇၆၁၁၁ ၀၉၇၃၁၃၇၆၂၂၂
နေပြည်တော် ဖုန်း- 251277, 251288
မင်္ဂလာစံပြ ဖုန်း -၀၉၇၃၁၃၇၆၀၀၀၊ ၀၉၇၃၁၃၇၆၁၁၁ ၀၉၇၃၁၃၇၆၂၂၂
မင်္ဂလာ (၂) ဓရုံစင်တာ(၂) မြေနီကုန်း ဖုန်း - ၀၉၇၃၂၅၄၀၉၁၊ ၀၉၇၃၂၅၄၀၉၂
မင်္ဂလာဒိုင်းမွန်း ဒိုင်းမွန်းပလာဇာ(၅)လွှာ၊ မန္တလေး ဖုန်း - ၀၉၄၀၂၇၆၅၆၄၁၊ ၀၉၄၀၂၇၆၅၆၄၂
နေပြည်တော် ဖုန်း- 251277, 251288
မန္တလေး မြို့မ (နံနက် ၁၀း၀၀နာရီ) ဖုန်း- ၃၉၁၃၆၊ ၃၉၁၃၇









ကြော်ငြာ


စက္ကန့်ဖိုးပဲ ပေးပါ။
အခုမြန်မာပြည်တွင်း ဘယ်ဖုန်းကိုပဲ ခေါ်ခေါ် စက္ကန့်ခြောက်ဆယ်
ကို ၂၅ကျပ်ပဲ ကျသင့်ပါတယ်။
ooredoo.com.mm
ooredoo
၁စက္ကန့်
=
၄၂ပြား
စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို ပိုမိုသိရှိနိုင်ရန်
www.ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုပါ။

ဥပဒေကြမ်း

# မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်း

**မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေကြမ်း**
**(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်   ။)**
**၁၃၇၆ ခုနှစ်၊ လ ရက်**
**၂၀၁၄ ခုနှစ်၊ လ ရက်**

**နိဒါန်း**

မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားတို့၏ ထိမ်းမြားခြင်း၊ ကွာရှင်းခြင်း၊ အမွေဆက်ခံခြင်း၊ ပစ္စည်းခွဲဝေခြင်း၊ သားသမီးထိန်းသိမ်းခြင်း စသည်တို့နှင့်စပ်လျဉ်းသည့် အခွင့်အရေးများကို မျှတစွာ ရရှိခံစားနိုင်ရန်နှင့်ထိရောက်သည့် ကာကွယ်မှုပေးနိုင်ရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ သက်ဆိုင်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **"မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာ ဥပဒေ"**ဟု ခေါ်တွင်စေရမည်။

၂။ (က) ဤဥပဒေသည် ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားတို့နှင့် သက်ဆိုင်စေရမည်။

(ခ) ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားတို့၏ထိမ်းမြားရေး၊ လင်မယားကွာရှင်းရေး၊ ပစ္စည်းခွဲဝေရေး၊ အမွေဆက်ခံရေး၊ သားသမီးထိန်းသိမ်းရေးတို့နှင့် သက်ဆိုင်သည့် အငြင်းပွားမှုများကို တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များကို အထောက်အထားပြု၍ ဤဥပဒေအရ ဆုံးဖြတ်ရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **"နိုင်ငံသား"** ဆိုသည်မှာ မြန်မာနိုင်ငံသားဥပဒေတွင် နိုင်ငံသားအဖြစ် ဖော်ပြထားသည့် မြန်မာနိုင်ငံသားကို ဆိုသည်။

(ခ) **"ဗုဒ္ဓဘာသာဝင်မိန်းမ"** ဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်သည့်အပြင် ဗုဒ္ဓဘာသာကိုးကွယ်သောမိန်းမ သို့မဟုတ် ဗုဒ္ဓဘာသာကိုးကွယ်သောမိဘတို့မှ မွေးဖွားသော မိန်းမကို ဆိုသည်။ သို့ရာတွင် ထိုမိန်းမသည် ဗုဒ္ဓဘာသာမှ အခြားဘာသာတစ်ခုခုသို့ အထင်အရှားကူးပြောင်း၍ ထိုအခြားဘာသာကို တရားဝင်ကူးပြောင်းကိုးကွယ်လျက်ရှိလျှင် ဗုဒ္ဓဘာသာကိုးကွယ်သော မိဘတို့မှ မွေးဖွားသည်ဟူသော အကြောင်းသက်သက်ကြောင့် ဗုဒ္ဓဘာသာဝင်မိန်းမဖြစ်သည်ဟု မမှတ်ယူရ။

(ဂ) **"မှတ်ပုံတင်အရာရှိ"** ဆိုသည်မှာ ဤဥပဒေအရ ထိမ်းမြားမှု မှတ်ပုံတင်အရာရှိကို ဆိုလိုသည်။

**အခန်း(၂)**

**ဤဥပဒေနှင့်မသက်ဆိုင်သူများ**

၄။ ဗုဒ္ဓဘာသာဝင်အချင်းချင်းထိမ်းမြားခြင်းနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သူအချင်းချင်းထိမ်းမြားခြင်းသည် ဤဥပဒေနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၅။ ဗုဒ္ဓဘာသာဝင် မိန်းမနှင့် ဗုဒ္ဓဘာသာဝင် ယောကျ်ားတို့ ထိမ်းမြားခြင်းသည် မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေတို့နှင့် သက်ဆိုင်သည်။

၆။ ဗုဒ္ဓဘာသာဝင်မိန်းမ နှင့် ဗုဒ္ဓဘာသာဝင်ယောကျ်ားတို့၏ ထိမ်းမြားရေး၊ လင်မယားကွာရှင်းရေး၊ အမွေဆက်ခံရေး၊ ပစ္စည်းခွဲဝေရေး၊ သားသမီးထိန်းသိမ်းရေးတို့နှင့် ပတ်သက်သည့် အငြင်းပွားမှုများကို မြန်မာဓလေ့ထုံးတမ်းဥပဒေ၊ တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေတို့အရ ဆုံးဖြတ်ရမည်။

၇။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတို့ ထိမ်းမြားခြင်းသည် ၎င်းတို့နှင့် သက်ဆိုင်သည့် တည်ဆဲဥပဒေ၊ ဘာသာ၊ ဓလေ့ထုံးတမ်းနှင့် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေတို့နှင့် သက်ဆိုင်သည်။

၈။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတို့၏ ထိမ်းမြားရေး၊ လင်မယားကွာရှင်းရေး၊ အမွေဆက်ခံရေး၊ ပစ္စည်းခွဲဝေရေး၊ သားသမီးထိန်းသိမ်းရေးတို့နှင့် ပတ်သက်သည့် အငြင်းပွားမှုများကို ၎င်းတို့နှင့်သက်ဆိုင်သည့် တည်ဆဲဥပဒေ၊ ဘာသာ၊ ဓလေ့ထုံးတမ်းနှင့် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေတို့အရ ဆုံးဖြတ်ရမည်။

**အခန်း (၃)**

**ဤဥပဒေအရ ထိမ်းမြားနိုင်သူများ**

၉။ အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးနှင့် အသက် ၁၈ နှစ်ပြည့်ပြီးဖြစ်သည့် ဗုဒ္ဓဘာသာဝင် မိန်းမတစ်ဦးတို့သည် အောက်ဖော်ပြပါအချက်များနှင့်ပြည့်စုံလျှင် ဤဥပဒေအရ ထိမ်းမြားနိုင်သည်-

(က) နှစ်ဦးစလုံးမှာ စိတ်ပေါ့သွပ်သူများ မဖြစ်စေရ၊

(ခ) သွေးဆောင်ခြင်း၊ ဖြားယောင်းခြင်း၊ အနိုင်အထက်ပြုခြင်း၊ မလျော်သြဇာသုံးခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အလွဲပြောဆိုခြင်းတို့အရမဟုတ်ဘဲ မိမိတို့၏ လွတ်လပ်သော ဆန္ဒအရ ထိမ်းမြားရန် သဘောတူညီခြင်းဖြစ်ရမည်၊

(ဂ) အသက် ၂၀ နှစ် မပြည့်သေးသည့်မိန်းမဖြစ်လျှင် မိဘ၏သဘောတူညီချက်ကိုသော်လည်းကောင်း၊ မိဘတို့သေဆုံးပါမူ အမှန်အုပ်ထိန်းသူသို့တည်းမဟုတ် တရားဥပဒေအရ အုပ်ထိန်းသူရှိလျှင် ထိုအုပ်ထိန်းသူ၏ သဘောတူညီချက်ကိုသော်လည်းကောင်း ရရှိပြီးဖြစ်ရမည်၊

(ဃ) မိန်းမသည် မပြတ်စဲသော တရားဝင်လင်ယောကျ်ားမရှိစေရ၊

(င) ယောကျ်ားသည် မပြတ်စဲသော တရားဝင်မိန်းမ မရှိစေရ။

**အခန်း (၄)**

**ဤဥပဒေအရထိမ်းမြားခြင်း**

၁၀။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးသည် ဤဥပဒေအရ ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ ဖြစ်သည်။

၁၁။ ဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးတို့ထိမ်းမြားရန်ရည်ရွယ်သည့်အခါ ၎င်းတို့တစ်ဦးဦး နေထိုင်လျက်ရှိသည့် ဒေသရှိ မှတ်ပုံတင်အရာရှိထံ သတ်မှတ်ထားသည့်ပုံစံဖြင့် ၎င်းတို့တစ်ဦးဦးက လျှောက်ထားနိုင်သည်။

၁၂။ လျှောက်လွှာနှင့်အတူ အခန်း (၃) ပုဒ်မ ၉ ပါ အချက်များ ပြည့်စုံမှန်ကန်ကြောင်း လျှောက်ထားသူတို့၏ ဝန်ခံချက်ပါရှိသည့် ကျမ်းကျိန်လွှာပူးတွဲတင်သွင်းရမည်။

၁၃။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားသည် လျှောက်လွှာတွင် ဖော်ပြထားသည့် အချက်များမှန်ကန်ကြောင်းကို မှတ်ပုံတင်အရာရှိနှင့် သက်သေနှစ်ဦးတို့ရှေ့တွင် လက်မှတ်ထိုးရမည်။

၁၄။ (က) မှတ်ပုံတင်အရာရှိသည် -

(၁) လျှောက်လွှာမိတ္တူတစ်စောင်ကို မိမိ၏ရုံးရှိ အများမြင်သာသည့်နေရာ၌ ကပ်ရမည့်အပြင်၊

(၂) တရားမကျင့်ထုံးဥပဒေအရ သမ္မန်စာများ သို့မဟုတ် နို့တစ်စာများချအပ်သည့် နည်းလမ်းနှင့်အညီ-

(ကက) ထိမ်းမြားမည့်မိန်းမသည် အသက် ၂၀ နှစ် မပြည့်သေးလျှင် ၎င်းမိဘ သို့မဟုတ် အုပ်ထိန်းသူထံလည်းကောင်း၊

(ခခ) မိန်းမသည် ယခင်က ထိမ်းမြားခဲ့ဖူးလျှင် ထိမ်းမြားခဲ့သည့်ယောကျ်ားထံလည်းကောင်း၊

(ဂဂ) ယောကျ်ားသည် ယခင်က ထိမ်းမြားခဲ့ဖူးလျှင် ထိမ်းမြားခဲ့သည့် မိန်းမထံလည်းကောင်းပေးပို့၍ အကြောင်းကြားရမည်။

(ခ) လျှောက်လွှာမိတ္တူပေးခြင်းခံရမည့်သူ တစ်ဦးတစ်ယောက်၏ နေရပ်သည် မှတ်ပုံတင်အရာရှိ၏ စီရင်ပိုင်ခွင့်အာဏာ နယ်နိမိတ်ပြင်ပတွင်ရှိလျှင် မှတ်ပုံတင်အရာရှိသည် မိတ္တူတစ်စောင်ကို ထိုသူထံစာတိုက်မှ မှတ်ပုံတင်ပြုလုပ်၍ဖြစ်စေ၊ လူလွှတ်၍ဖြစ်စေ ပေးပို့နိုင်သည်။

၁၅။ ထိမ်းမြားရန် ရည်ရွယ်ကြောင်း လျှောက်လွှာမိတ္တူကို ပုဒ်မ ၁၄ အရပေးပြီးနောက် ၁၄ ရက်ကြာသည့်အခါ ပုဒ်မ ၁၆ နှင့် ပုဒ်မ ၁၈ တို့အရ ကြိုတင်ကန့်ကွက်ခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိက လျှောက်ထားသူတို့ကို ထိမ်းမြားပေးနိုင်သည်။

၁၆။ ပုဒ်မ ၁၁ အရ ထိမ်းမြားပေးရန် လျှောက်ထားသူတို့သည် ပုဒ်မ ၉ ပါ အချက်တစ်ရပ်ရပ်နှင့်ညီညွတ်ခြင်းမရှိဟူသော အကြောင်းပြချက်ဖြင့် မည်သူမဆို မှတ်ပုံတင်အရာရှိထံ လိပ်မူ၍ ထိုသူအား ထိမ်းမြားခြင်းမပြုစေရန် စာဖြင့်ရေးသားကန့်ကွက်နိုင်သည်။

၁၇။ (က) မှတ်ပုံတင်အရာရှိသည် ကန့်ကွက်လွှာရရှိသောအခါ ကန့်ကွက်သူအား စီရင်ပိုင်ခွင့်အာဏာရ တရားရုံးသို့ လျှောက်ထားရန် ညွှန်ပြပြီး တရားရုံး၏ အမိန့်ရရှိသည့်နေ့အထိ ထိမ်းမြားခြင်းကို ရွှေ့ဆိုင်းထားရမည်။

(ခ) ပုဒ်မခွဲ(က)ပါ စီရင်ပိုင်ခွင့်အာဏာရ တရားရုံးသည် မှတ်ပုံတင်အရာရှိ၏ ရုံးတည်ရှိရာဒေသရှိ မြို့နယ်တရားရုံးဖြစ်ရမည်။

၁၈။ (က) ပုဒ်မ ၁၁ အရ ထိမ်းမြားပေးရန် လျှောက်ထားသူတို့သည် ပုဒ်မ ၉ ပါအချက်တစ်ရပ်ရပ်နှင့် ညီညွတ်ခြင်းမရှိဟူသော အကြောင်းပြချက်ဖြင့် စီရင်ပိုင်ခွင့်အာဏာရတရားရုံးသို့ ကန့်ကွက်သူက လျှောက်လွှာတင်သွင်းနိုင်သည်။

(ခ) တရားရုံးက ထိုလျှောက်လွှာရရှိကြောင်း သက်သေခံလက်မှတ်တစ်စောင်ကို ကန့်ကွက်သူအားပေးရမည်။

(ဂ) မှတ်ပုံတင်အရာရှိသည် -

(၁) ပုဒ်မခွဲ(ခ)အရပေးသည့် သက်သေခံလက်မှတ်ကို သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ကန့်ကွက်သူက တင်သွင်းလျှင်တရားရုံးမှ ထိမ်းမြားခွင့်ရှိသည့်အမိန့်ကို မရရှိမီ ထိမ်းမြားရန် လျှောက်ထားသူတို့အား ထိမ်းမြားမပေးရ။

(၂) သတ်မှတ်ထားသည့် ကာလအတွင်း ကန့်ကွက်သူက သက်သေခံလက်မှတ်ကို မတင်သွင်းလျှင် ထိမ်းမြားရန် လျှောက်ထားသူတို့အား ထိမ်းမြားပေးရမည်။

(ဃ) တရားရုံးသည် လျှောက်လွှာနှင့် ကျမ်းကျိန်လွှာတို့တွင်ပါရှိသည့် အချက်များနှင့် နှစ်ဖက်အမှုသည်များ တင်ပြသည့် သက်သေခံချက်တို့ကို အကျဉ်းနည်းဖြင့် စစ်ဆေးကြားနာပြီးနောက် လျှောက်ထားသူတို့သည် ထိမ်းမြားနိုင်ခွင့်ရှိ မရှိ အမိန့်ချမှတ်ရမည်။ ထိုအမိန့်သည် အပြီးသတ်ဖြစ်ရမည်။

(င) တရားရုံးသည် မိမိချမှတ်သောအမိန့်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံ ချက်ခြင်းပို့ရမည်။

(စ) (၁) ထိမ်းမြားနိုင်ခွင့်ရှိသည်ဟု တရားရုံးက အမိန့်ချမှတ်လျှင် မှတ်ပုံတင်အရာရှိသည် ထိမ်းမြားပေးရမည်။

(၂) ထိမ်းမြားနိုင်ခွင့်မရှိဟု တရားရုံးက အမိန့်ချမှတ်လျှင် မှတ်ပုံတင်အရာရှိသည် ထိမ်းမြားမပေးရ။

၁၉။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၅ သို့မဟုတ် ပုဒ်မ ၁၈ အရ ထိမ်းမြားသောအခါ သက်သေနှစ်ဦးရှေ့တွင် လျှောက်ထားသူတို့ကို ထိမ်းမြားပေးရမည်။ ထိမ်းမြားမည့်သူများသည် မှတ်ပုံတင်အရာရှိနှင့် သက်သေများရှေ့တွင် "ကျွန်ုပ်တို့သည် တရားဝင်လင်မယားအဖြစ် ပေါင်းဖက်ပါမည်" ဟူ၍ မြွက်ဟကြေညာရမည်။

၂၀။ ပုဒ်မ ၁၉ အရ ထိမ်းမြားသည့်အခါ မှတ်ပုံတင်အရာရှိသည် သက်ဆိုင်သောအကြောင်းအရာများကို "ထိမ်းမြားမှုသက်သေခံမှတ်ပုံတင်စာအုပ်" ၌ ရေးသွင်းရမည်။ ထိုမှတ်ပုံတင်စာအုပ်တွင် ထိမ်းမြားသူများ၊ သက်သေများနှင့် မှတ်ပုံတင်အရာရှိတို့က လက်မှတ်ရေးထိုးရမည်။

၂၁။ မှတ်ပုံတင်အရာရှိသည် ထိမ်းမြားမှုသက်သေခံလက်မှတ် မူရင်းခွဲ ၄ စောင်ပြုလုပ်၍ တစ်စောင်စီကို ထိမ်းမြားသူတို့အား ပေးအပ်ရမည်။ အကယ်၍ မိန်းမသည် အသက် ၂၀ နှစ်မပြည့်သေးလျှင် ၎င်း၏မိဘ သို့မဟုတ် အုပ်ထိန်းသူအား ပေးအပ်ရမည်။ တတိယတစ်စောင်ကို ခရိုင်အုပ်ချုပ်ရေးမှူးရုံးတွင် အမြဲသိမ်းထားရန်ပေးပို့ရမည်။ စတုတ္ထတစ်စောင်နှင့် ထိမ်းမြားခြင်းဆိုင်ရာ စာတမ်းအမှတ်အသားများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှိ ထိမ်းမြားမှုဆိုင်ရာမှတ်ပုံတင်စာအုပ်တွင် တွဲထားရမည်။

၂၂။ ထိမ်းမြားမှုသက်သေခံမှတ်ပုံတင်စာအုပ်နှင့် ထိမ်းမြားခြင်းဆိုင်ရာ အခြားစာတမ်းအမှတ်အသားများကို သင့်လျော်သည့်အခါများ၌ ကြည့်ရှုခွင့်ပြုရမည့်ပြင် ထိုစာတမ်းအမှတ်အသားများ၏ တာဝန်ခံမိတ္တူများကို ရလိုကြောင်း လျှောက်ထားသည့်အခါ လျှောက်ထားသူက သတ်မှတ်ထားသည့် အခကြေးငွေကို ပေးဆောင်လျှင် မှတ်ပုံတင်အရာရှိက ထုတ်ပေးရမည်။

၂၃။ ဤဥပဒေအရ ထိမ်းမြားခြင်းနှင့်ဆိုင်သည့် စာတမ်းအမှတ်အသားများ၏ တာဝန်ခံမိတ္တူများတွင်ပါရှိသည့် အကြောင်းအရာများသည် မှန်သည်ဟု သက်သေခံအဖြစ် လက်ခံရမည်။ နောက်ထပ်သက်သေထင်ရှားပြရန်မလို။

**အခန်း (၅)**

**ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ား လိုက်နာရမည့်အချက်များ**

၂၄။ ဤဥပဒေအရ ထိမ်းမြားခဲ့သည့် သို့မဟုတ် ထိမ်းမြားခဲ့သည်ဟု မှတ်ယူခြင်းခံရသည့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားသည် ဗုဒ္ဓဘာသာဝင်မိန်းမ၏ ယုံကြည်ကိုးကွယ်မှုနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို လိုက်နာရမည်-

(က) ဗုဒ္ဓဘာသာဝင်မိန်းမအား ၎င်းသက်ဝင်ယုံကြည်သည့် ဘာသာကို လွတ်လပ်စွာကိုးကွယ်ခွင့်ပြုခြင်း၊

(ခ) ဗုဒ္ဓဘာသာဝင် မိန်းမနှင့် ရရှိသည့် သားသမီးများ၏ သဘောဆန္ဒအတိုင်း ၎င်းတို့သက်ဝင်ယုံကြည်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်ပြုခြင်း၊

(ဂ) လင်နှင့်မယားတို့နေထိုင်သည့်အိမ်တွင် ဗုဒ္ဓဘာသာဝင်မိန်းမက ဘုရားရုပ်ပွားတော်များ၊ ဘုရားပုံတော်များထားရှိ ကိုးကွယ်ခြင်းကို ခွင့်ပြုခြင်း၊

(ဃ) ဗုဒ္ဓဘာသာဝင်မိန်းမက ဘာသာရေးအရ အလှူဒါနပြုလုပ်ခြင်း၊ ဘုရားရှိခိုးခြင်း၊ ပရိတ်ရွတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ တရားနာခြင်း၊ တရားထိုင်ခြင်း၊ ဘုရားကျောင်းကန်များသို့ သွားရောက်ခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ဗုဒ္ဓစာပေများ လေ့လာဖတ်ရှုခြင်းတို့ကို ခွင့်ပြုရခြင်း၊

(င) ဗုဒ္ဓဘာသာဝင်မိန်းမကို နည်းအမျိုးမျိုးဖြင့် ဗုဒ္ဓဘာသာကို စွန့်လွှတ်စေပြီး မိမိကိုးကွယ်ရာဘာသာသို့ ကူးပြောင်းစေမှု မပြုရခြင်း၊

(စ) ဗုဒ္ဓဘာသာကို စော်ကားရန်အကြံဖြင့် ကိုးကွယ်ဝတ်ပြုသော နေရာကိုသော်လည်းကောင်း၊ အထွဋ်အမြတ်ထားသော အရာဝတ္ထုကိုသော်လည်းကောင်း ဖျက်ဆီးရန် သို့မဟုတ် ပျက်စီးနစ်နာစေရန် သို့မဟုတ် ယုတ်ညံ့စေရန် မပြုရခြင်း၊

(ဆ) ဗုဒ္ဓဘာသာဝင်များ၏ ဘာသာရေးစိတ်ကို နာကြည်းစေရန် တမင်မသမာသော အကြံနှင့် စကားဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ၊ ထင်ရှားသော ပုံသဏ္ဌာန်ဖြင့်ဖြစ်စေ၊ အမူအရာဖြင့်ဖြစ်စေ စော်ကားမှုမပြုရခြင်း။

၂၅။ ဥပဒေ သို့မဟုတ် ဓလေ့ထုံးတမ်းက မည်သို့ပင်ဆိုစေကာမူ ဤဥပဒေအရ ထိမ်းမြားခဲ့သည့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ားသည် ပုဒ်မ ၂၄ တွင် ပြဋ္ဌာန်းထားသည့် အချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ပါက ဗုဒ္ဓဘာသာဝင်မိန်းမက ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ားကို ကွာရှင်းနိုင်သည်။ ထိုအကြောင်းကြောင့် ထိုမိန်းမက ထိုယောကျ်ားကို ကွာရှင်းလျှင်-

(က) ထိုယောကျ်ားသည် နှစ်ဦးပိုင်ပစ္စည်းများမှ မိမိရထိုက်သောအစုကို စွန့်လွှတ်ရမည့်အပြင် ဗုဒ္ဓဘာသာဝင်မိန်းမအား လျော်ကြေးပေးရမည်။

(ခ) ဗုဒ္ဓဘာသာဝင်မိန်းမသည် သားသမီးအားလုံးကို ထိန်းသိမ်းခွင့်ရရှိမည်။

(ဂ) ထိုယောကျ်ားသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ပေးရမည်။

**အခန်း(၆)**

**ဤဥပဒေအရ ထိမ်းမြားခဲ့သည်ဟု မှတ်ယူရခြင်း**

၂၆။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ားတစ်ဦး နှင့် ဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးတို့ ပေါင်းဖက်နေထိုင် ပြုမူကြပုံသည် အကယ်၍ ထိုသူနှစ်ဦးစလုံး ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်းဖြစ်ခဲ့သော် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လင်မယားအရာမြောက်မည့် ပေါင်းဖက်နေထိုင်ပြုမူကြပုံမျိုးဖြစ်လျှင်-

(က) ထိုသူတို့သည် ထိုသို့ပေါင်းဖက်စကပင် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည့်ပြင် ဤဥပဒေအရ ထိမ်းမြားခဲ့သည်ဟုလည်း မှတ်ယူရမည်။

(ခ) ထိုလင်မယားသည် စတင်ပေါင်းဖက်သည့်နေ့မှစ၍ မည်သည့်

*စာမျက်နှာ (၁၆) သို့*

## ဥပဒေကြော်ငြာ

*စာမျက်နှာ ၁၅ မှ*

အခါတွင်မဆို ဤဥပဒေအရ မှတ်ပုံတင်ရန် မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်သည်။ ထိုအခါ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၉ အရ ထိုသူတို့ကို မိမိကထိမ်းမြားပေးဘိသကဲ့သို့ ပုဒ်မ ၂၀ နှင့် ၂၁ တွင် သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ရမည်။

**အခန်း (၇)**
**မှတ်ပုံတင်အရာရှိက ထိမ်းမြားပေးခြင်း**

၂၇။ (က) ဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးတို့သည် ဤဥပဒေအရ မှတ်ပုံမတင်ဘဲ ပေါင်းဖက်လျက်ရှိလျှင် မိန်းမနေထိုင်ရာဒေသရှိ မှတ်ပုံတင်အရာရှိထံ မိန်းမ သို့မဟုတ် ၎င်း၏ မိဘ၊ အုပ်ထိန်းသူ၊ ဆွေမျိုးတစ်ဦးဦးက ထိုအကြောင်းကို သတင်းပေးနိုင်သည်။ မှတ်ပုံတင်အရာရှိသည် သတင်းပေးချက်ကို ရေးမှတ်ထားပြီး သတင်းပေးသူကို လက်မှတ်ရေးထိုးစေရမည်။

(ခ) မှတ်ပုံတင်အရာရှိသည် -

(၁) ပုဒ်မခွဲ (က)အရ သတင်းပေးချက်ကို ရရှိသည့်အခါ သတင်းပေးချက်ကိုရေးမှတ်ပြီး သတင်းပေးသူအား လက်မှတ်ရေးထိုးစေခြင်း၊ မှတ်ပုံမတင်ဘဲ ပေါင်းဖက်လျက်ရှိသော ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတို့ကို သတ်မှတ်သည့်နေ့ရက်တွင် လာရောက်ရန် ဆင့်ခေါ်ခြင်း ပြုရမည်။

(၂) ပုဒ်မခွဲငယ် (၁)အရ ဆင့်ခေါ်ခြင်းခံရသူ နှစ်ဦးလုံးက ထိမ်းမြားခြင်းကို မှတ်ပုံတင်ရန် ဆန္ဒရှိပါက ပုဒ်မ ၁၉ ပါ နည်းလမ်းအတိုင်း ထိမ်းမြားပေးပြီး ပုဒ်မ ၂၀ နှင့် ၂၁ တို့နှင့်အညီ ဆောင်ရွက်ရမည်။

(၃) ပုဒ်မခွဲငယ် (၁) အရ ဆင့်ခေါ်ခြင်းခံရသူတစ်ဦးကဖြစ်စေ၊ နှစ်ဦးလုံးကဖြစ်စေ ထိမ်းမြားခြင်းကို မှတ်ပုံတင်ရန် ဆန္ဒမရှိလျှင် သို့မဟုတ် လာရောက်ခြင်းမရှိလျှင် ပုဒ်မ ၁၆ အရ စီရင်ပိုင်ခွင့် အာဏာရတရားရုံးသို့သတင်းပေးချက်နှင့်အတူ အစီရင်ခံစာပေးပို့ရမည်။

(ဂ) အခြားတည်ဆဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ တရားရုံးသည် အစီရင်ခံစာကို ရရှိသောအခါ နည်းလမ်းတကျစွဲဆိုသည့် တရားမမှုဖြစ်ဘိသကဲ့သို့ နှစ်ဖက်အမှုသည်များကိုလည်းကောင်း၊ ၎င်းတို့တင်ပြသည့် သက်သေခံချက်ကိုလည်းကောင်း အကျဉ်းနည်းဖြင့် စစ်ဆေးကြားနာပြီးနောက် ထိုသူတို့သည် ပုဒ်မ ၂၆ ပုဒ်မခွဲ (က)အရ လင်မယား ဟုတ်မဟုတ် အမိန့်ချမှတ်ရမည်။ စရိတ်နှင့်စပ်လျဉ်း၍ တရားရုံးက သင့်သည်ထင်မြင်သည့်အမိန့်ကို ချမှတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (က)အရ ပေါင်းဖက်လျက်ရှိသူ -

(၁) တစ်ဦးဦးက ထိမ်းမြားခြင်းကို မှတ်ပုံမတင်လိုသည့်အမှုတွင် မှတ်ပုံတင်လိုသူအား တရားလိုဟူ၍လည်းကောင်း၊ မှတ်ပုံမတင်လိုသူအား တရားပြိုင်ဟူ၍လည်းကောင်း မှတ်ယူရမည်။

(၂) နှစ်ဦးလုံးက ထိမ်းမြားခြင်းကို မှတ်ပုံမတင်လိုသည့်အမှုတွင် သတင်းပေးသူအား တရားလိုဟူ၍လည်းကောင်း၊ မှတ်ပုံမတင်လိုသူနှစ်ဦးအား တရားပြိုင်များဟူ၍လည်းကောင်း မှတ်ယူရမည်။

(င) တရားရုံးသည် အမိန့်မိတ္တူတစ်စောင်ကို မှတ်ပုံတင် အရာရှိထံသို့ ချက်ချင်းပေးပို့ရမည်။

(စ) တရားရုံးက ထိုယောကျ်ားနှင့် မိန်းမတို့သည် ပုဒ်မ ၂၆ ပုဒ်မခွဲ (က) အရ လင်မယားဖြစ်သည်ဟု ဆုံးဖြတ်လျှင် မှတ်ပုံတင်အရာရှိသည် တရားရုံးအမိန့်အတိုင်း ထိမ်းမြားမှု သက်သေခံမှတ်ပုံတင်စာအုပ်တွင် သက်ဆိုင်သည့် အကြောင်းအရာများကို ရေးသွင်း၍ လက်မှတ်ထိုးပြီးနောက် ပုဒ်မ ၂၁ တွင် သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ရမည်။

(ဆ) မြို့နယ်တရားရုံးမှ ချမှတ်သောအမိန့်ကို စီရင်ပိုင်ခွင့်ရှိသည့် ခရိုင်တရားရုံး၌ အယူခံဝင်ခွင့်ရှိစေရမည်။ ခရိုင်တရားရုံးက ချမှတ်သော အမိန့်သည် အပြီးသတ်ဖြစ်ရမည်။

**အခန်း (၈)**
**ဤဥပဒေအရ ထိမ်းမြားရန် ကတိပြုသည်ဟု မှတ်ယူရခြင်း**

၂၈။ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားက ဗုဒ္ဓဘာသာဝင်မိန်းမကို ထိမ်းမြားရန် ကတိပြုလျှင် ထိုယောကျ်ားသည် ထိုမိန်းမကို ဤဥပဒေအရ ထိမ်းမြားရန် ကတိပြုသည်ဟု မှတ်ယူရမည်။

၂၉။ ဟိန္ဒူဘာသာ၊ ဆ(ခ်)ဘာသာ၊ ဂျိန္နဘာသာ တစ်ရပ်ရပ်ကို ကိုးကွယ်သော ပစ္စည်းမခွဲဝေရသေးသည့် မိသားစုဝင် ယောကျ်ားသည် ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ဤဥပဒေအရ ထိမ်းမြားလျှင် သို့မဟုတ် ထိမ်းမြားခဲ့သည်ဟု မှတ်ယူခြင်းခံရလျှင် ထိုသူသည် ထိုမိသားစုမှခွဲခွာပြီဟု မှတ်ယူရမည်။ ထို့ပြင် ပစ္စည်းခွဲဝေခြင်းမပြုမီ ထိုသူသေဆုံးလျှင် ၎င်းပိုင်သည့် ဆိုင်ရာဆိုင်ခွင့်သည် ထိုသူ၏ ဗုဒ္ဓဘာသာဝင်မိန်းမနှင့် သားသမီးများသို့ သက်ရောက်ရမည်။

**အခန်း (၉)**
**ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် အိမ်ထောင်ရေးကိစ္စများကို မြန်မာဓလေ့ထုံးတမ်းဥပဒေအရဆုံးဖြတ်ရခြင်း**

၃၀။ ဤဥပဒေအရ ထိမ်းမြားသူ သို့မဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့နှင့် ၎င်းတို့၏ တရားဝင်လင်၊ တရားဝင်မယားနှင့် တရားဝင်သားသမီးအားလုံး၏ ပစ္စည်းပိုင်ဆိုင်ခွင့်၊ အမွေဆက်ခံခွင့် အခွင့်အရေးများနှင့်စပ်လျဉ်းသည့် ကိစ္စအားလုံးသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်းဖြစ်ဘိသကဲ့သို့ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ဆုံးဖြတ်ရမည်။

၃၁။ လင်မယားကွာရှင်းမှု၊ ပစ္စည်းခွဲဝေမှုနှင့် သားသမီးထိန်းသိမ်းမှုတို့နှင့် သက်ဆိုင်သည့် မြန်မာဓလေ့ထုံးတမ်းဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဤဥပဒေအရ ထိမ်းမြားကြသူ သို့မဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့အပေါ်တွင် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်းဖြစ်ဘိသကဲ့သို့ အာဏာသက်ရောက်ရမည်။

၃၂။ သို့ရာတွင် ဘာသာရေး၊ ဓလေ့ထုံးတမ်းတစ်ခုခုကဖြစ်စေ ထိုသို့သော ဘာသာရေး၊ ဓလေ့ထုံးတမ်းကို အကျိုးသက်ရောက်စေသည့် ဥပဒေတစ်ရပ်ရပ်ကဖြစ်စေ ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ားတစ်ဦးအား ဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးနှင့် လင်မယားအဖြစ် ပေါင်းဖက်နေခြင်းကို ခွင့်မပြုသည့်အကြောင်းကြောင့် ယောကျ်ားက မိန်းမကို ကွာရှင်းလိုလျှင် ကွာရှင်းနိုင်သည်။ ထိုအကြောင်းကြောင့် ယောကျ်ားက မိန်းမကိုကွာရှင်းလျှင် သို့မဟုတ် စွန့်ခွာလျှင် သို့မဟုတ် ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်ရာ ရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ရက်စက်သည့်အပြုအမူအားဖြင့် စိတ်ဆင်းရဲအောင်ပြုလျှင် အဆိုပါဓလေ့ထုံးတမ်းက သို့မဟုတ် ဥပဒေက မည်သို့ပင်ဆိုစေကာမူ-

(က) ယောကျ်ားသည် နှစ်ဦးပိုင်ပစ္စည်းများမှ မိမိရထိုက်သောအစုကို စွန့်လွှတ်ရမည့်ပြင် ဗုဒ္ဓဘာသာဝင်မိန်းမအား လျော်ကြေးပေးရမည်။

(ခ) ဗုဒ္ဓဘာသာဝင်မိန်းမသည် သားသမီးအားလုံး ထိန်းသိမ်းခွင့်ကို ရရှိရမည်။

(ဂ) ယောကျ်ားသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ပေးရမည်။

၃၃။ ဗုဒ္ဓဘာသာဝင်မဟုတ်ခဲ့ဖူးသော နိုင်ငံသားမိန်းမတစ်ဦးသည် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားနှင့် လင်မယားအဖြစ်ပေါင်းဖက်နေစဉ် ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်လျှင် ၎င်းတို့သည် ဤဥပဒေအရ ထိမ်းမြားဘိသကဲ့သို့ ပုဒ်မ ၃၀ နှင့် ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက်များသည် ၎င်းတို့နှင့် သက်ဆိုင်ရမည်။

၃၄။ သို့ရာတွင် မိန်းမက ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်သည့်အခါ ယောကျ်ား၏ ဘာသာရေးဓလေ့ထုံးတမ်းတစ်ခုခုကဖြစ်စေ၊ ထိုသို့သော ဘာသာရေးဓလေ့ထုံးတမ်းကို အကျိုးသက်ရောက်စေသည့် ဥပဒေတစ်ရပ်ရပ်ကဖြစ်စေ၊ ယောကျ်ားအား ထိုဗုဒ္ဓဘာသာဝင်မိန်းမနှင့် လင်မယားအဖြစ် ပေါင်းဖက်နေခြင်းကို ခွင့်မပြုသည့်အကြောင်းကြောင့် ကွာရှင်းလိုသော် ထိုမိန်းမသည်ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်သည့်နေ့မှ သင့်လျော်သည့်ကာလအပိုင်းအခြားအတွင်း ယောကျ်ား သို့မဟုတ် မိန်းမက ကွာရှင်းနိုင်သည်။ ထိုအကြောင်းကြောင့်-

(က) ယောကျ်ားက မိန်းမကို ကွာရှင်းလျှင်-

(၁) ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီက မိန်းမနေထိုင်ရသည့် အတန်းအစား အခြေအနေအောက် မလျော့သောအခြေအနေတွင်ဆက်လက်နေထိုင်နိုင်သည့် လုံလောက်သော လစဉ်စရိတ်ကို မိန်းမက နောက်ထပ် ထိမ်းမြားခြင်းမပြုသမျှကာလပတ်လုံး ယောကျ်ားက မိန်းမအား ပေးရမည်။

(၂) မိန်းမသည် ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်း မပြုမီက မိန်းမတစ်ဦးတည်းပိုင်ဖြစ်သော ပစ္စည်းအားလုံးကို မိန်းမက ရခွင့်ရှိရမည်။ သို့ရာတွင် ထိုသို့ကူးပြောင်းကိုးကွယ်ခြင်းမပြုမီက ယောကျ်ားတစ်ဦးတည်းပိုင်ဖြစ်သော မည်သည့်ပစ္စည်းကိုမျှ မိန်းမကရခွင့်မရှိစေရ။

(၃) မိန်းမသည် အရွယ်မရောက်သေးသည့် သားသမီးအားလုံး ထိန်းသိမ်းခွင့်ကို ရရှိရမည်။

(၄) ယောကျ်ားသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ပေးရမည်။

(ခ) မိန်းမက ယောကျ်ားကို ကွာရှင်းလျှင်-

(ကက) မိန်းမက ဗုဒ္ဓဘာသာသို့ ကူးပြောင်းကိုးကွယ်ခြင်းမပြုမီ မိန်းမတစ်ဦးတည်းပိုင်ဖြစ်သော ပစ္စည်းမှတစ်ပါး ယောကျ်ားတစ်ဦးတည်းပိုင်သော မည်သည့်ပစ္စည်းကိုမျှ မိန်းမက ရခွင့်မရှိစေရ။

(ခခ) မိန်းမသည် အရွယ်မရောက်သေးသည့် သားသမီးအားလုံး ထိန်းသိမ်းခွင့်ကို ရရှိရမည်။

(ဂဂ) ယောကျ်ားသည် အရွယ်မရောက်သေးသည့် သားသမီးများအတွက် ကလေးစရိတ်ပေးရမည်။

၃၅။ ပုဒ်မ ၃၁ မှ ပုဒ်မ ၃၄ အထိ ပြဋ္ဌာန်းချက်များသည် ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ၎င်း၏ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတို့ဖြစ်ပွားသော လင်မယားကွာရှင်းမှုကိစ္စ သို့မဟုတ် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားက ဗုဒ္ဓဘာသာဝင်မိန်းမကို စွန့်ခွာသည့်ကိစ္စ သို့မဟုတ် ကိုယ်ထိလက်ရောက် ညှဉ်းပန်းနှိပ်စက်ရာရောက်သည်ဖြစ်စေ၊ မရောက်သည်ဖြစ်စေ ရက်စက်သည့်အပြုအမူအားဖြင့် စိတ်ဆင်းရဲအောင်ပြုသည့်ကိစ္စအားလုံးတို့နှင့် သက်ဆိုင်ရမည်။

၃၆။ ဤဥပဒေအရထိမ်းမြားလျှင် သို့မဟုတ် ထိမ်းမြားသည်ဟုမှတ်ယူခြင်းခံရလျှင် ထိုသူနှစ်ဦးမှ ဖွားမြင်သောသားသမီးများသည် တရားဝင်သားသမီးများဖြစ်သည်ဟု မှတ်ယူရမည်။

**အခန်း (၁၀)**
**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၃၇။ ပုဒ်မ ၁၆ နှင့် ၁၈ အရ ကန့်ကွက်ခြင်းသည် သဘောရိုးနှင့်ကန့်ကွက်ခြင်းမဟုတ်ဟု တရားရုံးက ထင်မြင်လျှင် ငွေကျပ် ၅၀၀၀၀ ထက်မပိုသည့် လျော်ကြေးငွေကို ကန့်ကွက်သူက ထိမ်းမြားမည့်သူနှစ်ဦးအားပေးစေရန် အမိန့် ချမှတ်နိုင်သည်။

၃၈။ ဗုဒ္ဓဘာသာဝင်မဟုတ်သောယောကျ်ားသည် ပုဒ်မ ၂၄ ပုဒ်မခွဲ (က) (ခ) (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင် ထိုသူအား ၆ လအထိ ထောင်ဒဏ်ဖြစ်စေ၊ ငွေကျပ် ၅၀၀၀၀၀ ထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၉။ ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားသည် ပုဒ်မ ၂၄ ပုဒ်မခွဲ (င) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်လျှင် ထိုသူအား ၃ နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်ရမည်။

၄၀။ ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားသည် ပုဒ်မ ၂၄ ပုဒ်မခွဲ (စ) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်လျှင် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၉၅ အရ ပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။

၄၁။ ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားသည် ပုဒ်မ ၂၄ ပုဒ်မခွဲ (ဆ) ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်လျှင် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၂၉၅-က အရ ပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။

၄၂။ မည်သူမဆို မဟုတ်မမှန်သည်လည်းဖြစ်၍ မဟုတ်မမှန်ဟု မိမိသိသည်လည်းဖြစ်သော သို့မဟုတ် ယုံကြည်သည်လည်းဖြစ်သော ဖော်ပြချက်ပါရှိသည့် (ဤဥပဒေအရ ပြဋ္ဌာန်းထားသော) ထုတ်ဖော်ချက်ကိုသော်လည်းကောင်း၊ ထိုသို့သော သက်သေခံလက်မှတ်ကိုသော်လည်းကောင်းပြုလုပ်လျှင် သို့မဟုတ် လက်မှတ်ရေးထိုးလျှင် သို့မဟုတ် မှန်ကန်ကြောင်း သက်သေခံလျှင် ထိုသူသည် ရာဇသတ်ကြီးပုဒ်မ ၁၉၉ အရ ပြစ်မှုကို ကျူးလွန်သည်ဟူ၍ မှတ်ယူရမည်။

၄၃။ မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၁၃၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၆ ပုဒ်မခွဲ (က)၊ ပုဒ်မ ၁၇ ပုဒ်မခွဲ (ဂ)(၁)နှင့် ပုဒ်မ ၁၇ ပုဒ်မခွဲ (စ) (၂)ပါ ပြဋ္ဌာန်းချက်တစ်ခုခုနှင့် ဆန့်ကျင်၍ ထိမ်းမြားပေးလျှင် ထိုအရာရှိသည် တစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ ၅၀၀၀၀ ကျပ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ ချမှတ်ခံထိုက်စေရမည်။

၄၄။ ၁၉၅၄ ခုနှစ်၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

**အများပြည်သူ သိရှိလေ့လာအကြံပြုတင်ပြနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

---

**ဇယား**
**ပုံစံ-က (ယောကျ်ားအတွက်)**
( ပုဒ်မ ၁၁ ကို ကြည့်ရန်)
**ထိမ်းမြားလိုကြောင်း အကြောင်းကြားစာပုံစံ**

________________ ခရိုင်။
________________မြို့နယ်။

**ထိမ်းမြားမှုမှတ်ပုံတင်အရာရှိထံ**

ကျွန်ုပ်သည် ဤအကြောင်းကြားစာတွင် အမည်မှစ၍ အကြောင်းအရာများ ဖော်ပြပါရှိသော တစ်ဖက်သူနှင့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေအရ ထိမ်းမြားရန် ကြံရွယ်ကြောင်း အကြောင်းကြားပါသည်။

အကြောင်းကြားစာ ပေးပို့သူ၏ ဖော်ပြချက်များ

**အပိုင်း (၁)**

(က) အမည်၊
(ခ) အလုပ်အကိုင်၊
(ဂ) မည်သည့်နိုင်ငံသား၊
(ဃ) ကိုးကွယ်သည့်ဘာသာ၊
(င) အသက်၊
(စ) အကြောင်းကြားစာ ပေးပို့သည့်နေ့ရက်မတိုင်မီ နေထိုင်လျက်ရှိသည့်အရပ်၊
(ဆ) မိဘများ၏အမည် -
(၁)
(၂)
(ဇ) မိဘများ၏ အလုပ်အကိုင်၊
(ဈ) မိဘများ၏နေရပ်၊
(ည) (မိဘများ အသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူ၏အမည်၊
(ဋ) အုပ်ထိန်းသူ၏ အလုပ်အကိုင်နှင့်နေရပ်၊
(ဌ) မိမိမှာ ယခင်က ထိမ်းမြားဖူးသူ ဟုတ် မဟုတ်၊ ထိမ်းမြားဖူးသူဖြစ်လျှင် ထိုထိမ်းမြားမှုမှာ ယခုနေ့ရက်တွင် အတည်ဖြစ်လျက် ရှိ မရှိ၊
(ဍ) ယခင်မယား အသက်ရှင်လျက်ရှိသေးလျှင် ထိုမယား၏ အမည်နှင့် နေရပ်။

**အပိုင်း (၂)**

(က) (တစ်ဖက်သူ၏) အမည်၊
(ခ) အလုပ်အကိုင်၊
(ဂ) မည်သည့်နိုင်ငံသား၊
(ဃ) ကိုးကွယ်သည့်ဘာသာ၊
(င) အသက်၊
(စ) အကြောင်းကြားစာ ပေးပို့သည့်နေ့ရက်မတိုင်မီ နေထိုင်လျက်ရှိသည့်အရပ်၊
(ဆ) မိဘများ၏အမည် -
(၁)
(၂)
(ဇ) မိဘများ၏ အလုပ်အကိုင်၊
(ဈ) မိဘများ၏နေရပ်၊
(ည) (မိဘများ အသက်ရှင်လျက် မရှိလျှင်) အုပ်ထိန်းသူ၏အမည်၊
(ဋ) အုပ်ထိန်းသူ၏ အလုပ်အကိုင်နှင့်နေရပ်၊
(ဌ) အသက် ၂၀ နှစ်မပြည့်သေးလျှင် မိဘများ၏ သို့တည်းမဟုတ် အုပ်ထိန်းသူအမည်၊ အလုပ်အကိုင်နှင့်နေရပ်၊
(ဍ) သဘောတူချက်ပေးသည့် မိဘများ၏ သို့တည်းမဟုတ် အုပ်ထိန်းသူအမည်၊ အလုပ်အကိုင်နှင့် နေရပ်၊
(ဎ) ထိုသူမှာ ယခင်က ထိမ်းမြားဖူးသူဟုတ် မဟုတ်၊ ထိမ်းမြားဖူးသူဖြစ်လျှင် ထိုထိမ်းမြားမှုမှာ ယခုနေ့ရက်တွင် အတည်ဖြစ်လျက်ရှိ မရှိ။

( လက်မှတ် )

**မှတ်ပုံတင်အရာရှိရှေ့တွင် ထွက်ဆိုချက်**

အထက်ပါအကြောင်းကြားစာ အပိုင်း(၁)တွင်ဖော်ပြပါရှိသော အကြောင်းအရာမှာ ကျွန်ုပ်ကိုယ်တိုင်သိရှိရသမျှ ဟုတ်မှန်ကြောင်းဖြင့်လည်း ကောင်း၊ အပိုင်း(၂)တွင် ဖော်ပြပါရှိသော အကြောင်းအရာမှာ ကျွန်ုပ်ကြားသိယုံကြည်ရသမျှ ဟုတ်မှန်ကြောင်းဖြင့်လည်းကောင်း၊ ကျွန်ုပ်က ထွက်ဆိုပါသည်။ အထက်ပါအကြောင်းကြားစာတွင်ပါရှိသည့် ဖော်ပြချက်တစ်ခုခုမှာ

*စာမျက်နှာ ၁၇ သို့*

## ဥပဒေကြမ်း

*စာမျက်နှာ (၁၆) မှ*

ကျွန်ုပ်သိရှိသမျှ မဟုတ်မမှန်လျှင်၊ ထို့ပြင်ယင်းသို့သော ဖော်ပြချက်ကို ပြုလုပ်ရာတွင် ကျွန်ုပ်က ထိုဖော်ပြချက်သည် မဟုတ်မမှန်ကြောင်း သိရှိလျှင်သော်လည်းကောင်း သို့တည်းမဟုတ် ယုံကြည်လျှင်သော်လည်းကောင်း ထိုဖော်ပြချက်သည် ဟုတ်မှန်သည်ဟု မယုံကြည်လျှင်သော်လည်းကောင်း ကျွန်ုပ်မှာ ရာဇသတ်ကြီးပုဒ်မ ၁၉၉ အရ တရားစွဲဆိုခံထိုက်သည်ဖြစ်ကြောင်း ကျွန်ုပ်သိရှိပါသည်။

(လက်မှတ်)

အောက်ပါသက်သေတို့ရှေ့တွင်

(၁) (လက်မှတ်)

(အမည်၊ အလုပ်အကိုင်နှင့် နေရပ်)

(၂) (လက်မှတ်)

(အမည်၊ အလုပ်အကိုင်နှင့် နေရပ်)

အထက်ပါ ဖော်ပြချက်များကို ထွက်ဆိုသူအား ဖတ်ကြားရှင်းလင်းပြရာ ထိုဖော်ပြချက်များပါ အကြောင်းအရာများ မှန်ကန်ကြောင်း ထိုသူကဝန်ခံသည့်ပြင် ယင်းသို့မှန်ကန်ကြောင်းဖြင့် ဤထွက်ဆိုချက်ကို ကျွန်ုပ်ရှေ့၌လည်းကောင်း၊ အထက်တွင် လက်မှတ်ရေးထိုးသည့် သက်သေ ၂ ဦးရှေ့၌လည်းကောင်း လက်မှတ်ရေးထိုးသည်။

(လက်မှတ်)

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ

အထက်ပါအကြောင်းကြားစာမိတ္တူကို ——— ရက်နေ့တွင် ကျွန်ုပ်၏ရုံးရှိ အများမြင်သောနေရာ၌ကပ်လျက် ကြော်ငြာပြီးဖြစ်သည့်ပြင် ထိုအကြောင်းကြားစာ မိတ္တူများကို အောက်ပါနေ့ရက်များတွင် ——— ထံ ချအပ်/ပို့ ပြီးလည်းဖြစ်ကြောင်း။

(လက်မှတ်)

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ

### ပုံစံ – ခ (မိန်းမအတွက်)

( ပုဒ်မ ၁၁ ကို ကြည့်ရန်)

**ထိမ်းမြားလိုကြောင်း အကြောင်းကြားစာပုံစံ**

——————— ခရိုင်။

——————— မြို့နယ်။

**ထိမ်းမြားမှုမှတ်ပုံတင်အရာရှိထံ**

ကျွန်မသည် ဤအကြောင်းကြားစာတွင် အမည်မှစ၍ အကြောင်းအရာများ ဖော်ပြပါရှိသော တစ်ဖက်သူနှင့် မြန်မာဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားခြင်းဆိုင်ရာဥပဒေအရ ထိမ်းမြားရန် ကြံရွယ်ကြောင်း အကြောင်းကြားပါသည်။

အကြောင်းကြားစာ ပေးပို့သူ၏ ဖော်ပြချက်များ

**အပိုင်း (၁)**

(က) အမည်၊
( ခ ) အလုပ်အကိုင်၊
( ဂ ) မည်သည့်နိုင်ငံသား၊
(ဃ) ကိုးကွယ်သည့်ဘာသာ၊
( င ) အသက်၊
( စ ) အကြောင်းကြားစာပေးပို့သည့်နေ့ရက်မတိုင်မီ နေထိုင်လျက်ရှိသည့်အရပ်၊
(ဆ) မိဘများ၏အမည် -
(၁)
(၂)
( ဇ ) မိဘများ၏ အလုပ်အကိုင်၊
( ဈ) မိဘများ၏နေရပ်၊
(ည) (မိဘများ အသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူ၏အမည်၊
(ဋ) အုပ်ထိန်းသူ၏ အလုပ်အကိုင်နှင့်နေရပ်၊
(ဌ) အသက် ၂၀ နှစ်မပြည့်သေးလျှင် မိဘများ၏ သို့တည်းမဟုတ် အုပ်ထိန်းသူ၏ သဘောတူချက်ရရှိပြီးဟုတ် မဟုတ်၊
( ဍ ) သဘောတူချက်ပေးသည့် မိဘများ၏ သို့တည်းမဟုတ် အုပ်ထိန်းသူ အမည်၊ အလုပ်အကိုင်နှင့် နေရပ်၊
( ဎ ) မိမိမှာ ယခင်က ထိမ်းမြားဖူးသူဟုတ် မဟုတ်၊ ထိမ်းမြားဖူးသူဖြစ်လျှင် ထိုထိမ်းမြားမှုမှာ ယခုနေ့ရက်တွင် အတည်ဖြစ်လျက်ရှိ မရှိ။
(ဏ) ယခင်လင် အသက်ရှင်လျက်ရှိသေးလျှင် ထိုလင်၏ အမည်နှင့် နေရပ်။

**အပိုင်း (၂)**

(က) (တစ်ဖက်သူ၏) အမည်၊
( ခ ) အလုပ်အကိုင်၊
( ဂ ) မည်သည့်နိုင်ငံသား၊
(ဃ) ကိုးကွယ်သည့်ဘာသာ၊
( င ) အသက်၊
( စ ) အကြောင်းကြားစာ ပေးပို့သည့်နေ့ရက်မတိုင်မီ နေထိုင်လျက်ရှိသည့်အရပ်၊
(ဆ) မိဘများ၏အမည် -
(၁)
(၂)
( ဇ ) မိဘများ၏ အလုပ်အကိုင်၊
( ဈ) မိဘများ၏နေရပ်၊
(ည) (မိဘများ အသက်ရှင်လျက် မရှိလျှင်) အုပ်ထိန်းသူ၏အမည်၊
( ဋ ) အုပ်ထိန်းသူ၏ အလုပ်အကိုင်နှင့်နေရပ်၊
( ဌ ) ထိုသူမှာ ယခင်က ထိမ်းမြားဖူးသူဟုတ် မဟုတ်၊ ထိမ်းမြားဘူးသူဖြစ်လျှင် ထိုထိမ်းမြားမှုမှာ ယခုနေ့ရက်တွင် အတည်ဖြစ်လျက်ရှိ မရှိ။

(လက်မှတ်)

**မှတ်ပုံတင်အရာရှိရှေ့တွင် ထွက်ဆိုချက်**

အထက်ပါအကြောင်းကြားစာ အပိုင်း(၁)တွင် ဖော်ပြပါရှိသော အကြောင်းအရာမှာ ကျွန်မကိုယ်တိုင်သိရှိရသမျှဟုတ်မှန်ကြောင်းဖြင့် လည်းကောင်း၊ အပိုင်း(၂)တွင် ဖော်ပြပါရှိသော အကြောင်းအရာမှာ ကျွန်မကြားသိယုံကြည်ရသမျှ ဟုတ်မှန်ကြောင်းဖြင့်လည်းကောင်း၊ ကျွန်မ က ထွက်ဆိုပါသည်။ အထက်ပါ အကြောင်းကြားစာတွင် ပါရှိသည့် ဖော်ပြချက်တစ်ခုခုမှာ ကျွန်မသိရှိသမျှ မဟုတ်မမှန်လျှင်၊ ထို့ပြင်ယင်းသို့သော ဖော်ပြချက်ကို ပြုလုပ်ရာတွင် ကျွန်မက ထိုဖော်ပြချက်သည် မဟုတ်မမှန်ကြောင်း သိရှိလျှင်သော်လည်းကောင်း သို့တည်းမဟုတ် ယုံကြည်လျှင်သော်လည်းကောင်း ထိုဖော်ပြချက်သည် ဟုတ်မှန်သည်ဟု မယုံကြည်လျှင်သော်လည်းကောင်း ကျွန်မမှာ ရာဇသတ်ကြီးပုဒ်မ ၁၉၉ အရ တရားစွဲဆိုခံထိုက်သည်ဖြစ်ကြောင်း ကျွန်မသိရှိပါသည်။

(လက်မှတ်)

အောက်ပါသက်သေတို့ရှေ့တွင်

(၁) (လက်မှတ်)

(အမည်၊ အလုပ်အကိုင်နှင့် နေရပ်)

(၂) (လက်မှတ်)

(အမည်၊ အလုပ်အကိုင်နှင့် နေရပ်)

အထက်ပါ ဖော်ပြချက်များကို ထွက်ဆိုသူအား ဖတ်ကြားရှင်းလင်းပြရာ ထိုဖော်ပြချက်များပါ အကြောင်းအရာများ မှန်ကန်ကြောင်း ထိုသူကဝန်ခံသည့်ပြင် ယင်းသို့မှန်ကန်ကြောင်းဖြင့် ဤထွက်ဆိုချက်ကို ကျွန်ုပ်ရှေ့၌ လည်းကောင်း၊ အထက်တွင် လက်မှတ်ရေးထိုးသည့် သက်သေ ၂ ဦးရှေ့၌လည်းကောင်း လက်မှတ်ရေးထိုးသည်။

(လက်မှတ်)

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ

အထက်ပါ အကြောင်းကြားစာမိတ္တူကို ——— ရက်နေ့တွင် ကျွန်ုပ်၏ရုံးရှိ အများမြင်သောနေရာ၌ကပ်လျက် ကြော်ငြာပြီးဖြစ်သည့်ပြင် ထိုအကြောင်းကြားစာမိတ္တူများကို အောက်ပါနေ့ရက်များတွင် ———ထံ ချအပ်/ပို့ ပြီးလည်း ဖြစ်ကြောင်း။

(လက်မှတ်)

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ

### ပုံစံ – ဂ

(မူရင်းထပ်တူပေါင်း ၄ စောင် ရှိစေရမည်။)

(ပုဒ်မ ၂၀ ကိုကြည့်။)

**ထိမ်းမြားကြောင်း သက်သေခံမှတ်ပုံတင်စာအုပ်ပုံစံ**

အမှတ်၊ -----------။
ထိမ်းမြားသည့်နေ့ရက်။
ထိမ်းမြားရာအရပ်

(က) လင်၏အမည်၊
( ခ ) အသက်၊
( ဂ ) မည်သည့်နိုင်ငံသား၊
(ဃ) ကိုးကွယ်သည့်ဘာသာ၊
( င ) အလုပ်အကိုင်၊
( စ ) နေရပ်၊
( ဆ) မိဘများ၏အမည်၊ အလုပ်အကိုင်နှင့်နေရပ်၊
( ဇ ) (မိဘများအသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူအမည်၊ အလုပ်အကိုင်နှင့် နေရပ်။

(က) မယား၏အမည်၊
( ခ ) အသက်၊
( ဂ ) မည်သည့်နိုင်ငံသား၊
(ဃ) ကိုးကွယ်သည့်ဘာသာ၊
( င ) အလုပ်အကိုင်၊
( စ ) နေရပ်၊
( ဆ) မိဘများ၏အမည်၊ အလုပ်အကိုင်နှင့်နေရပ်၊
( ဇ ) (မိဘများအသက်ရှင်လျက်မရှိလျှင်) အုပ်ထိန်းသူအမည်၊ အလုပ်အကိုင်နှင့် နေရပ်။
( ဈ ) အသက် ၂၀ နှစ်မပြည့်သေးလျှင် ထိမ်းမြားရန် သဘောတူညီချက်ပေးပြီးသည့် မိဘ သို့မဟုတ် အုပ်ထိန်းသူ၏ အမည်၊ အလုပ်အကိုင်နှင့်နေရပ်။

*[ ကျွန်တော် နှင့်ကျွန်မ တို့၏ ယခုထိမ်းမြားမှုကို အောက်ပါသက်သေများရှေ့တွင် ပြုလုပ်ပါသည်။

လင်၏လက်မှတ်

မယား၏လက်မှတ်

ကျွန်ုပ်တို့ရှေ့တွင် ပြုလုပ်ပါသည်။

မောင်/မ အမည် ၊ -----------------------------------
အလုပ်အကိုင် ၊ -------------------------------
နေရပ် ၊ -----------------------------------

မောင်/မ အမည် ၊ -----------------------------------
အလုပ်အကိုင် ၊ -----------------------------------
နေရပ် ၊ -----------------------------------

ထိမ်းမြားရန် သဘောတူချက်ပေးသူ၏လက်မှတ်။

အထက်တွင် အမည်ဖော်ပြပါရှိသူတို့၏ ထိမ်းမြားမှုကို ၂၀—— ခုနှစ်၊ ——— လ ——— ရက်နေ့တွင် ကျွန်ုပ်ရှေ့၌ ပြုလုပ်သည်။]

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ

* **မှတ်ချက်** ။ ဤဥပဒေပုဒ်မ ၂၇ ပုဒ်မခွဲ (ခ) အရ ထိမ်းမြားခြင်းကို မှတ်ပုံတင်ရန် ငြင်းဆိုသူများဖြစ်လျှင် ဤအပိုဒ်ကို ပယ်ဖျက်ရမည်။

# ကလေးဝ-ယာကြီးလမ်းပွင့်လင်းရာသီဖြစ်သော်လည်း သွားလာမှုခက်ခဲ

**ကလေး ဒီဇင်ဘာ ၂**

ကလေးဝ-ယာကြီး လမ်းသည် အထက်ချင်းတွင်းဒေသ ကဘော်ချိုင့် ဝှမ်းလွင်ပြင်နှင့် ချင်းပြည်နယ် မြောက်ပိုင်း ကုန်စည်စီးဆင်းမှုအတွက် အရေးပါသော လမ်းပိုင်းဖြစ်ရာ ယခု ပွင့်လင်းရာသီ ရောက်သော်လည်း သွားလာမှု ခက်ခဲနေဆဲဖြစ်ကြောင်း သိရသည်။



ကလေးဝ-ယာကြီးလမ်း ၁၁၅ မိုင်ကို ယခင်အစိုးရလက်ထက်က ချင်းတောင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကဘော်လွင်ပြင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ် ဖောက်လုပ်ပေးခဲ့ပြီး နောင်တစ်ချိန်တွင် နိုင်ငံတော်အတွက် အားထားရသည့် အာရှပတ်လမ်းမကြီးများ၊ အာဆီယံလမ်းမကြီးများ၊ နိုင်ငံဖြတ်ကျော်ကုန်စည်ပို့ဆောင်ရေး လမ်းမကြီးအဖြစ် ပြည်ထောင်စုအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးနှင့်ဆက်စပ်သော လမ်းမကြီးအဖြစ် တည်ရှိလာရေးရည်ရွယ်ကာ ဖောက်လုပ်ပေးခဲ့သော လမ်းမကြီးဖြစ်သည်။

ကလေးဝ-ယာကြီးလမ်းပိုင်းသည် အိန္ဒိယနိုင်ငံ၏ အစီအစဉ်ဖြင့် ကတ္တရာလမ်းအဖြစ် အပြီးဆောင်ရွက်ရန် စီမံချက်ရှိကြောင်းသိရကာ အိန္ဒိယအစိုးရ၏ အကူအညီဖြင့် ၂၀၁၅ ခုနှစ်တွင် လုပ်ငန်းများစတင်ဆောင်ရွက်မည်ဖြစ်ကာ ၂၀၁၆ ခုနှစ်တွင် အပြီးသတ်ဆောင်ရွက်မည်ဖြစ်သည်။

"ကလေးဝ-ယာကြီး လမ်းက နှစ်စဉ်နှစ်တိုင်းမိုးရာသီအဝင် ဇွန်လလောက်ကတည်းက ကားကြီးတွေ သွားလာခွင့်ပိတ်ထားခဲ့ပြီး အခု အောက်တိုဘာလကုန်ပိုင်းမှာ ကားကြီးတွေသွားလာခွင့် ပြန်ဖွင့်ပေးခဲ့တာပါ။ လမ်းမြေသားတွေက စိုနေတဲ့အချိန်မှာ ကားကြီးတွေသွားလိုက်တော့ လမ်းတွေကအားလုံးပျက်စီးကုန်တယ်" ဟုရှမ်းတောင်တန်းမှ ကားဆရာတစ်ဦးက ပြောသည်။

"ယာကြီးလမ်းကိုတော့ မြန်မြန်လေး ကောင်းစေချင်တယ်။ ဒါမှ ကုန်စီးဆင်းမှုတွေ မြန်မြန်ကောင်းမှာ ခုတော့ဘာပဲဖြစ်ဖြစ် နောက်ကျနေတယ်။ ကုန်တွေဆိုလည်း နောက်ကျမှရောက်တယ်၊ သတင်းစာ၊ ဂျာနယ်ဆိုလည်း နှစ်ရက်လောက်နောက်ကျပြီးမှ ဖတ်ရတယ်။ ဒီခေတ်ကြီးထဲမှာ တစ်ရက်နောက်ကျရင်တစ်ရက်အသိနောက်ကျတာပဲ"ဟု ဂျာနယ်ဆရာတစ်ဦးက ပြောသည်။

ကလေးဝ-ယာကြီး လမ်းသည် နောင်ဆိုလျှင် အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံကိုဖြတ်ကာ အရှေ့တောင်အာရှနိုင်ငံများဖြစ်သော လာအို၊ ဗီယက်နမ်နိုင်ငံတို့အထိ ဆက်သွယ်သွားလာ၍ရသော လမ်းမကြီးဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။ **သျှင်နေမင်း**

## ဥပဒေကြမ်းဖော်ပြပေးမည်

ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ရန်အတွက် **တစ်လင်တစ်မယားစနစ် ကျင့်သုံးခြင်းဆိုင်ရာ ဥပဒေကြမ်း** ကို ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။ **(မြန်မာ့အလင်း)**

# ချင်းပြည်နယ် ခရီးသွားလုပ်ငန်း အဆင့်မြှင့်တင်မည်

**ဟားခါး ဒီဇင်ဘာ ၂**

ချင်းပြည်နယ် ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်စေရန် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် ချင်းပြည်နယ်အစိုးရတို့ပူးပေါင်း၍ အဆင့်မြှင့်တင်ဆောင်ရွက်ရန်စီစဉ်နေကြောင်း သိရသည်။

"ချင်းပြည်နယ်ကို နိုင်ငံခြားသားတွေ အလွန်စိတ်ဝင်စားတယ်။ အရင်ကတည်းက နိုင်ငံခြားသားဧည့်သည်အဝင်ရှိတယ်။ တောတောင်သဘာဝနဲ့ တိုင်းရင်းသားလူမျိုးတွေရဲ့ ရိုးရာဓလေ့တွေ လေ့လာဖို့အတွက် လူမှုရေးလုပ်ငန်းတွေ၊ ဘာသာရေးမစ်ရှင်အဖွဲ့တွေ၊ ဖွံ့ဖြိုးရေးလုပ်ငန်းတွေလာလုပ်တဲ့ဧည့်သည်တွေများတယ်။ အဓိက ကန်ပက်လက်မြို့ နတ်မတောင်ကို သွားတာများတယ်။ ချင်းတောင်ပေါ်အထင်ကရနေရာတွေဖြစ်တဲ့ ရှာလ်လုမ်းခံတပ်၊ ကနေဒီတောင်၊ တီးမစ်လွင်ပြင်ဒေသနဲ့ ရိဒ်ရေအိုင်တို့ကိုလည်း အလွန်စိတ်ဝင်စားပြီး သွားချင်ကြတယ်။ အခုတရားဝင်သွားလာခွင့်ရပြီဆိုပေမယ့် ဟိုတယ်အခန်း မလုံလောက်တော့ တည်းခိုနေထိုင်ရေးတွေက အခက်အခဲတွေ တော်တော်များများရှိတယ်"ဟု ခရီးသွားလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ချင်းပြည်နယ်အတွင်းသို့ ကမ္ဘာလှည့်ခရီးသည်များတရားဝင်သွားရောက်လည်ပတ်ခွင့်ပြုလိုက်ခြင်းကြောင့် ယခုနှစ်ခရီးသွားဧည့်သည်အဝင်မှာ ယခင်နှစ်ထက် ထက်ဝက်ခန့် ပိုမိုမြင့်တက်လာသော်လည်း ဝင်ရောက်လာသောခရီးသည်များ လုံလောက်စွာတည်းခိုနိုင်သော ဟိုတယ်မရှိသေးကြောင်း၊ ချင်းပြည်နယ်၌ ဟိုတယ်လုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်းများ ဖွံ့ဖြိုးလာသော်လည်း လိုအပ်ချက်များရှိနေကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ချင်းပြည်နယ်သည် မြန်မာနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးမှုအနိမ့်ဆုံးပြည်နယ်တစ်ခုဖြစ်ရာ သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ပိုမိုတိုးတက်စေရန်အတွက် လက်ရှိတည်းခိုနေကြသည့် အခန်းများကိုအဆင့်မြှင့်တင်ကာ နိုင်ငံခြားသားခရီးသွားများ တည်းခိုနေထိုင်နိုင်ရန် အဆင့်မြှင့်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ချင်းပြည်နယ်သို့ ပြည်တွင်းပြည်ပမှ ခရီးသွားဧည့်သည်များ ယခင်ကထက် စိတ်ဝင်စားစွာပိုမိုလာရောက်ကြစေရန်အတွက် ကြော်ငြာလုပ်ငန်းများ လုပ်ဆောင်၍ ချင်းပြည်နယ်ခရီးစဉ် လေ့လာမှုအစီအစဉ်များကို ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ခရီးသွားလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဘေးထွက်ဆိုးကျိုးများလည်း ဖြစ်ပေါ်လာနိုင်သဖြင့် ကြိုတင်ကာကွယ်ထိန်းသိမ်းရန်လိုကြောင်း ခရီးသွားလုပ်ငန်းရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။



**နေစု(ချင်းရိုးမ)**

# ကလေးမြို့ မြေပဲခင်းများ အောင်မြင်ဖြစ်ထွန်း

**ကလေး ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မြစ်သာမြစ်ဝှမ်းလွင်ပြင်နှင့် နေရဉ္စရာမြစ်ဝှမ်းဒေသများတွင် ဆောင်းသီးနှံအဖြစ် မြေပဲကို အများဆုံးစိုက်ပျိုးခဲ့ကြပြီး ယခုအခါ အဆိုပါမြေပဲခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ကလေးမြို့မှာက ရာသီဥတုသင့်တင့် ကောင်းမွန်တယ်လို့ ပြောလို့ရပါတယ်။ အရင်နှစ်တွေဆို ရေကြီးရေလျှံဖြစ်ပြီး စိုက်ရပျိုးရတာ အဆင်မပြေချင်ဘူး။ ဒီနှစ်တော့ ရာသီဥတုအဆင်ပြေလို့ မြေနုကျွန်းတွေမှာ တချို့ဆိုရင် ပဲတွေ၊ နေကြာတွေ၊ ပြောင်းဖူးတွေစိုက်ကြတယ်။ မြေပဲကတော့ ဒီဘက်မှာအများဆုံး စိုက်ပျိုးကြပါတယ်"ဟု မော်လိုက်ကလေးကျေးရွာမှ ဒေသခံတောင်သူတစ်ဦးက ပြောသည်။

မြေပဲများကို အောက်တိုဘာလနောက်ဆုံးပတ်ကတည်းက စတင်စိုက်ပျိုးခဲ့ကြပြီး မြေပဲသိမ်းပြီးပါက နေကြာနှင့်ပဲကို ထပ်စိုက်နိုင်သလို အချို့ကမူ စားဖို့ဆောင်သီးနှံများ စိုက်ပျိုးလေ့ရှိကြောင်း သိရသည်။ မော်လိုက်ဒေသခံ တောင်သူများအနေဖြင့် မြေပဲကို အိမ်တွင်ဆီသန့်စားနိုင်ရန် အဓိကစိုက်ပျိုးကြခြင်းဖြစ်ပြီး အချို့တောင်သူများက ငွေပေါ်ရန်အတွက် ကလေးနှင့် တမူးမြို့များသို့ ရောင်းချကြကြောင်း သိရသည်။

**သျှင်နေမင်း**

# ဘားအံခရိုင် ရဲတပ်ဖွဲ့လုပ်ငန်းဆောင်ရွက်မှု သတင်းစာရှင်းလင်း

**ဘားအံ ဒီဇင်ဘာ ၂**

မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူများ ထိတွေ့ဆက်ဆံဆွေးနွေးပွဲများနှင့် ရဲလုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲကို ကရင်ပြည်နယ် ဘားအံမြို့ ဘားအံခရိုင်ရဲတပ်ဖွဲ့မှူးရုံး၌ နိုဝင်ဘာ ၂၉ ရက်က ကျင်းပခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်မင်းအောင်က ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းစနစ်၊ ပြည်သူများ ယုံကြည်အားကိုးမှုရှိနိုင်ရန် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် ရည်မှန်းချက်တာဝန်(၄)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေပုံများ၊ ပြည်သူများ ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ် ပိုမိုထိရောက်အောင်မြင်နိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ သတင်းမီဒီယာများ ပူးပေါင်းပါဝင်ခြင်းဖြင့် ပြည်သူ့ဘဝလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူများအေးချမ်းလွတ်လပ်စွာ နေထိုင်နိုင်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေး၊ လူကုန်ကူးမှုများမဖြစ်ရအောင်သက်ဆိုင်ရာအဖွဲ့များနှင့်ပူးပေါင်း၍ ဆောင်ရွက်နေမှုများ၊ ဘားအံခရိုင်၊ မြို့နယ်များအတွင်း မှုခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းရေး ရဲလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ လှိုင်းဘွဲ့မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်အေးက လှိုင်းဘွဲ့မြို့နယ်အတွင်း ရဲလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။



ထို့နောက် တက်ရောက်လာသော ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းထွေး(ဘားအံ)**

## သတင်းတိုများ

### ဘူတာတွင်ရောင်းချသည့်အစားအသောက်များကျန်းမာရေးစစ်ဆေး

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နဘားမီးရထားဘူတာနယ်မြေအတွင်းရှိ မီးရထားဘူတာများတွင် ရောင်းချနေသည့် အစားအသောက်များအား ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ မရှိ၊ သန့်ရှင်းသပ်ရပ်မှု ရှိ မရှိတို့ကို မြန်မာ့မီးရထား ကျန်းမာရေးဌာနက နိုဝင်ဘာ ၃၀ ရက်က မော်လူးမီးရထားဘူတာ၌ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။ အစားအသောက်များ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာသို့ နဘားနယ်မြေ မြန်မာ့မီးရထား ကျန်းမာရေးဌာနမှ ဆေးမှူး ဦးစိုးမြင့်(တာဝန်ခံ)နှင့် ဝန်ထမ်းများက မြန်မာ့မီးရထားနယ်မြေဧရိယာအတွင်းရောင်းချလျက်ရှိသည့် စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်နှင့် အခြားစားသောက်ကုန်များ ရောင်းချသည့်ဆိုင်များအား ကျန်းမာရေးနှင့် ညီညွတ်သည့် အစားအစာများကို သန့်ရှင်းသပ်ရပ်စွာ ရောင်းချမှု ရှိ မရှိစစ်ဆေးခဲ့ခြင်းဖြစ်သည်။

**ခင်မောင်ဆွေ(မော်လူး)**

### စာပေဥယျာဉ်စာကြည့်တိုက်နှင့် မီးစက်ရုံဖွင့်ပွဲကျင်းပ

ကသာခရိုင် ကသာမြို့နယ် သာယာကုန်းကျေးရွာ လှေဘိုကျောင်းတိုက်ဝင်းအတွင်း၌ စာပေဥယျာဉ်စာကြည့်တိုက်နှင့် မီးစက်ရုံဖွင့်ပွဲကို နိုဝင်ဘာ ၃၀ ရက်က ကျင်းပခဲ့ရာ စာကြည့်တိုက်သစ်ကို လှေဘိုကျောင်းတိုက်ဆရာတော်၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းအောင်၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ငြိမ်း၊ ခရိုင်ပြန်/ဆက်ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မိုးခက်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်ပြန်/ဆက် ဦးစီးမှူး၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အဖွဲ့ဝင် ဦးစမ်းဦးနှင့် မြို့နယ်လက်ထောက်ပညာရေးမှူး ဦးအောင်ကိုမင်းတို့က စာအုပ်စာစောင်များကိုလည်းကောင်း၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌက မီးစက်ရုံအတွက် အလှူငွေကျပ်တစ်သိန်းကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

**ဦးရဲ(ကသာ)**


## အပတ်စဉ်(၈) လက်ထောက်ရုံပိုင်သင်တန်း

တက်ရောက်ခဲ့သူများ တွေ့ဆုံပွဲကို ရန်ကုန်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ နယ်ပယ်အသီးသီးရောက်ရှိနေသော သူငယ်ချင်းများ အောက်ပါဖုန်းနံပါတ်များသို့ အမြန်ဆက်သွယ်ကြပါရန်။

၁။ ကြည်ဝင်း ဖုန်း-၀၉-၄၃၀၇၉၅၅၅

၂။ ညီမ်းမောင် ဖုန်း-၀၉-၄၀၀၄၄၃၉၆၆

၃။ ကျော်မြင့် ဖုန်း-၀၉-၇၃၀၂၆၉၉၅

၄။ ညွန့်ရင် ဖုန်း-၀၉-၇၃၀၂၃၉၁၀

## ဖိတ်ကြားအပ်ပါသည်

၁၉၉၆ အင်းစိန် GTI မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသား ကျောင်းသူဟောင်းများအား တက်ရောက်ပူဇော်နိုင်ရန် ဖိတ်ကြားအပ်ပါသည်။

| | | |
|---|---|---|
| နေ့ရက် | - | ၂၀-၁၂-၂၀၁၄ ရက် (စနေနေ့) |
| အချိန် | - | နံနက် ၉:၀၀ နာရီ |
| နေရာ | - | အင်းစိန် GTI |
| ဆက်သွယ်ရန်ဖုန်း | - | အပါလွင် ဖုန်း-၀၉-၂၅၀၅၆၆၇၅ |
| | | မျိုးညွန့်စိုး ဖုန်း-၀၉-၅၁၅၆၀၃၆ |
| | | သိန်းဝင်းဋ္ဌေး ဖုန်း-၀၉-၅၁၉၄၆၄၉ |
| | | သန်းဋ္ဌေး ဖုန်း-၀၉-၅၄၁၂၄၄၇ |
| | | မီမီစံ ဖုန်း-၀၉-၅၁၃၅၅၄၈ |
| | | ခိုင်ခိုင်အေး ဖုန်း-၀၉-၅၀၅၇၅၇၂ |

## တောင်ငူမြို့နယ် အထက(၂) အမျိုးသားကျောင်း (၂၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

အနန္တဂိုဏ်းဝင် ဆရာသခင်တို့အား ၂၈-၁၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈:၀၀ နာရီတွင် ဆရာကွန်းခန်းမ၌ အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါသည်။

တောင်ငူမြို့ အထက(၂) အမျိုးသားကျောင်းမှ အသက်(၆၀)ပြည့် အငြိမ်းစားယူသွားကြသော ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသူ ကျောင်းသားဟောင်းများအားလုံး ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ အာစရိယပူဇော်ပွဲသို့ ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ခေါ်အပ်ပါသည်။

အာစရိယပူဇော်ပွဲအတွက် အလှူငွေများကို အောက်ပါပုဂ္ဂိုလ်များထံတွင် ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

၁။ ဦးတင်မောင်လှ ဖုန်း-၀၉-၄၉၄၃၀၉၁၀ ၂။ ဦးကျော်အေး ဖုန်း-၀၉-၄၉၂၂၀၆၈၃
၃။ ဦးဝင်းအုန်း ဖုန်း-၀၉-၄၂၈၁၄၉၆၄၁ ၄။ ဦးသန့်ဇော် ဖုန်း-၀၉-၄၂၈၂၀၁၁၉၉

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မာန်ပြေ၊ မြေကွက်အမှတ် ၅၆၂၊ မြေကွက်တည်နေရာအမှတ် ၅၆၂၊ မာန်အောင်လမ်း၊ ၃/မာန်ပြေ ရပ်ကွက်၊ သာကေတမြို့နယ် (ဦးကျော်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်အား အမည်ပေါက် ဦးကျော် (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်သောင်း ၁၂/သကတ(နိုင်)၀၃၂၄၆၉ ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၇၉၀/၂၀၁၃ရသူ ဦးအေးအေးကျော် ၁၂/သကတ(နိုင်)၀၃၂၇၂၉ မှ သေစာရင်းနှင့် ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အပိုင်ပေးစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရန်ကုန်စက်မှုဇုန်)၊ မြေကွက်အမှတ် ၃၅၈၊ ဧရိယာ ၄ ဒသမ ၇၈၈ ဧကသည် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဦးတိုးနိုင်မန်း၊ ဒေါ်ဧဇင်လတ် ဖြစ်ပါသည်။ အဆိုပါမြေကွက်အား အရောင်းအဝယ်စာချုပ် (၄၉၁၈/၂၀၁၃)၊ စွန့်လွှတ်ခြင်းစာချုပ် ၇၄၂/၂၀၁၄၊ အပိုင်ပေးစာချုပ် ၇၉၅၅/၂၀၁၄တို့တင်ပြ၍ ဒေါ်သီတာလွင် ၁၂/မရက(နိုင်)၀၂၉၀၇၃ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ**
**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

**တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကွင်းအမှတ် ၁၁(ခ) ထားဝယ်စုမြောက်(ကွက်သစ်)၊ ဦးပိုင်အမှတ် ၇၁၊ ဧရိယာ ၀ဒသမ၀၆၆ဧကရှိ မြို့မြေမှုအမှတ် ၇၆/၇၈-၇၉ အရ နှစ်(၃၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ထပ် (၅)ပေါက်အဆောက်အအုံ အကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ အများသိစေရန်**

### အသိပေးကြေညာခြင်း

တနင်္သာရီတိုင်းသေသကြီး၊ မြိတ်မြို့နယ်၊ မြစ်ငယ်ရပ်ကွက်၊ အမက ကျောင်းရှေ့၊ အိမ်အမှတ် ၁၆နေ ကျွန်မဒေါ်မြဝင်း (ကျန်မောင်နှမနှစ်ဦး၏ အထွေထွေကိုယ်စားလှယ်စာရသူ) ၆/မအရ(နိုင်)၀၂၇၅၉၉ မှအောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကွင်းအမှတ် ၁၁(ခ) ထားဝယ်စုမြောက်(ကွက်သစ်)၊ ဦးပိုင်အမှတ် ၇၁၊ ဧရိယာ ၀ဒသမ၀၆၆ဧကရှိ မြို့မြေမှုအမှတ် ၇၆/၇၈-၇၉ အရ နှစ်(၃၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော မြိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၏ အခွန်ထမ်းပြေစာ ဘီလ်အမှတ် ၁၄၄ အရ အောက်ထပ်-အုတ်တစ်ပိုင်း၊ အပေါ်သွပ်မိုး၊ ပျဉ်ထောင်၊ ပျဉ်ခင်း တံခါး(၅)ပေါက်အဆောက်အအုံအပါအဝင်တို့မှာ မူလကတည်းက ကျွန်မ၏မိခင်ကြီး ဒေါ်သိန်းရွှေအမည်ပေါက် ပိုင်ဆိုင်လျက်ရှိပြီး၊ နှစ်စဉ် မြေခွန်/အိမ်ခွန်များကိုလည်း မိခင်ကြီးအမည်ဖြင့်ပင် စည်းကြပ်ထမ်းဆောင်လာခဲ့ပါသည်။

ထို့သို့အမည်ပေါက်ပိုင်ဆိုင်လာခဲ့သော မိခင်ကြီးဒေါ်သိန်းရွှေမှာ လွန်ခဲ့သော (၂၆-၁၀-၁၉၉၁) ရက်တွင် ကွယ်လွန်သွားခဲ့ရာ၊ မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာအရ ကျန်ရစ်သူသမီးအရင်းများဖြစ်ကြသော (၁)ဒေါ်မြဝင်း၊ (၂)ဦးတင်ဝင်း၊ (၃)ဒေါ်ဝင်းမြင့်တို့ မောင်နှမ(၃)ဦးမှ အထက်ပါ အိမ်နှင့်မြေကို ဆက်လက်အကျိုးခံစားခွင့်ရရှိလာခဲ့ပါသည်။

ဤသို့အကျိုးခံစားခွင့်ရှိလာသော အိမ်နှင့်မြေကို မောင်နှမ(၃)ဦး သိရှိခြင်းမရှိဘဲ အဝေးတစ်နေရာတွင် သွားရောက်နေခိုက် မသက်ဆိုင်သူ ဦးမောင်ဝင်းဆိုသူမှ မောင်နှမ(၃)ဦး သေဆုံးသွားပြီဟု အကြောင်းပြကာ အိမ်နှင့်မြေကို ၎င်း၏အမည်သို့ပြောင်းလဲ၍ အခြားတစ်ပါးသူသို့ ပြန်လည်ရောင်းချထားကြောင်း သိရှိခဲ့ရသည်။

ယခုအခါ မိခင်ကြီးဒေါ်သိန်းရွှေအမည်ပေါက် နေအိမ်အဆောက်အအုံ (မြေအကျိုးခံစားခွင့်အပါအဝင်)အား ဆက်လက်အကျိုးခံစားခွင့်ရှိသူ သားသမီးအရင်း(၃)ဦးကသာ လက်ရှိပိုင်ဆိုင်ခွင့်ရှိပြီး၊ ဒေါ်မြဝင်း ပါ(၃)ဦး၏ အတိအလင်းခွင့်ပြုသဘောတူညီချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်မှုလုံးဝမရှိစေရကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**(ဒေါ်မြဝင်း)**
**(ကျန်မောင်နှမ(၂)ဦး၏ အထွေထွေကိုယ်စားလှယ်စာရရှိသူ)**
**၆/မအရ(နိုင်)၀၂၇၅၉၉**
**အမှတ် (၁၆)၊ အမက ကျောင်းရှေ့၊ မြစ်ငယ်ရပ်၊ မြိတ်မြို့**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ဆေးလိပ်ဆေးရွက်ကြီးအန္တရာယ် သတိပြုဖွယ်

**မေယု-မျိုးအောင်(MANA)**

မြောက်အမေရိကတိုက်သည် ဆေးရွက်ကြီး၏ မူရင်းဒေသဖြစ်ပါသည်။ ၁၆ ရာစုခန့်က ဥရောပတိုက်သို့ ရောက်ရှိကာ ဆေးငုံခြင်း၊ ဆေးဝါးခြင်းပြုလုပ်အရသာခံခဲ့ကြရာမှတစ်ဆင့် အေဒီ ၁၈၀၀ နောက်ပိုင်းမှ ဆေးတံသောက်ခြင်းနှင့် ဆေးပြင်းလိပ်သောက်ခြင်းတို့ ပေါ်ပေါက်လာခဲ့သည်။ စီးကရက်လုပ်ငန်းကိုမူ အေဒီ၁၉၀၉-၁၉၁၈ ကြားတွင် ပိုမိုကျယ်ပြန့်လာခဲ့သည်။ ၂၀၁၀ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဖော်ပြချက်အရ လူပေါင်း ၁ ဒသမ ၂ ဘီလီယံသည် ဆေးလိပ်ဆေးရွက်ကြီးနှင့် ဆေးလိပ်သောက်သုံးလျက်ရှိကြောင်း ဖော်ပြထားသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ တိုးတက်သုံးစွဲမှုအရ ၅၀ ရာခိုင်နှုန်း တိုးတက်လာမည်ဖြစ်သည့်အတွက် ၂၀၂၀ ပြည့်နှစ်တွင် လူဦးရေ ၁ ဒသမ ၆ ဘီလီယံအထိ သောက်သုံးလာနိုင်ကြောင်း ဖော်ပြထားသည်။ ဆေးရွက်ကြီးစိုက်ပျိုးသည့် နိုင်ငံ ၁၀၀ ကျော်ရှိပြီး တရုတ်နိုင်ငံသည် အများဆုံးစိုက်ပျိုးသည့် နိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံတွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာအရ ဆေးလိပ်သောက်သုံးပြီး အန္တရာယ်ကို ဖိတ်ခေါ်နေသလိုဖြစ်နေသည်။ မြန်မာ့ရိုးရာဓလေ့အရ မြန်မာလူမျိုးများသည် စဉ်းခုတ်ထားသော ဆေးရွက်ကြီးများ၊ ဆေးရိုးနှင့် အခြားရန့်တို့ကို အသုံးပြုထားသော ဆေးပေါ့လိပ်သောက်သုံးမှု ပမာဏသည် အလွန်များပြားသည်။ ဆေးရွက်ကြီး ဝါးခြင်းအမျိုးအစားမှာ ပါဝင်သည့် ကွမ်းစားခြင်းသည် တိုးပွားလာလျက်ရှိသည်။

ဆေးလိပ်ဆေးရွက်ကြီး အသုံးပြုမှုကြောင့် နှစ်စဉ် လူပေါင်း သုံးသန်းအသက်ဆုံးရှုံးနေပြီး ၂၀၂၀ ပြည့်နှစ်မှာ လူပေါင်း ၁၀ သန်းခန့် အသက်ဆုံးရှုံးနိုင်သည့်အတွက် လူသားများ၏ ကျန်းမာရေးအတွက် ကြောက်စရာအကောင်းဆုံးဟု သတ်မှတ်ထားသည်။ ဆေးလိပ်၊ ဆေးရွက်ကြီးသောက်သုံးခြင်းနှင့် နီးနွယ်သော ရောဂါကြောင့် သေဆုံးရသူများမှာ ကမ္ဘာတစ်ဝန်း ၄ ဒသမ ၉ သန်းကျော်ရှိနေပြီး တစ်ဆင့်ခံဆေးလိပ်ငွေ့ ရှူရှိုက်ရမှုကြောင့် သေဆုံးနေသူမှာ ခြောက်သိန်းကျော်ရှိနေသည်။

ဆေးရွက်ကြီးနှင့် ဆေးလိပ်မီးခိုးငွေ့များတွင် အဓိကအားဖြင့် အဆုတ်ကင်ဆာဖြစ်စေတတ်သော ဓာတုပစ္စည်းများနှင့် လူတို့အား အန္တရာယ်ဖြစ်စေသည့် ကတ္တရာ၊ နီကိုတင်းနှင့် ကာဗွန်မိုနောက်ဆိုက်၊ ဘင်ဇင်း၊ အမိုးနီးယားအစရှိသော ဓာတ်ပစ္စည်းများ အမျိုးပေါင်း ၄၀၀၀ ကျော်ပါဝင်သည်။ ဆေးရွက်ကြီးထွက်ပစ္စည်းကို အငွေ့ထွက်စေသော စီးကရက်များ၊ ဆေးပေါ့လိပ်များ၊ ဆေးပြင်းလိပ်၊ ပြောင်းဖက်လိပ်၊ ရေပြောင်း၊ ရှီရှား၊ ပွတ်ချွန်း၊ ဘီဒီ စသည်တို့ အသုံးပြုရှူရှိုက်ရသည်။ အငွေ့မထွက်သော ဆေးရွက်ကြီးစားသုံးမှုအဖြစ် ကွမ်းယာ၊ မြန်မာဆေး၊ နှပ်ဆေး၊ ဆေးပေါင်း စသည့် ဆေးထည့်၍ စားခြင်း၊ ဆေးရွက်ကြီးငုံခြင်းဟူ၍ ဆေးရွက်ကြီးကို အသုံးပြုကြသည်။

မိမိကိုယ်တိုင် ဆေးလိပ်သောက်သုံးခြင်း၊ သူတစ်ပါး ဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းနှင့် တတိယတစ်ဆင့်ခံ ဆေးလိပ်ငွေ့အဖြစ် ဆေးလိပ်သောက်တတ်သူများ နေထိုင်ကျက်စားရာ အဆောက်အအုံ၊ အခန်း၊ နေအိမ် စသည်တို့အတွင်း အဝတ်အထည်၊ အသုံးအဆောင်၊ ခန်းဆီးလိုက်ကာ စသည်တို့အထိ ထိတွေ့စွဲကျန်ရစ်သော ဆေးလိပ်နှင့် ဆေးရွက်ကြီး အငွေ့အသက်ကြောင့်လည်း ဆေးလိပ်နှင့် ဆက်နွယ်သော ရောဂါများဖြစ်ပွားနိုင်မှု အန္တရာယ်ရှိသည်။

အထက်ဖော်ပြပါ ဖြစ်ပွားနိုင်သော နည်းလမ်းများမှ မရှောင်ရှားနိုင်ဘဲ နှစ်ရှည်လများ ဆေးလိပ်ငွေ့ရှူရှိုက်နေရသူများတွင် ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါအမျိုးမျိုး၊ နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်ခြင်း၊ လေဖြတ်ခြင်း၊ အဆုတ်ပွရင်ကျပ်ရောဂါ၊ ပြင်းထန်သွေးတိုးရောဂါ၊ ခြေပုပ်၊ လက်ပုပ်ရောဂါမှ အစပြုပြီး ပန်းသေ၊ ပန်းညှိုးရောဂါများအထိ ဖြစ်ပွားနိုင်သည်။

ကိုယ်ဝန်ဆောင်မိခင်များ ကိုယ်တိုင်ဆေးလိပ်သောက်သုံးခြင်း၊ တစ်ဆင့်ခံဆေးလိပ်ငွေ့ရှူရှိုက်ရခြင်းတို့ကြောင့် ကိုယ်ဝန်ပျက်ခြင်း၊ ကလေးအသေမွေးခြင်း၊ ပေါင်ချိန်မပြည့်၊ လမစေ့ကလေးမွေးခြင်း၊ မွေးရာပါ ကိုယ်လက်အင်္ဂါ ချို့ယွင်းသည့် ကလေးမွေးဖွားခြင်းနှင့် မွေးကင်းစကလေး ရုတ်တရက်သေဆုံးခြင်းများအထိ ဖြစ်ပွားနိုင်သည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးသောက်သုံးခြင်း၊ တစ်ဆင့်ခံ ရှူရှိုက်ရခြင်း၏ အန္တရာယ်နှင့် ကျန်းမာရေးချို့ယွင်းမှု ပြဿနာနောက်ဆက်တွဲများကြောင့် ကမ္ဘာ့လူဦးရေ သန်းတစ်ထောင်ကျော်မှ ငါးသန်းနီးပါးမှာ ဆက်စပ်ရောဂါများကြောင့် သေဆုံးနေရသဖြင့် ဆေးလိပ်သောက်ခြင်းအား ကမ္ဘာတစ်ဝန်းကျန်းမာရေးဆိုးကျိုးဖြစ်နိုင်သည့် အပြုအမူအဖြစ် လျှော့ချနိုင်ရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းလျက်ရှိသည်။

ဆေးလိပ်ဘူးများတွင် ကျန်းမာရေးဆိုးကျိုးအန္တရာယ်ရှိကြောင်း ဖော်ပြခြင်း၊ အရွယ်မရောက်သေးသူများအား ဆေးလိပ်ရောင်းချခွင့်မပြုရန်၊ ဆေးလိပ်မသောက်ရ နေရာများ သတ်မှတ်ရန်၊ အချို့သော ကမ္ဘာ့တိုင်းပြည်ကြီးများတွင် ကျောင်းသားအများစုဝေးသည့် တက္ကသိုလ်ပရိဝုဏ်အတွင်း ဆေးလိပ်သောက်သုံးခွင့်၊ ရောင်းချခွင့်မပြုရန် သတ်မှတ်ခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး ထုတ်ကုန်များအား အခွန်တိုးမြှင့်ကောက်ခံရန် နည်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

ကမ္ဘာ့ကျန်းမာရေးစောင့်ကြည့်ရေးအဖွဲ့ကြီးက လျှပ်စစ်စီးကရက် (Electronic Cigarettes) ခေါ် E စီးကရက်များ (toxicant) ခေါ် အဆိပ်အတောက်ဖြစ်စေသော အငွေ့များ ပါဝင်နေနိုင်ကြောင်း သတိပေးချက် ထွက်ပေါ်လာပြီးနောက် လျှပ်စစ်ပစ္စည်းဖြစ်သော E စီးကရက်များအပေါ် လုံခြုံမှု ရှိ မရှိ စိုးရိမ်ပူပန်မှုများထွက်ပေါ်လာပြီး E စီးကရက်များ အသုံးပြုခြင်းအား ထိန်းချုပ်ရန်လိုအပ်ကြောင်း၊ အိမ်တွင်းအသုံးပြုမှုပိတ်ပင်ရန်နှင့် အရွယ်မရောက်သေးသူ လူငယ်များအား ရောင်းချခွင့် ပိတ်ပင်ရန်အထိ UN agency မှ တင်ပြခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO မှလည်း E စီးကရက်များ အိမ်တွင်းအသုံးပြုခြင်း ပိတ်ပင်ရန်၊ လုံခြုံမှု ရှိ မရှိ ဆန်းစစ်ရန် WHO က ညွှန်ကြားခဲ့သည်။ E စီးကရက်များအား ဆေးလိပ်ဖြတ်လိုသူများအတွက် အထောက်အကူဖြစ်စေမည့် ပစ္စည်းအဖြစ် ညွှန်ကြားခြင်း မပြုရန်နှင့် E စီးကရက်များအား လူငယ်များကို သောက်သုံးရန် တွန်းအားပေးမည့် သစ်သီးနံ့၊ အချိုအအီအနံ့နှင့် အယ်လကာဟောလစ်အရည်သဏ္ဌာန်အနံ့များ ထည့်သွင်းထုတ်လုပ်ခြင်းများအတွက် ဥပဒေများ ထုတ်ပြန်ပေးရန် WHO က နှိုးဆော်ထားသည်။

မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးလိပ်၊ ဆေးရွက်ကြီး သောက်သုံးခြင်းကြောင့်ဖြစ်ပေါ်နိုင်သော ရောဂါအန္တရာယ် သတိပေးနှိုးဆော်ချက်များကို သတိပြုလိုက်နာကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။



## ကုန်းဘောင်ခေတ် သဲကျောက်ထွင်းရုပ်ကြွများ ထိန်းသိမ်းစောင့်ရှောက်ထား

**မိတ္ထီလာ ဒီဇင်ဘာ ၂**

မုံရွာခရိုင် ဘုတလင်မြို့နယ် ရွာသစ်ကျေးရွာအုပ်စု ဘုရားကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကုန်းဘောင်ခေတ်လက်ရာ ရာမဇာတ်တော် သဲကျောက်ထွင်းရုပ်ကြွများကို ပြတိုက်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားကြောင်း သိရသည်။

"ရှေးဟောင်းမြန်မာ့ယဉ်ကျေးမှု အမွေအနှစ် အနုပညာလက်ရာတွေကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ထားမှသာ နောင်လာနောက်သားတွေအနေနဲ့ မြန်မာတို့ရဲ့ယဉ်ကျေးမှု အနုပညာအဆင့်အတန်း မြင့်မြင့်မားမားတည်ရှိခဲ့တာကို လေ့လာသိရှိနိုင်မှာဖြစ်ပါတယ်။ အခုဘုရားကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတိုက်အတွင်းက ပြတိုက်တည်ဆောက် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားတဲ့ ကုန်းဘောင်ခေတ် ရာမဇာတ်တော် သဲကျောက်ထွင်းရုပ်ကြွတွေက အရင်တုန်းက ဘုရားကြီးကျောင်းတိုက် ပရိဝုဏ်အတွင်း မဟာလောကမာရဇိန် စေတီတော်ကြီးအနီးမှာ ထိန်းသိမ်းမှုမဲ့ပြီးတည်ရှိနေခဲ့တာ။ နောက်တော့ အထက်မြန်မာပြည် ရှေးဟောင်းသုတေသနဦးစီးဌာန(မန္တလေး)က ပြတိုက်တည်ဆောက်ပြီး စနစ်တကျထိန်းသိမ်းစောင့်ရှောက်ပေးတာမို့ ကုန်းဘောင်ခေတ်လက်ရာ ရာမဇာတ်တော် သဲကျောက်ထွင်းရုပ်ကြွတွေကို တွေ့မြင်နိုင်တာပါ"ဟု ဘုရားကြီးကျေးရွာကျောင်း ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တဥက္ကံသက မိန့်ကြားသည်။

ဘုရားကြီးကျောင်းတိုက်အတွင်း ပြတိုက်၌ ထိန်းသိမ်းစောင့်ရှောက်ထားသည့် ကုန်းဘောင်ခေတ်လက်ရာ ရာမဇာတ်တော် သဲကျောက်ထွင်းရုပ်ကြွများမှာ ရာမဇာတ်တော်တွင် ပါဝင်သည့် ဇာတ်ဝင်ခန်းများကို ရုပ်ကြွပေါင်း ၂၉၆ ခုဖြင့် ထွင်းထုထားခြင်းဖြစ်ပြီး သက်ဝင်လှုပသည့် ရုပ်ကြွများဖြစ်ကာ ရှေးခေတ်မြန်မာတို့၏ ယဉ်ကျေးမှုအနုပညာ အဆင့်အတန်း ကြီးကျယ်မြင့်မားပုံကို ပြသလျက်ရှိသည်။ **ချမ်းသာ(မိတ္ထီလာ)**


## MPAN Seminar ဖိတ်ကြားလွှာ

ရန်ကုန်စီးပွားရေးတက္ကသိုလ် Master of Public Administration (MPA) ဘွဲ့ရများ နှင့် MPA သင်တန်းသားများဖြင့် ဖွဲ့စည်းတည်ထောင်ထားသော ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာကွန်ရက်အသင်း MPAN အသင်း၏ Seminar for Public Administration ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ကို စိတ်ဝင်စားသူများ အခမဲ့တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

**ဟောပြောကြမည့်သူများ**

(က) ဒေါက်တာရင်ရင်နွယ် Ph.D(Cambridge) နိုင်ငံတော်သမ္မတ၏ပညာရေးအကြံပေးအဖွဲ့ခေါင်းဆောင်
Topic: [Decentralization and Good Governance]

(ခ) ဒေါက်တာဒေါ်သန်းနွဲ့ L.L.M (London), Ph.D(D.Litt) မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
Topic: [Separation of Power]

(ဂ) ဦးယုလွင်အောင် M.P.A ဥက္ကဋ္ဌ(ငြိမ်း) မြန်မာနိုင်ငံ လူမှုဖူလုံရေးအဖွဲ့
Topic: [Social Security and Human Rights]

**အစီအစဉ်**

| | | |
|---|---|---|
| **ကျင်းပမည့်ရက်** | - | ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၆ ရက် |
| **ကျင်းပမည့်အချိန်** | - | နံနက် ၉ နာရီမှ ၁၂ နာရီအထိ |
| **ကျင်းပမည့်နေရာ** | - | UMFCCI Tower အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ |
| **ဆက်သွယ်ရန်** | - | ဦးဘိုဘို ဖုန်း-၀၉-၅၁၄၈၉၄၂၊ ဦးမျိုးအေး ဖုန်း-၀၉-၇၉၇၅၄၀၄၇၀ myanmar.mpan@gmail.com |

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ ယောမင်းကြီးလမ်း၊ ကွင်းအမှတ်(ပပ-၂)၊ ဦးပိုင်အမှတ်(ပပ-၂ စီ)၊ ဧရိယာဧက ၂ ဒသမ ၁၂၁၂ ဧကရှိ ဒေါ်လီကော်နီ ၉/မနမ(နိုင်)၀၉၈၂၀၄ အမည်ပေါက် ဂရန်မြေကို (SHWE THAZIN Company Limited)မှ မန္တလေးမြို့တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ် (၂၇၀၄/၂၀၀၇)အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသောမြေဖြစ်ပါသည်။

အထက်ဖော်ပြပါဂရန်မြေနှင့်ပတ်သက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြေငှားဂရန်အမှုတွဲအမှတ် ၁၁၄၇/၂၀၀၃-၀၄၊ ဂရန်စာချုပ်အမှတ် (၁၀၂၂/၂၀၀၃-၂၀၀၄)၊ ဒေါ်လီကော်နီအမည်ဖြင့် ထုတ်ပေးထားသော နှစ်(၃၀)မြေငှားဂရန်မှာ စက်ရုံအတွင်း ပစ္စည်းများရွှေ့ပြောင်းရာမှ နေရာအထားအသိုမှားယွင်းပြီး ပျောက်ဆုံးနေပါသဖြင့် အဆိုပါမြေငှားဂရန်အား မိတ္တူမှန်ထုတ်ယူနိုင်ရန်အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မြေယာစီမံခန့်ခွဲမှုဌာနတွင် (SHWE THAZIN Company Limited)မှ လျှောက်ထားဆောင်ရွက်မည်ဖြစ်ပါသည်။

အဆိုပါမြေဂရန်နှင့်ပတ်သက်၍ ကန့်ကွက်ရန်အကြောင်းရှိသူ မည်သူမဆို ခိုင်လုံသော တရားဝင်စာရွက်စာတမ်း အထောက်အထားအပြည့်အစုံဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက မြေငှားဂရန်ရရှိရေးအတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမြင့်ရီ** | **ဒေါ်ခင်မအေး** |
| **B.A(Law), LL.B** | **B.A(Law), LL.B** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၂၄၁၃)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၂၂၅၈)** |

**အမှတ် (၅/၁၁)၊ မြစန္ဒာလမ်း၊ ၂၇×၂၈ လမ်းကြား၊ ၆၂×၆၃ လမ်းကြား၊ အောင်တော်မူရပ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၀၆၀၄၅၊ ၀၉-၉၁၀၁၁၉၄၅၊ ၀၂-၇၄၇၆၃**

**ကန့်ကွက်နိုင်ပါကြောင်း**

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၉ကံဘဲ့၊ မြေကွက်အမှတ် ၁၈/ယ၂၊ မြေကွက်တည်နေရာအမှတ် ၁၈ယ/၂၊ ဦးဘဟန်လမ်းသွယ်၊ (၁၀)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ဦးကျော်စိန်သိန်း၊ ဒေါ်ခင်မြဆွေ)အမည်ပေါက် Bလ/နှ ၃၉မြေအား အမည်ပေါက်နှစ်ဦးအနက် ဒေါ်ခင်မြဆွေမှာ ၂၀-၉-၂၀၀၁ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်ပြီး ခင်ပွန်းတော်စပ်သူ ဦးကျော်စိန်သိန်း ၁၂/အလန(နိုင်)၀၁၄၇၉၀ ၏ GP ၂၅၇၅၃/၂၀၁၄ (၁၈-၉-၂၀၁၄)ရရှိသူ ဒေါ်မြမြသန်း ၁၂/အလန(နိုင်)၀၁၄၇၉၃က အမည်ပေါက်သည့် အရောင်းအဝယ်စာချုပ်အမှတ် ၄၇၁/၁၉၈၆ (၂၀-၆-၁၉၈၆)၊ သေစာရင်း၊ တစ်ဦးတည်းသော ခင်ပွန်းဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ GP အထောက်အထား၊ GP အတွက် ကျမ်းကျိန်လွှာတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ယ/၈၇၃၉၇ Honda Dream ND-125m ယာဉ်လက်ဝယ်ရှိသူ ဦးမာရီပါး ၁၀/မလမ(နိုင်)၀၃၈၀၀၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး (မော်လမြိုင်မြို့)**

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

# GREAT MASTER CONSTRUCTION CO., LTD.

**နိုင်ငံတကာအဆင့်မီ အဆောက်အအုံများဆောက်လုပ်ရန်အတွက် အောက်ပါဝန်ထမ်းများအလိုရှိသည်**

**အမှတ်(၁၃၃)၊ အခန်းအမှတ်(G-1)၊ မြေညီထပ်၊ လမင်းသာယာကွန်ဒို၊ ရိုးမဘဏ်ဘေး၊**

**စက်ရုံလမ်းနှင့်ဗိုလ်မင်းရောင်လမ်းထောင့်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့**

ဖုန်း-၀၁-၉၀၀၀၀၃၃၊ ၀၉-၇၃၂၂၄၆၂၄

## ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

1. Mechanical & Electrical

လေဘာ၊ ပုတ်ပြတ်လုပ်နိုင်သူ၊ လုပ်ငန်းအပ်နှံပေးမည်။

2. Project Engineer

BE, ME (Civil) ဖြစ်ရမည်။

လုပ်ငန်းအတွေ့အကြုံရှိသူ ဦးဆောင်နိုင်သူဖြစ်ရမည်။

အထပ်မြင့်ဆောက်လုပ်ဖူးသူ ဦးစားပေးမည်။

3. Site Engineer

BE, AGTI (Civil) ဖြစ်ရမည်။

လုပ်ငန်းအတွေ့အကြုံရှိသူ၊ အထပ်မြင့်ဆောက်လုပ်ဖူးသူဖြစ်ရမည်။

4. Assistant Site Engineer

BE, AGTI (Civil) ဖြစ်ရမည်။

5. Office Staff

၁၀ တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ ဘွဲ့ရဦးစားပေးမည်။

ရုံးလုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

6. Security

ကျန်းမာရေးကောင်းမွန်ပြီး၊ ရိုးသားကြိုးစား၍ အလုပ်ချိန်တွင်အချိန်ပြည့်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ နေ့(သို့) ည တာဝန်ထမ်းဆောင်နိုင်ရမည်။

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဓာတ်ပုံ(၂)ပုံ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း ထောက်ခံချက်မိတ္တူတို့နှင့်အတူ ၁၄-၁၂-၂၀၁၄ရက် နောက်ဆုံးထား၍ လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

## အမည်မှန်

ဦးသက်နိုင်ဝင်း၏သမီး အထက(၁) စမ်းချောင်း Grade(7) (B) မှ စုရတနာထွန်း အမည်မှန်မှာ မဆုရတနာထွန်း ဖြစ်ပါသည်။

## အများသိစေရန်ကြေညာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်၊ မြေကွက်အမှတ် ၅၈၆/ခ၊ မြေကွက်တည်နေရာ ၅၈၆/ခ၊ ရန်ပြေ ၁၄လမ်း၊ အရှေ့(၃)ရပ်ကွက်၊ သာကေတမြို့နယ် ဦးဝင်းမြင့်အမည်ပေါက် နှစ် ၆၀ဂရန်မြေကို အမည်ပေါက် ဦးဝင်းမြင့် ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ်အမှတ် ၆၀၄၃/၂၀၁၄ (၂၆-၅-၂၀၁၄) ဖြင့် ပိုင်သူ ဒေါ်စန်းစန်းအေး ၁၂/သကတ(နိုင်) ၀၄၅၁၁၇ မှ (ဂရန်)မူရင်း ပျောက်ဆုံးကြောင်း တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလဂရန် ထုတ်ပေးထားသည့် မြေငှားစာချုပ်အမှတ် [သကတ/၃(ရန်)၁၃၃၀/၉၃] အမည်ပေါက်နှင့် နှစ် ၆၀မြေငှားစာချုပ်(ဂရန်) မူရင်းစာအုပ်အားမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနမှပယ်ဖျက်ပြီးဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၊ မြေကွက်အမှတ် ၂၈၀/က၊ မြေကွက်တည်နေရာအမှတ် ၂၈၀/က၊ သီလ ၉လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်လှရွှေ အမည်ပေါက် နှစ် ၆၀မြေဂရန်မြေအား အမည်ပေါက် အစ်မ (ဒေါ်လှရွှေ)အပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ဦးမြင့်ဦး ၁၂/ဥကတ(နိုင်) ၀၁၆၇၀၂ က တစ်ဦးတည်းသောမောင်တော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်း တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဌာနလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**

**မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်တွင်အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/တပ်ဆင်မည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Aircon နှင့် Sound System | ၁၂ လုံး |
| ၂။ | ပရိဘောဂ(ခုတင်၊ စားပွဲ၊ ကုလားထိုင်၊ ဗီရို)အိပ်ဆောင် သုံးဆောင် | ၆၇၂ လုံး |
| ၃။ | e-Student Management System အတွက် Software ရေးဆွဲခြင်း | ၁ ခု |
| ၄။ | ထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများ | ၁ စုံ |

၂။ စိတ်ပါဝင်စားသူလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက်များကို ၂၈-၁၁-၂၀၁၄ရက်မှစ၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ facebook နှင့် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ Website ဖြစ်သော www.uvsyezin.edu.mm တွင် ဖတ်ရှုရယူနိုင်ပြီး ၂၉-၁၂-၂၀၁၄ရက် ရုံးချိန်အတွင်း နောက်ဆုံးထား၍ ဤရုံးသို့ တင်သွင်းရမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

**ရေဆင်း၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၆၅၂၅၊ ၄၁၆၅၃၀၊ ၄၁၆၆၅၈**

**ကချင်ပြည်နယ်အစိုးရအဖွဲ့**

**စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနတို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် ပြည်နယ်အတွင်း၌ ဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါလျှောက်လွှာကို ၁-၁၂-၂၀၁၄ရက်မှစတင်ပြီး ကချင်ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနရုံးတွင် တင်ဒါတင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

**မိုးကောင်းမြို့နယ်**

(က) လွှဲလောရေတင်လုပ်ငန်း (၁၁)ကေဗွီဓာတ်အားလိုင်း ၄ မိုင်တည်ဆောက်ခြင်း

(ခ) လွှဲလောရေတင်လုပ်ငန်း ၁၁/၀.၄ ကေဗွီ (၂၀၀)ကေဗွီအေ ထရန်စဖော်မာ တည်ဆောက်ခြင်း

၂။ **အိတ်ဖွင့်တင်ဒါတင်သွင်းရန်** - ၁-၁၂-၂၀၁၄ ရက်မှ ၃၁-၁၂-၂၀၁၄ ရက်အထိ

၃။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - ကချင်ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန

၄။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အသေးစိတ်သိလိုပါက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး စိုက်/မွေးဝန်ကြီးဌာန ဖုန်း-၀၇၄-၂၉၅၁၄၊ ၀၇၄-၂၆၀၆၇ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## အမြန်ရောင်းမည်

ပေ (၂၀×၆၀) (ဂရန်/SP)

တစ်ထပ်သစ်သားအိမ်ပါ

ပြည်တော်ညွန့်လမ်း၊ ၅/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊

(ယမုံနာလမ်းမကြီးမှ ဒွဲဆင်းလမ်း)

(မိုးသီးဆေးခန်းနှင့် မျက်စောင်းထိုး)

(ကန်ထရိုက်တိုက်ဆောက်ရန် နေရာကောင်း)

**ကျပ်သိန်း ၁၃၅၀ တိတိ၊ ဖုန်း-၀၉-၇၃၅၀၀၅၈၈၊ ၀၉-၅၁၆၁၅၇၅**

## အမြန်ရောင်းမည်

ပေ(၂၀×၆၀) (ဂရန်မြေ)

ရတနာပုံ ၁၂ လမ်း၊ (၉)ရပ်ကွက်၊ သာကေတမြို့နယ်၊

(ကမာကြည်တံတားအဆင်း)၊ (လမ်းကြီးကျောကပ်လမ်း)

(ကန်ထရိုက်တိုက်ဆောက်ရန်နေရာကောင်း)

**ကျပ်သိန်း ၉၅၀ တိတိ၊**

**ဖုန်း-၀၉-၇၃၅၀၀၅၈၈၊ ၀၉-၅၁၆၁၅၇၅**

## အမြန်ရောင်းမည်

၁၈ပေ×ပေ၆၀ (မြေညီ)

2 Air-con, 1(MB), 1(Ph)၊ ခန်းပြည့်ကြွေပြားအပြည့်ခင်း၊

မီးဖိုချောင် ကြွေပြားအပြည့်ခင်း၊ နံရံကပ်ဗီရို၊ မီးဖိုခုံအပါအဝင်၊

မဟာဇေယျလမ်း၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊

**ကျပ်သိန်း ၁၄၀၀ တိတိ၊**

(ရေကျော်လမ်းမကြီးကျောကပ်)၊

မိမိအိမ်ရှေ့တွင် ကားရပ်ရန်နေရာရှိသည်။

**ဖုန်း-၀၉-၇၃၅၀၀၅၈၈၊ ၀၉-၅၁၆၁၅၇၅**

## ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄FG အိုးစု စက်မှုလက်မှု)၊ မြေကွက်အမှတ် ၃၂၊ ဧရိယာ ၀ဒသမ၁၅၈ဧကသည် နှစ် ၆၀ မြေငှားစာချုပ်ဖြစ်ပြီး အမည်ပေါက်မှာ ဒေါ်စန်းကြည်၊ ဒေါ်သီတာမြင့် ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား အရောင်းအဝယ်စာချုပ် (၆၅၉၁/၂၀၁၄) တင်ပြ၍ ဦးအန်ဂျန်နီကူရုံးမား ၉/မရမ(နိုင်)၀၇၇၄၉၉၊ ဒေါ်ရီတာဒေဗီ ၉/မရမ(နိုင်)၀၇၇၄၉၈ အမည်သို့ ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား (မူရင်း) အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြေတိုင်းဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆ဘီဘီ၁)၊ မြေကွက်အမှတ် (၈)၊ ဧရိယာ ၀ ဒသမ ၀၂၉ဧကရှိ အစိုးရမြေအား ဦးဘိုကြီး (အေအေ-၀၁၂၅၄၉) အမည်ဖြင့် မြေငှားစာချုပ် (အထူးဂရန်) ထုတ်ပေးမည်ဖြစ်ပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာ စာရွက်စာတမ်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ်(အထူးဂရန်)ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်**

**ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

**အကြောင်းကြားစာ**

**(တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**

**တောင်ကြီးခရိုင်တရားရုံးတော်၌**

**၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၃၉ နှင့်ဆက်သွယ်သည့်**

**၂၀၁၄ ခုနှစ် တရားမဇာရီမှုအမှတ်-၈၂**

ဒေါ်စန်းစန်းမြင့် နှင့် ဒေါ်ကြူကြူ

**ဒီကရီအနိုင်ရသူ** **တရားရှုံး**

တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်၊ အနော်ရထာလမ်း၊ အိမ်အမှတ်(၁၇/က)နေ ဒေါ်ကြူကြူ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၃၉တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်စန်းစန်းမြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၉ရက် (၁၃၇၆ခုနှစ် နတ်တော်လပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းကြွေ)**

**ခရိုင်တရားသူကြီး**

**တောင်ကြီးခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်ခင်မြ ၁၂/အလန(နိုင်)၀၂၀၄၃၇၊ ဒေါ်ထွေးရီ ၁၂/ဒဂန(နိုင်)၀၀၃၇၇၅ နှင့် ဒေါ်ခင်မြင့်မြင့်(ခ)ဒေါ်မြင့်မြင့်လှိုင် ၁၂/လသန(နိုင်) ၀၀၉၇၃၈ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေများသည် မိဘနှစ်ပါးသက်ရှိထင်ရှားရှိစဉ်က မိသားစုစီမံချက်ဖြင့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈ အေ၊ မြေကွက်အမှတ် ၄၆၊ ၄၈၊ ၄၈ အေ မြေပိုင်မြေ(Free Hold Land)မြေကွက်များကို ဝယ်ယူခဲ့ပါသည်။ မိဘများကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါ ကျွန်ုပ်တို့၏မိတ်ဆွေများသည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ဖော်ပြပါမြေကွက်များကို ပိုင်ဆိုင်လာပါသည်။ သို့သော် ယခုအခါ ဖော်ပြပါမြေကွက်များ၌ အခြားသူများက Car Showroom နှင့် ဆောက်လုပ်ရေးလုပ်ငန်းများလုပ်ဆောင်ရန် ဆောင်ရွက်နေကြောင်း ကျွန်ုပ်တို့၏မိတ်ဆွေများပြောကြားချက်အရ သိရှိရပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါမြေကွက်များနှင့်ပတ်သက်၍ သက်ဆိုင်ရာမှ တစ်ဆင့်ပြန်လည်ရရှိရန် ဆောင်ရွက်နေပြီဖြစ်သည်။ ထို့ကြောင့် ဖော်ပြပါမြေကွက်များအား ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ ဆောက်လုပ်ခြင်းတို့ကိုမပြုလုပ်ရန် အများသိစေရန်ကြေညာအပ်ပါသည်။ အဆိုပါမြေကွက်များနှင့်ပတ်သက်၍ တစ်ဦးတစ်ယောက်မှ လိုက်နာမှုမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်တင်စုဝေ LL.B,DBL,DML** **ဦးလင်းနိုင်မြင့် MBL,DBL,DML,DIL**

**အထက်တန်းရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**အမှတ် ၄၀၊ ဦးထွန်းလင်းခြံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း-၀၉-၄၃၀၃၀၃၅၇၊ ၀၉-၉၇၃၆၀၁၈၆၈**

## ဦးယုတင် (မိုးကောင်း)

**အသက်(၇၁)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ အမှတ်(၄၀)ဒုတိယထပ်နေ ဒေါ်လှထွေး၏ခင်ပွန်း၊ Capt.တင်မောင်ထွန်း(Uniteam Singapore)-ဒေါ်အိအိချို၊ ဦးတင်မင်းထွန်း(2nd Officer,Uniteam)-ဒေါ်မြင့်မြင့်ဌေး၊ ဦးအောင်စိုးမိုး-ဒေါ်လင်းလင်းမြင့်၊ ဒေါ်နန်းယုထွေး (Myanmar Carlsberg)၊ ဦးအောင်တင်မိုး(2nd Officer,Uniteam)-ဒေါ်ချစ်အိမွန်တို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၁-၁၂-၂၀၁၄ရက် (တနင်္လာနေ့)မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ပုလောမြို့နယ်အသင်း(ရန်ကုန်)

၁။ ၂၀၁၄ခုနှစ် နှစ်ပတ်လည်အစည်းအဝေး သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုချီးမြှင့်ပွဲအခမ်းအနားကို ၂၄-၁-၂၀၁၅ရက် (စနေနေ့)တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ နတ်မောက်လမ်း Royal Garden Restaurant ၌ ကျင်းပမည်ဖြစ်ပါသည်။

၂။ အသက်(၇၅)နှစ်နှင့်အထက် အသင်းဝင်များ၊ Ph.D ဘွဲ့ရရှိသူ အသင်းဝင်သားသမီးများ ၂၀၁၄ခုနှစ် တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့်အောင်မြင်ကြသည့် အသင်းဝင်သားသမီးများ သတ်မှတ်ပုံစံအထောက်အထားများဖြင့် ၁၀-၁၂-၂၀၁၄ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပါရန်။

**မုဒုံမြို့ အထက(၁) (ယခင်ရှင်အရဟံအထက်တန်းကျောင်း)**

## နဝမအကြိမ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

မွန်ပြည်နယ်၊ မုဒုံမြို့၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း(ယခင်ရှင်အရဟံအထက်တန်းကျောင်း)၏ နဝမအကြိမ် မြတ်ဆရာပူဇော်ပွဲအကြို ညစာစားပွဲကို ၃-၁-၂၀၁၅ရက် ညနေခင်းတွင် အထက(၁)ရှေ့မြက်ခင်းပြင်၌လည်းကောင်း၊ နဝမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ၄-၁-၂၀၁၅ရက် နံနက် ၁၀နာရီတွင် အထက(၁) ရှင်အရဟံခန်းမ၌လည်းကောင်း စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ အထက(၁) ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ပူဇော်ကြပါရန် မြတ်ဆရာပူဇော်ပွဲကျင်းပရေးကော်မတီက လေးစားစွာဖိတ်ကြားအပ်ပါသည်။

အလှူငွေ ဆက်သွယ်လှူဒါန်းနိုင်သော ဖုန်း-၀၅၇-၇၀၀၁၈၊ ၀၉-၄၂၅၂၆၂၈၉၈၊ ၀၉-၅၆၆၂၁၇၁ နှင့် ၀၉-၅၃၂၂၀၀၁ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

**ကျောင်းအုပ်ကြီး**

**အထက(၁) မုဒုံမြို့**

**မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

**တစ်လပြည့်ဆွမ်းကျွေး ဖိတ်ကြားခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာ**

## ဗိုလ်ကြီးအေးချို (ငြိမ်း)

**သူရဲကောင်းမှတ်တမ်းဝင်၊ ဒုညွှန်ကြားရေးမှူး(DWIR)၊ တဇ(၄)၊ ကဝမြို့**

**အသက်(၆၀)**

ကွယ်လွန်သူ ဗိုလ်ကြီးအေးချို(ငြိမ်း)အား ရည်စူး၍ ၅-၁၂-၂၀၁၄ရက် (သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့်၁၂နာရီအထိ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အောက်ပုဇွန်တောင်လမ်း၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝင်းနေအိမ်၌ တစ်လပြည့်ဆွမ်းကျွေးတရားနာမည်ဖြစ်ပါ၍ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဦးအောင်စိုး

LSG(Sky Chefs) Yangon International Air Port

**အသက်(၅၃)နှစ်**

အမှတ် ၄/၉၀၊ မြစ်ငယ်လမ်း၊ (၄)ရပ်ကွက်၊ ဝေဘာဂီမြို့သစ်နေ(ဦးအောင်မြတ်)-ဒေါ်ခင်တင့်တို့၏သား၊ ဒေါ်သစ်သစ်မော်၏ခင်ပွန်း၊ မဆွေဇင်လှိုင်၊ မအိသက်ခိုင်၊ မမျိုးပပသွင်တို့၏ဖခင်၊ ဦးကျော်ဇော၊ ဦးသန်းထွန်းအောင်-ဒေါ်သန္တာသူတို့၏ညီ၊ မမိမိနိုင်၊ မစိုးစိုးခိုင်(ES4E)၊ မမူမူမြိုင်တို့၏အစ်ကိုသည် ၁-၁၂-၂၀၁၄ရက်(တနင်္လာနေ့)နံနက် ၇း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) **ကျန်ရစ်သူမိသားစု**

# ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း လာအိုနိုင်ငံနှစ်ပတ်လည်သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင်ကျရောက်သော လာအိုပြည်သူ့ဒီမို ကရက်တစ်သမ္မတနိုင်ငံ တည်ထောင်သည့် (၃၉) နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

# ဒုတိယသမ္မတဦးညဏ်ထွန်း လာအိုနိုင်ငံနှစ်ပတ်လည်သဝဏ်လွှာပေးပို့

**နေပြည်တော် ဒီဇင်ဘာ ၂**

၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့တွင်ကျရောက်သော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတည်ထောင်သည့် (၃၉) နှစ်မြောက် နှစ်ပတ်လည်အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ဒုတိယသမ္မတ ဦးညဏ်ထွန်းထံမှ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဘွန်ညံဗိုရာချစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

## ယနေ့ မာတိကာ


ရေတွင်းတူးရာမှ ရှေးဟောင်းကြေးလက်ကောက်တစ်ကွင်း တွေ့ရှိ စာမျက်နှာ ➤ ၂

အင်အားပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် မော်ရိုကိုတွင် ရေကြီးမှုဖြစ်ပွားပြီး ၁၁ ဦး သေဆုံး စာမျက်နှာ ➤ ၄

မြန်မာနိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ဖြစ်သည့် အလံတင်အခမ်းအနားနှင့် ဗိုလ်ရှုသဘင် ဆောင်းပါး စာမျက်နှာ ➤ ၆

ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမား ဘယ်သူလဲ စာမျက်နှာ ➤ ၁၃


ကလေးဝ-ယာကြီးလမ်း ပွင့်လင်းရာသီဖြစ်သော်လည်း သွားလာမှုခက်ခဲ စာမျက်နှာ ➤ ၁၇

ချင်းပြည်နယ် ခရီးသွားလုပ်ငန်း အဆင့်မြှင့်တင်မည် စာမျက်နှာ ➤ ၁၈

ကျွန်းလှမြို့တွင် သီတဂူ စက္ခုဒါနဆေးရုံသစ် ဖွင့်လှစ်မည် စာမျက်နှာ ➤ ၁၉


# ဒီမိုကရေစီနိုင်ငံတော်သစ်ဖော်ဆောင်ရေးအတွက် ပညာရေးနှင့် လူသားရင်းမြစ်များ ဖွံ့ဖြိုးရေးသည် အကြီးမားဆုံးသော ရင်းနှီးမြှုပ်နှံမှုဖြစ်၊ နော်ဝေကကူညီပေးရန် အသင့်ရှိကြောင်း နော်ဝေဟာရယ်ဘုရင် မိန့်ခွန်းပြောကြား

**သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-ခင်လေးမြင့်အောင်**




သမိုင်းဝင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအတွင်း၌ ဒီဇင်ဘာ ၂ ရက် နံနက်ခင်း၏ အေးချမ်းငြိမ်သက်မှုနှင့်အတူ တက်ကြွဖျတ်လတ်သည့် တက္ကသိုလ်ကျောင်းသားများ၊ ပရဟိတစိတ်ဓာတ်ဖြင့် လုပသောလူ့ဘောင် ပေါ်ပေါက်လာရေး ကြိုးပမ်းနေကြသူ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် နယ်ပယ်ကဏ္ဍအသီးသီးမှ ဖိတ်ကြားခြင်းခံရသူများသည် မကြာမီ လာရောက်မိန့်ခွန်းပြောကြားမည့် နော်ဝေနိုင်ငံ၏ ပဉ္စမမြောက် ဟာရယ်ဘုရင်ကို စောင့်ကြိုနေကြသည်။

နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအတွင်း နော်ဝေဟာရယ်ဘုရင်က ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေး မိန့်ခွန်းပြောကြားပြီး မြန်မာနိုင်ငံမှ ပညာရေးဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီနှင့် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူတို့ကလည်း မြန်မာနိုင်ငံ၏ ပညာရေးနှင့် တိုးတက်မြင့်မားသော လူ့ဘောင်သစ် ဖော်ဆောင်နေမှုများကို ရှင်းလင်းပြောကြားကြသည်။

"မြန်မာနိုင်ငံက သစ်လွင်တဲ့ အနာဂတ်ကို တည်ဆောက်နေတယ်လို့ ထင်မြင်ပါတယ်။ အတိတ်ကာလတွေကို ကျော်လွှားပြီး ရည်မှန်းချက်ပန်းတိုင်ဆီသွားရာမှာ လူသားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် နော်ဝေနိုင်ငံက ကူညီသွားမှာဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ကာလကြာရှည်ဖြစ်ပွားခဲ့ဖူးတဲ့ စစ်ပွဲကြီးတွေကို ရဲရင့်တဲ့ပုဂ္ဂိုလ်များကသာ ကောင်းမွန်တဲ့ ဉာဏ်ပညာကို အသုံးချပြီး အဆုံးသတ်အောင် လုပ်နိုင်ခဲ့တယ်လို့ ကျွန်တော်ထင်တယ်။ ထိုနည်းတူစွာ မြန်မာနိုင်ငံမှာ များပြားလှတဲ့ လူငယ့်စွမ်းပကားကိုအခြေခံပြီး ရင်းနှီးမြှုပ်နှံကြမယ်ဆိုရင် မကြာခင်မှာ အနာဂတ်အတွက် တံခါးသစ်တွေ ပေါ်ထွက်လာမယ်" ဟု နော်ဝေနိုင်ငံ၏ ပဉ္စမဘုရင်မင်းမြတ် ဟာရယ်က မိန့်ခွန်းအတွင်း ထည့်သွင်းပြောကြားသည်။

နော်ဝေနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ယခုနှစ်တွင် နှစ် ၂၀၀ ပြည့်ခဲ့ပြီဖြစ်ပြီး လက်ခံသဘောတူ လိုက်နာကျင့်သုံးခဲ့ချိန် ၁၈၁၄ ခုနှစ်မှ ယနေ့ အထိ အကြိမ်ပေါင်း ၂၀၀

*စာမျက်နှာ ၅ ကော်လံ ၁* ✪

## ထူးခြားသည့် ညအပူချိန်များ

၂-၁၂-၂၀၁၄

| | | |
|---|---|---|
| လှိုင်လင်မြို့ | ၁ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်းမြို့ | ၂ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုးမြို့ | ၂ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန်မြို့ | ၅ | ဒီဂရီစင်တီဂရိတ် |
| ဟားခါးမြို့ | ၅ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင်မြို့ | ၅ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ်မြို့ | ၇ | ဒီဂရီစင်တီဂရိတ် |

# ယူနန်ဖိတ်ခေါ်ပြိုင်ပွဲ ရတနာပုံအသင်းယှဉ်ပြိုင်မည်

**သတင်း-ညီမြတ်သော်တာ ဓာတ်ပုံ-စိုးညွန့်**

**ရန်ကုန် ဒီဇင်ဘာ ၂**

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ယူနန်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို ယခုနှစ်တွင်လည်း ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံ ကိုယ်စားပြုအသင်းအဖြစ် ရတနာပုံအသင်း ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်သည်။ ရတနာပုံအသင်းသည် ၂၀၁၄ MNL အမှတ်ပေးချန်ပီယံအသင်း ဖြစ်ပြီး ၂၀၁၅ အတွက် အာရှချန်ပီယံလိဂ်ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိထားသည့် အသင်းလည်းဖြစ်သည်။

ယခု ၂၀၁၄ ယူနန်ဖိတ်ခေါ်ပြိုင်ပွဲကို ဒီဇင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်ကလပ်အသင်းနှစ်သင်းနှင့် အတူ အသင်းရှစ်သင်း ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို အာဆီယံဒေသတွင်းမှ အသင်းများလည်း

*စာမျက်နှာ ၉ ကော်လံ ၅* ❋




၂၀၁၄ MNL အမှတ်ပေး ချန်ပီယံ ရတနာပုံအသင်း။




Ph : 662107, 9669012, 0973028674, 02-77838, 053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905



မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာ ထုတ်ဝေသည်။

